# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၇၈)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်၊ တနင်္လာနေ့ အတွဲ (၆၂)၊ အမှတ် (၀၃၈)


## မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှု ကင်းစင်စွာဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ (၆၇) နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ မိဘပြည်သူ ညီအစ်ကို မောင်နှမများခင်ဗျာ**

ယနေ့ကျရောက်သည့် (၆၇) နှစ်မြောက် ကရင်ပြည်နယ်နေ့၏ နေ့ထူးနေ့မြတ်အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွားတိုင်းရင်းသား မိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး လိုအင်ဆန္ဒများ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ကရင်လူမျိုးတို့၏ နေ့ထူးနေ့မြတ်အခါသမယဖြစ်သော ကရင်ပြည်နယ်နေ့အခမ်းအနားကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် (၆၇) နှစ်မြောက် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ကရင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းတွင်တည်ရှိပြီး မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော ပြည်နယ်တစ်ခုဖြစ်ပါသည်။

ကရင်ပြည်နယ်သည် ဧရိယာစတုရန်းမိုင်ပေါင်း ၁၁,၇၃၀ ဒသမ ၉ မိုင် ကျယ်ဝန်းပြီး ခရိုင် (၄) ခရိုင်၊ မြို့နယ် (၇) မြို့နယ်ဖြင့် ဖွဲ့စည်းထားရာမှ ၂၀၂၂ ခုနှစ် ၊ ဧပြီလ ၃၀ ရက်နေ့တွင် ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် သံတောင်ကြီးမြို့နယ်တို့ကို ခရိုင်အဆင့်အဖြစ် တိုးမြှင့်ပေးခဲ့သည့်အတွက် ကရင်ပြည်နယ်တွင် ခရိုင်အဆင့် (၆) ခရိုင်ဖြင့် ဖွဲ့စည်းထားသော ပြည်နယ် တစ်ခုဖြစ်လာပြီ ဖြစ်ပါသည်။

ကရင်ပြည်နယ်သည် သဘာဝအလှတရားများဖြစ်သည့် သာယာလှပသော တောတောင်များ၊ လိုဏ်ဂူများ၊ မြစ်ချောင်းအင်းအိုင်၊ ရေတံခွန် စိမ့်စမ်းများ၊ ရိုးသားဖြူစင်သည့် ဒေသခံတိုင်းရင်းသားတို့၏

*စာမျက်နှာ ၃ ကော်လံ ၁*

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟိန္ဒူရိုးရာပွဲတော်များတွင် အထွတ်မြတ်ဆုံး ပွဲတော်တစ်ခုဖြစ်သည့် ဒီပါဝလီ မီးထွန်းပွဲတော်သို့ တက်ရောက်ချီးမြှင့်




နေပြည်တော် နိုဝင်ဘာ ၆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ သျှရီ မဟာလက်ချ်မီး မယ်တော်ကြီး ဘုရားကျောင်း၌ ကျင်းပပြုလုပ်သည့် ဟိန္ဒူရိုးရာ ပွဲတော်များတွင် အထွတ်မြတ်ဆုံး ပွဲတော်တစ်ခုဖြစ်သော ဒီပါဝလီမီးထွန်းပွဲတော်သို့ တက်ရောက်ချီးမြှင့်သည်။

*စာမျက်နှာ ၄ ကော်လံ ၁*

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟိန္ဒူရိုးရာ ဒီပါဝလီ မီးထွန်းပွဲတော်သို့ တက်ရောက် ချီးမြှင့်ခြင်းနှင့် ပတ်သက်၍ အမှာစကား ပြောကြားစဉ်။

# သာမညဖလသုတ်တော်မှ ရရှိနိုင်သည့် သတိသံဝေဂ

တန်ဆောင်မုန်းလသည် မိုးလေကင်းစင်၍ ရာသီဥတု သာယာကြည်လင်ကာ ညဥ့်ကောင်းကင်ယံတွင် နက္ခတ်ကြယ်တာရာတို့ စုံလင်စွာ ထွန်းပအေးမြလျက် စိတ်နှလုံး မွေ့လျော်ဖွယ်ရာ အခါသမယဖြစ်သည်။ မင်းစည်းစိမ်ကို ရယူလိုသော လောဘကြောင့် ဖခင်ကိုသတ်ခဲ့သည့် အပြစ်ကြီးကို ကျူးလွန်ခဲ့မိပြီး ထိုအပြစ်၏ ခြောက်လှန့်မှုကြောင့် စိတ်နှလုံးပူလောင်မှုနှင့် ထိတ်လန့်ကြောက်ရွံ့မှုတို့ကို ခံစားနေရသော အဇာတသတ်မင်းအား မြတ်စွာဘုရားက သာမညဖလ(ရဟန်းပြုခြင်း၏အကျိုး) တရားတော်ကို သာယာလှပသည့် တန်ဆောင်မုန်းလပြည့်ညတွင် ဟောကြားတော်မူခဲ့သည်။

"အရှင်မြတ်ဘုရား – လောကတွင် အတတ်ပညာရှင်တို့သည် မိမိတို့၏ အတတ်ပညာများဖြင့် လက်ငင်းမျက်မှောက် အကျိုးတရားတို့ကို ခံစားရရှိနိုင်ပါသည်။ ရဟန်းပြုသောသူများသည် ရဟန်းပြုခြင်းကြောင့် လက်ငင်းမျက်မှောက်အကျိုးတရားကို ခံစားရရှိနိုင်ပါသလားဘုရား" ဟူသော အဇာတသတ်မင်း၏ မေးခွန်းကို မြတ်စွာဘုရားရှင်က မင်းခစားကျွန်ယောကျ်ားသည်ပင် ဆံမုတ်ဆိတ်တို့ကိုပယ်ကာ ဖန်ရည်ဆိုးသောသင်္ကန်းကို ဝတ်ဆင်၍ ရဟန်းအဖြစ်သို့ ကူးပြောင်းပြီးနောက် ကိုယ်၊ နှုတ်၊ စိတ်တို့ကို ထိန်းသိမ်းပြီး တရားဓမ္မဖြင့် နေထိုင်သည့်အခါ တွင် အရှင်သခင်ဖြစ်သူကပင် လျှင် အရိုအသေ၊ အလေးအမြတ် ပြုရကြောင်း၊ မင်းတိုင်းကြေး အခွန် စသည်တို့မှလည်း ကင်းလွတ်ခွင့်ရကြောင်း၊ ထို့ထက်ပို၍ သာလွန်မြင့်မြတ်သော အကျိုးအဖြစ် သီလ၊ သမာဓိ၊ ပညာတို့နှင့် ပြည့်စုံစေကာ ဈာန်တရားနှင့် မဂ်ဖိုလ်တို့ကို ရရှိနိုင်ကြောင်း အကျယ်တဝင့် ဟောကြားတော်မူခဲ့သည်။

ရဟန်းပြုရခြင်းကြောင့် လက်ငင်းမျက်မှောက်ရရှိနိုင်သော အကျိုးတရားကို မြတ်စွာဘုရားရှင်ထံမှ နာကြားရပြီးနောက် အဇာတသတ်မင်းသည် ဗုဒ္ဓသာသနာတော်ကို သက်ဝင်ယုံကြည်သူတစ်ဦးဖြစ်လာသည်။ ဖခင် ဗိမ္ဗိသာရမင်းကြီးကို သတ်မိသည့် ပဉ္စာနန္တရိယကံထိုက်သော အပြစ်ကြီးကို ဝန်ချတောင်းပန်ပြီး ဘုရား၊ တရား၊ သံဃာရတနာသုံးပါးတို့ကို အကြည်ညိုဆုံးသော ပုဂ္ဂိုလ်တစ်ဦးအဖြစ်ဖြင့် အပြစ်များကို ကုစားခဲ့သည်။ ပထမသံဃာယနာတင် ဒါယကာအဖြစ် ခံယူခဲ့ခြင်း၊ မြတ်စွာဘုရား၏ ဓာတ်တော်များကို စုဆောင်းကာ ဓာတ်တော်တိုက်ကြီး တည်ခဲ့ခြင်းနှင့် ဗုဒ္ဓသာသနာတော်နှစ်သတ်မှတ်ခြင်းဟူသော သာသနာပြုလုပ်ငန်းကြီး သုံးရပ်ကို ပြုလုပ်သွားခဲ့သည်။

သာမညဖလသုတ်သည် ဒီဃနိကာယ် သီလက္ခန္ဓဝဂ္ဂပါဠိတော်၌လာရှိပြီး ဗုဒ္ဓဘုရားရှင်နှင့် ခေတ်ပြိုင်တည်ရှိခဲ့သော တိတ္ထိဂိုဏ်းကြီး ခြောက်ဂိုဏ်း၏ အတွေးအခေါ်များကိုလည်းကောင်း၊ ရဟန်းသံဃာများ၏ အကျင့်သီလများကိုလည်းကောင်း လေ့လာနိုင်သည်။ ဒေဝဒတ်ကဲ့သို့သော ပုဂ္ဂိုလ်ကို ဆရာတင်မှားခဲ့မိ၍ အတွေးအခေါ်၊ အကျင့်အကြံတို့ မှားယွင်းကာ တိုင်းပြည်ကို မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်ခဲ့ပြီး မိမိအပေါ်တွင်လည်း အတိုင်းမသိ ချစ်မြတ်နိုးခဲ့သည့် ဖခမည်းတော်ဘုရင်ကြီးကို သတ်ဖြတ်ခဲ့သည်အထိ မှားယွင်းခဲ့သည့် အဇာတသတ်မင်း၏ နောင်တပူပန်မှုနှင့် အပြစ်ကို ဝန်ချတောင်းပန်မှုတို့မှာလည်း သံဝေဂရဖွယ်၊ သင်ခန်းစာယူဖွယ်တို့ပင်ဖြစ်သည်။ အမှားကို အမှားမှန်းသိချိန်တွင် အမှန်သို့ ပြောင်းကာ အပြစ်တို့ကို ကုစားခြင်းအားဖြင့် လမ်းမှန်ပေါ်သို့ ပြန်လည်ရောက်ရှိလာနိုင်ကြောင်းနှင့် သံသရာတွင်လည်း အကောင်းဘက်သို့ ပြန်လည်ရောက်ရှိနိုင်ကြောင်းကို သာမညဖလသုတ်က ပြဆိုထားသည်မှာလည်း ပုထုဇဉ်လူသားအားလုံးအတွက် သတိပြုဖွယ်ပင်ဖြစ်ပါကြောင်း။ ။

## ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် တိုးချဲ့ဓမ္မရင်ပြင်တော်ကြီး၌ (၃၈) ကြိမ်မြောက် မသိုးရှေကြာသင်္ကန်းယှဉ်ပြိုင်ရက်ခတ် ဆက်ကပ်ပူဇော်ပွဲ ဖွင့်ပွဲကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၆**

ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် တိုးချဲ့ဓမ္မရင်ပြင်တော်ကြီး၌ (၃၈) ကြိမ်မြောက် မသိုးရှေကြာသင်္ကန်း ယှဉ်ပြိုင်ရက်ခတ် ဆက်ကပ်ပူဇော်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားကာ ကျိုက်ဒေးအပ်စေတီတော် အလှည့်ကျသဘာပတိက စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်တိုးချဲ့ဓမ္မရင်ပြင်တော်ကြီး၌ (၃၈) ကြိမ်မြောက် မသိုးရှေကြာသင်္ကန်း ယှဉ်ပြိုင်ရက်ခတ် ဆက်ကပ်ပူဇော်ပွဲဖွင့်ပွဲကို ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်၍ (၃၈) ကြိမ်မြောက် မသိုးရှေကြာသင်္ကန်းရက်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ (အပေါ်ပုံ) **သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် (၃၃)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားတက်ရောက်

**မန္တလေး နိုဝင်ဘာ ၆**

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား (၃၃) ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကို မဟာမုနိဘုရားကြီး ရင်ပြင်တော် မိုးကောင်းဓမ္မာရုံမဏ္ဍပ်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တိုင်းဒေသကြီး လွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့သည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ရင်ပြင်တော်တွင် ကျင်းပသည့် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ခြင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** မသိုးမြတ်သင်္ကန်းတော်အတွက် ဗိုင်းငင်ဝါဖတ်မှစ၍ ရက်ကန်းစင်တော်များဖြင့် အဆင့်ဆင့် ရက်လုပ်လှူဒါန်းပူဇော်နေမှုတို့ကို လိုက်လံကြည့်ရှု အားပေးကာ ရက်ကန်းပညာရှင်၊ စက်ချုပ်ပညာရှင်၊ လုပ်အားဒါနပြုအဖွဲ့တို့ကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မသိုးမြတ်သင်္ကန်းတော် ရက်လုပ်ပူဇော်ခြင်းအား ဗုဒ္ဓမြတ်ရှင်တော်လက်ထက် ဘိက္ခုနီသာသနာတော်ခေတ်၊ မိထွေးတော်ဂေါတမီအား အကြောင်းပြု၍ ခွင့်ပြုတော်မူခဲ့သော ရှေးဟောင်းအမွေအနှစ် ကာလဒါနကိုဖော်ထုတ်ခြင်း၊ ကျေးလက်ယဉ်ကျေးမှုအနုပညာကို ပြသဖော်ထုတ်ခြင်းစသော ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး ရက်လုပ်လှူဒါန်း ပူဇော်ရာတွင် ရေကြည်ပေါက်ကျေးရွာ၊ အုန်းတောကျေးရွာ၊ အင်းလေးဒေသ၊ ကိုးလုံးတကာ စသည့်ရက်ကန်းပညာရှင်အဖွဲ့နှင့် ကိုးလုံးတကာ စက်ချုပ် ပညာရှင်အဖွဲ့တို့မှ လုပ်အားဒါနပြုကာ ညတွင်းချင်း ရက်လုပ်၍ တန်ဆောင်မုန်းလပြည့်နေ့ နံနက်ပိုင်းတွင် မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား ပူဇော်သွားမည်ဖြစ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် မဟာမုနိဘုရားကြီး ပိဋကတ်တော်ပြတိုက် အဆင့်မြင့်ပြုပြင်ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးစဉ် ဘုရားကြီးဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးလင်းက အဆောက်အအုံပြင်ဆင်ပြီးစီးမှု လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များ မှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေး ကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက် မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည် / နိုင်ငံသား စိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေး ပြီး၊ ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏ အမည် / နိုင်ငံသားစိစစ်ရေး ကတ်အမှတ်တို့ မှန်မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) အတွက် ***601#** ၊ Atom အတွက် ***979*3*3#**၊ Ooredoo အတွက် ***666#** ၊ Mytel အတွက် ***966#** သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင် မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

**❑ ယနေ့အချိန်ကာလသည် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်သော တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးဖော်ဆောင်နေသည့် အချိန်အခါဖြစ်ရာ ယခုကဲ့သို့သော ထူးမြတ်သည့် ကရင်ပြည်နယ်နေ့ အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

**❑ ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး၏ အားကြိုးမာန်တက်စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်မှုများသည် ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ဖြစ်ပေါ်စေပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် စွမ်းအားတစ်ရပ်အဖြစ် ဖြစ်တည်လျက်ရှိ**

○ ရှေ့ဖုံးမှ

ချစ်ခင်နှစ်သက်ဖွယ် ဓလေ့ထုံးတမ်းအစဉ်အလာများ၊ မြတ်နိုးဖွယ်ရာ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များဖြင့် ပြည့်စုံကြွယ်ဝသည့် ဒေသတစ်ခုဖြစ်သည်နှင့်အညီ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းများ၊ ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်းများကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်သော အခင်းအကျင်းနှင့် ပြည့်စုံသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။

မြေပေါ်မြေအောက်နှင့် ရေသယံဇာတများ ပြည့်ဝပေါကြွယ်ခြင်းကြောင့်လည်း ဒေသခံတိုင်းရင်းသားပြည်သူအများစု၏ လူမှုစီးပွားဘဝ အဆင်ပြေကြသည်ကို တွေ့ရပြီး ကရင်တိုင်းရင်းသားတို့၏ ရွှင်မြူးတက်ကြွဖွယ် ကရင်ဒုံးယိမ်းအကနှင့် ဖားစည်သံတို့သည် ပြည်တွင်း၌သာမက ပြည်ပကပါ နှစ်သက်မြတ်နိုးဖွယ်ရာ ရိုးရာဓလေ့တစ်ခု ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် လူမှုရေး၊ စီးပွားရေးလုပ်ငန်းများအပေါ် ကရင်ပြည်နယ်အပါအဝင် တခြား တိုင်းဒေသကြီး / ပြည်နယ်များရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိပါသည်။ ထို့အတူ မြန်မာနိုင်ငံ၏ စီးပွားရေး ပြန်လည်ဦးမော့စေရေး စီမံချက်ကို ရေးဆွဲပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အထိ (၅) နှစ် စီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါစီမံချက်တွင် နိုင်ငံတော်စီးပွားရေးအတွက် အရေးပါသည့် ဥပဒေမူဘောင် ခိုင်မာကောင်းမွန်စေရေး၊ ဘဏ္ဍာရေးဆိုင်ရာ ပြန်လည်ကောင်းမွန်လာစေရေးလုပ်ငန်းများ၊ ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေမည့် လုပ်ငန်းစဉ်များ၊ ပို့ဆောင်ရေးလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများအပြင် နိုင်ငံတော်၏ ဦးစားပေး စီးပွားရေးကဏ္ဍများဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေမည့် အစီအမံများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် လိုက်လျောညီထွေသည့် နည်းပညာ၊ ကုန်ထုတ်လုပ်မှုနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်တိုးတက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲစေမည့် အစီအမံများကို ထည့်သွင်းရေးဆွဲပြီး အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကို မောင်နှမအပေါင်းတို့ ခင်ဗျာ**

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်အစိုးရ တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး အိမ်စောင့်အစိုးရဖွဲ့စည်းကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ အခြေခံမူများဖြစ်သော ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် ( ၉ )ရပ်တို့ကို ချမှတ်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ဖြစ်ထွန်းရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာကတည်းကပင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် အေးအတူပူအမျှ စုပေါင်းနေထိုင်လျက်ရှိပြီး တိုင်းရင်းသားများ၏ ရိုးရာအမွေအနှစ်များ၊ စာပေ၊ သဘင်၊ ဂီတအနုပညာများသည် နှစ်ပေါင်းထောင်ချီဖြစ်တည်ခဲ့ကြပါသည်။ ထိုသို့တိုင်းရင်းသားများ ချစ်ခင်ရင်းနှီးစွာ နေထိုင်လာခဲ့ကြသော်ငြား ကိုလိုနီနယ်ချဲ့လက်အောက် ကျရောက်ချိန်တွင် သွေးခွဲအုပ်ချုပ်မှုများကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း စည်းလုံးညီညွတ်မှု ပျက်ယွင်းကာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ကြပါသည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားညီနောင်များအားလုံး တန်းတူခံစားနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်နိုင်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ တစ်နိုင်ငံလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေမည့် ကဏ္ဍအားလုံးကို ကရင်ပြည်နယ်အပါအဝင် ဒေသအသီးသီးတွင် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့သော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသော၊ နိုင်ငံတော်အစိုးရကို ဆန့်ကျင်လျက်ရှိသော အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုများ၏ အန္တရာယ်ကိုလည်း တွန်းလှန်ချေမှုန်းလျက်ရှိရာ တိုင်းရင်းသားပြည်သူများက ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အလေးထားတိုက်တွန်းအပ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကို မောင်နှမအပေါင်းတို့ ခင်ဗျာ**

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရေး ယန္တရားဖြစ်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီသည် သက်ဆိုင်ရာဆွေးနွေးဖက်အဖွဲ့အစည်းများနှင့် အလွတ်သဘော တွေ့ဆုံမှုများ၊ Virtual တွေ့ဆုံဆွေးနွေးမှုများနှင့် တရားဝင်တွေ့ဆုံမှုများပြုလုပ်ပြီး မပြတ်ထိတွေ့ဆက်ဆံလျက်ရှိရာ မိမိတို့ အစိုးရတာဝန်ယူချိန် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဒီဇင်ဘာလအထိ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၁၆) ကြိမ်၊ NCA လက်မှတ်ရေးထိုးခြင်းမပြုသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၉) ကြိမ် တွေ့ဆုံခဲ့ပြီး NCA လမ်းကြောင်း အတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်မှုနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။ ယခုနှစ်တွင်လည်း နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်- ငြိမ်းချမ်းရေးကောင်စီ(KNU/KNLA-PC) ၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) တို့နှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲများကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့အထိ သုံးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောထားများကို အတည်ပြု လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ထို့ပြင် NCA စာချုပ်ပါ အချက်အလက်များကို အမြဲလေးစားရမည့်အပြင် မေ့ပျောက်၍လည်းမရပေ။ NCA စာချုပ်သည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ အဆိုပြုချက်များနှင့်အညီ သက်ဆိုင်သူအားလုံး သဘောတူရေးဆွဲထားသည်ဖြစ်၍ ၎င်းလမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသည်သာလျှင် မိမိတို့အားလုံး မျှော်လင့်ထားသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နောင်လာမည့် မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းသော အမွေအနှစ်တစ်ခုကို ချန်ထားရစ်ရန်လိုအပ်သကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းများကို လျင်မြန်စွာလုပ်ဆောင်ရန်လည်း လိုအပ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ထာဝရငြိမ်းချမ်းရေးကို အလေးအနက်ထား အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းကြောင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် လက်မှတ်ရေးထိုးထားခြင်း မရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် တိုင်းပြည်အကျိုးစီးပွားကို ရှေးရှု၍ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ အမြန်ဆုံးလျှောက်လှမ်းကြရမည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှု ကင်းစင်စွာဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံအကျိုးစီးပွားကို မလိုလားဘဲ ငြိမ်းချမ်းရေးကို ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်နေကြသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို အထူးသတိပြုကြရန် တိုက်တွန်းလိုပါသည်။

ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ဟန်ချက်ညီညီ လက်တွဲဆောင်ရွက်ပြီး အားလုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ အမျိုးသားပြန်လည်သင့်မြတ်မှုတို့ ခိုင်မာအောင် တည်ဆောက်နိုင်သည်နှင့်အမျှ အေးချမ်းသာယာသည့် ပြည်ထောင်စုကြီးကို တိုင်းရင်းသားပြည်သူများ၏အားဖြင့် တည်ဆောက်နိုင်မည် ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှု၊ တိုင်းရင်းသားပြည်သူလူထုနှင့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ ခံယူချက် ပြည့်ဝမှုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များ ရရှိခံစားနေကြရပြီဖြစ်ပါသည်။ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာစေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကို မောင်နှမအပေါင်းတို့ ခင်ဗျာ**

၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်သည် အရေးပါသောနှစ်များဖြစ်သည့်အတွက် ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် စိန်ရတုပြည်ထောင်စုနေ့အဖြစ် နေပြည်တော်တွင် စည်ကားသိုက်မြိုက်စွာကျင်းပဆောင်ရွက်ခဲ့ပါသည်။ လာမည့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့သည်လည်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်သည့်အတွက် ၇၅ နှစ် တာကြာခဲ့ပြီဖြစ်သည့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေရန်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်းအသီးအပွင့်များနှင့် ပြည့်စုံစေရန် အရေးကြီးသည့်အတွက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကိုလည်း ခမ်းနားထည်ဝါစွာကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ယနေ့အချိန်ကာလသည် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်သော တစ်နိုင်ငံလုံးငြိမ်းချမ်းရေးဖော်ဆောင်နေသည့် အချိန်အခါဖြစ်ရာ ယခုကဲ့သို့သောထူးမြတ်သည့် ကရင်ပြည်နယ်နေ့ အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံး၏ အားကြိုးမာန်တက်စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်မှုများသည် ဒေသအတွင်းတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ဖြစ်ပေါ်စေပြီး နိုင်ငံတော် တည်ဆောက်ရေးအတွက် စွမ်းအားတစ်ရပ်အဖြစ် ဖြစ်တည်လျက်ရှိပါသည်။

ထို့ကြောင့် အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက် ကြိုးပမ်းစွမ်းဆောင်နိုင်သူများဖြစ်ကြပါစေ၊ ပြည်နယ်သူ၊ ပြည်နယ်သားများ၏ အကျိုး၊ နိုင်ငံအကျိုး၊ နိုင်ငံသားအကျိုး သယ်ပိုးနိုင်သူများဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း (၆၇) နှစ်မြောက် ကရင်ပြည်နယ်နေ့ သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

*✳ ရှေ့ဖုံးမှ*

အဆိုပါ အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Listopadov Nikolai Alexandrovich၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ ဘာသာပေါင်းစုံချစ်ကြည်ရေး အဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးစိန်သန်းနှင့် တာဝန်ရှိသူများ၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းဥက္ကဋ္ဌ ဦးရဲထွန်းနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးအဖွဲ့ ဗဟိုအကျိုးတော်ဆောင်၊ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများနှင့် ကုန်သည်လုပ်ငန်းရှင်ကြီးများ၊ ဟိန္ဒူမျိုးနွယ်စုများ၊ ဟိန္ဒူရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

**ဟိန္ဒူရိုးရာအစဉ်အလာနှင့်အညီ ပူဇော်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဟိန္ဒူ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟာဗောဓိညောင်ပင်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ကပ်လှူပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်ဇနီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး တို့က ဒီပါဝလီ အထိမ်းအမှတ် ဆီမီးထွန်းညှိပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်ဇနီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး၊ ဟိန္ဒူရိုးရာ ဒီပါဝလီ ပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်နိုင် တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ရိုးရာ ဒီပါဝလီပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရားကျောင်းအတွင်းရှိ မဟာဗောဓိညောင်ပင်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ကပ်လှူပူဇော်သည်။ ထို့နောက် သျှရီမဟာလက်ချ်မီး မယ်တော်ကြီးရုပ်တုအား ဟိန္ဒူရိုးရာအစဉ်အလာနှင့်အညီ ပူဇော်ကြသည်။

**ပိုးပဝါခြုံထည်ဖြင့် ဂုဏ်ပြု**

ဆက်လက်ပြီး အခမ်းအနားအစီအစဉ်အရ ဟိန္ဒူရိုးရာအစဉ်အလာများနှင့်အညီ ပူဇော်ကန်တော့ခြင်းများ ဆောင်ရွက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးတို့အား ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်က ဟိန္ဒူရိုးရာထုံးတမ်းစဉ်လာများအရ ရိုးရာပန်းကုံးစွပ်၍ ပိုးပဝါခြုံထည်ဖြင့် ဂုဏ်ပြုသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်ဇနီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး၊ ဟိန္ဒူရိုးရာ ဒီပါဝလီပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်နိုင် တို့က ဒီပါဝလီအထိမ်းအမှတ် ဆီမီးထွန်းညှိပေးကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်က ပွဲတော်ကျင်းပပြုလုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဟိန္ဒူရိုးရာ ဒီပါဝလီမီးထွန်းပွဲတော်သို့ တက်ရောက် ချီးမြှင့်ခြင်းနှင့် ပတ်သက်၍ ပြောကြားရာတွင် ဒီပါဝလီပွဲတော်ကျင်းပရာ ကာလအနေအားဖြင့် မြန်မာ့ရိုးရာ ရာသီခွင်နှင့်အညီ သီတင်းကျွတ်လကွယ်နေ့ကို သတ်မှတ်ထားသည်ကို သိရှိရပါကြောင်း၊ ဒီပါဝလီပွဲတော်သည် ဟိန္ဒူဘာသာဝင်များ အထွတ်အမြတ်ထားသည့် ပွဲတော်ဖြစ်ပြီး ဘာသာရေး၊ ဓမ္မရေးပွဲတော်ဖြစ်သကဲ့သို့ အမျိုးသားရေးပွဲတော်လည်းဖြစ်သည်ကို သိရှိရပါကြောင်း၊ ဒီပါဝလီပွဲတော်သည် **"ကဏှ"** ဟုခေါ်သည့် မကောင်းမှုအင်အားစုကို **"ကလျာဏ"** ဟုခေါ်သည့် ကောင်းမှုအင်အားစုက အနိုင်ရပြီး **"အဝိဇ္ဇာ"** တည်းဟူသော အသိဉာဏ်ကင်းမဲ့မှုအမှောင်ထုကို ပယ်ခွင်း၍ **"ဝိဇ္ဇာ"** တည်းဟူသော အသိဉာဏ်အလင်းကို ဆောင်နိုင်ခြင်း၊ **"အဓမ္မ"**ဟူသည့် မှားယွင်းသည့် သဘောတရားများကို **"ဓမ္မ"** ဟူသည့် သစ္စာတရားက အနိုင်ယူလိုက်ခြင်းတို့၏ အထိမ်းအမှတ်ဖြစ်သည်ကို သိရှိရပါကြောင်း။

**ဒီပါဝလီပွဲတော်ကို စတင်**

ထို့အပြင် ဒီပါဝလီဟူသည့် စကားလုံး အသုံးအနှုန်းသည် **"ဒီပ"** နှင့် **"အာဝလိ"** ဟူသော ပါဠိဘာသာစကားနှစ်ခုကို ပေါင်းစပ်ထားခြင်းဖြစ်ပြီး အဓိပ္ပာယ်အားဖြင့် ဆီမီးအလင်းရောင်များ တန်းစီလျက် အဆန်းတကြယ် အသွယ်သွယ် စီခြယ်ထွန်းညှိ ပူဇော်ခြင်းဟု အဓိပ္ပာယ်ရသည်ကို လေ့လာမှတ်သားရပါကြောင်း၊ ဒီပါဝလီပွဲတော်၏ နောက်ခံသမိုင်းကြောင်းအနေဖြင့် ရာမမင်းမြတ်သည် ရာဝဏဟုခေါ်သည့် ဒဿဂီရိမင်းအား နှိမ်နင်းပြီးနောက် စစ်ပွဲမှန်သမျှ မည်သည့်အခါမှ အရှုံးမရှိသည့် အယုဒ္ဓယနေပြည်တော်သို့ ပြန်လည်ဝင်ရောက်လာသည့် အချိန်အခါသမယသည် သီတင်းကျွတ် လကွယ်မှောင်မိုက်နေသော ညအချိန်အခါဖြစ်၍ ဆီမီးများထွန်းညှိကာ ရာမမင်းမြတ်ကို ဆီမီးအလင်းရောင်ဖြင့် ကြိုဆိုပူဇော်ကြရာမှ ဒီပါဝလီပွဲတော်ကို စတင်ခဲ့သည်ဟု လေ့လာသိရှိရပါကြောင်း။

**ဆီမီးထွန်းပွဲတော်ကျင်းပမှု တူညီနေ**

သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလအတွင်း၌ မြန်မာဗုဒ္ဓဘာသာဝင်တို့၏ မီးထွန်းပွဲတော်နှင့် ဟိန္ဒူဘာသာဝင်တို့၏ နက္ခတ်သဘင် ဆီမီးထွန်းညှိပူဇော်မှု အစဉ်အလာများသည် အဖြစ်အပျက် အကြောင်းခံရည်ရွယ်ချက် မတူညီကြသော်လည်း ဆီမီးထွန်းပွဲတော်ကျင်းပမှု တူညီနေသည်ကို တွေ့ရှိနိုင်ပါကြောင်း။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

မိမိတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေ အခန်း (၈)၊ ပုဒ်မ-၃၆၂ တွင် **"နိုင်ငံတော်သည် ခရစ်ယာန် ဘာသာ သာသနာ၊ အစ္စလာမ်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို ကိုးကွယ်ရာဘာသာ သာသနာများ"** ဟူ၍ အသိ အမှတ်ပြု ပြဋ္ဌာန်းထားပါကြောင်း၊ ထို့အပြင် ပုဒ်မ-၃၆၃ တွင်လည်း **"နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘာသာသာသနာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်ရမည်"** ဟုလည်း ထပ်မံပြဋ္ဌာန်းထားပါကြောင်း။

**တတ်နိုင်သမျှ ကူညီစောင့်ရှောက်ပေးလျက်ရှိ**

ထို့ကြောင့် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အဓိက ဘာသာကြီး လေးဘာသာရှိသည့်အနက် ဘာသာ အသီးသီးတို့၏ ဘာသာရေးအခမ်းအနားများ ဆောင်ရွက်ကြရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သည့် အကူအညီအထောက်အပံ့များ ပေးအပ်လျက်ရှိသကဲ့သို့ ဆိုင်ရာဆိုင်ရာ အခမ်းအနားများကိုလည်း နိုင်ငံတော်အကြီးအကဲများနှင့် ပြည်ထောင်စုဝန်ကြီးများက တက်ရောက်၍ အားပေးချီးမြှင့်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ယုံကြည်ကိုးကွယ်မှု ဘာသာတရားနှင့်ပတ်သက်ပြီး လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်ကြပါကြောင်း၊ ဟိန္ဒူဘာသာသာသနာ အပါအဝင် အခြားဘာသာကြီးများကို နိုင်ငံတော်က အသိအမှတ်ပြုပြီး တတ်နိုင်သမျှ ကူညီစောင့်ရှောက်ပေးလျက်ရှိသည့်အတွက် ဘာသာဝင်တိုင်းသည် မိမိတို့ကိုးကွယ်ရာ ဘာသာတရားအလျောက် ကျင်းပကြသည့် ဘာသာရေးပွဲတော်များကို အနှစ်သာရရှိရှိ ကျင်းပပြုလုပ်နိုင်ခြင်းသည် ကောင်းမြတ်သည့် အစဉ်အလာဖြစ်ပါကြောင်း။

**ဘာသာကြီးလေးခု၏ ချစ်ကြည်ညီညွတ်မှုကို ဝိုင်းဝန်းကူညီ**

မြန်မာနိုင်ငံတွင် ဘာသာကြီးလေးခုမှ စိတ်သဘောထားတူညီသူများ စုစည်းကြပြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကို ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်တွင် အမြဲတမ်းအဖြစ် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည်ကို သိရှိရပါကြောင်း၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအတွက် အခြေခံမူလေးချက်ဖြစ်သည့် ဘာသာပေါင်းစုံမှ ဘာသာဝင်အချင်းချင်း အပြန်အလှန် လေးစားပြီး အတူတကွ အေးချမ်းစွာနေထိုင်သွားကြရန်၊ ဘာသာရေး၊ လူမှုရေး၊ ပဋိပက္ခများကြောင့် ဒုက္ခရောက်နေသူများကို ကူညီစောင့်ရှောက်ကြရန်၊ ဘာသာရေးနှင့်ဆက်နွှယ်သည့် နစ်နာမှုများရှိလာပါက ဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးရန် စသည့် ကောင်းမြတ်သည့် အခြေခံမူများချမှတ်ပြီး ဆောင်ရွက်နေကြသည်ဟု သိရှိရပါကြောင်း၊ ဟိန္ဒူဘာသာဝင်များအနေဖြင့် အဆိုပါကောင်းမြတ်သည့် အခြေခံမူများနှင့်အညီ ဘာသာကြီးလေးခု၏ ချစ်ကြည်ညီညွတ်မှုကို ဝိုင်းဝန်းကူညီပြီး ဆက်လက်အကောင်အထည်ဖော်ကြစေလိုကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟိန္ဒူရိုးရာယဉ်ကျေးမှုအဖွဲ့များအား အမှတ်တရ ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။

**ဘာသာတရားအဆုံးအမများကို ခံယူ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား အချင်းချင်း၊ လူမျိုးအချင်းချင်း မတူကွဲပြားသည့် ဘာသာဝင်များ အချင်းချင်း၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသည့် ဗြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ထားပြီး မိမိတို့ကိုးကွယ်ဆည်းကပ်ရာ ဘာသာတရား အဆုံးအမများကို ခံယူကြလျက် အစွန်းနှစ်ဖက်ကို ရှောင်ရှားပြီး မိမိတို့ အမိနိုင်ငံတော်ကြီး၏ အကျိုးစီးပွားကို ထမ်းဆောင်နိုင်ကြပါစေကြောင်း။

မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် ဟိန္ဒူဘာသာဝင်တို့၏ ဒီပါဝလီပွဲတော်ကာလ ဆီမီးထွန်းညှိပူဇော်ခြင်းကို အခြေခံပြီး လူသားအချင်းချင်း အပြန်အလှန် ချစ်ခင်ရင်းနှီးခြင်း မေတ္တာတရား၊ အပြန်အလှန် သည်းခံခွင့်လွှတ်ခြင်း အဟိံသတရား၊ သနားကြင်နာခြင်း ကရုဏာတရား စသည့် ဓမ္မအလင်းတန်းများ ဖြန့်ကြက်ဝေဖြာနိုင်ပါစေကြောင်း၊ ဘာသာဝင်အသီးသီး၊ ဘာသာဝင်အချင်းချင်း တစ်ဦးနှင့် တစ်ဦး မေတ္တာအလင်းရောင် လင်းလက်ကူးယှက်ကြပြီး မိမိတို့ မှီတင်းနေထိုင်ရာ မြန်မာနိုင်ငံတော်၏ အကျိုးစီးပွားကို ရှေးရှုကြလျက် ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်၍ စည်းလုံးညီညာစွာ ကြိုးပွားရာကြိုးပွားကြောင်း၊ တိုးတက်ရာ တိုးတက်ကြောင်းတို့ကို သစ္စာရှိရှိ တာဝန်သိသိဖြင့် တိုးမြှင့်ထမ်းဆောင်နိုင်ကြပါစေကြောင်းဖြင့် ဆန္ဒပြု ဆုမွန်ကောင်းစကား ပြောကြားသည်။

**အရေးကြီးသည့် ပွဲတော်တစ်ခုဖြစ်**

ဆက်လက်ပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးတို့က အမှတ်တရစကား ပြောကြားရာတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက ယခုကဲ့သို့ ဟိန္ဒူရိုးရာ ဒီပါဝလီပွဲတော်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အပါအဝင် နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ ကိုယ်တိုင်လာရောက်ချီးမြှင့်ပေးသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် ပွဲတော်ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ခဲ့ကြသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး ဘာသာတရား၊ ယဉ်ကျေးမှုနှင့် ကိုးကွယ်မှုများ အခြေခံအားဖြင့် တူညီမှုရှိကြောင်း၊ ထို့ပြင် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများ အချင်းချင်းကောင်းမွန်သည့် ဆက်ဆံရေးများ ရှိကြကာ ပိုမိုတိုးမြှင့်ခိုင်မာစေရေး ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးက ဒီပါဝလီပွဲတော်သည် ဟိန္ဒူလူမျိုးများအတွက် အရေးကြီးသည့် ပွဲတော်တစ်ခုဖြစ်ပြီး ယခုကဲ့သို့ တက်ရောက်ခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ရှိ ဘာသာဝင်များအားလုံး ငြိမ်းငြိမ်းချမ်းချမ်းရှိကြရန် မေတ္တာပို့သပါကြောင်း၊ ပွဲတော်အထိမ်းအမှတ် ဂုဏ်ပြုသည့်စကားအနေဖြင့် **"ချစ်စကိုရှည်စေ၊ မုန်းစကိုတိုစေ"** ဟု ပြောကြားလိုကြောင်းနှင့် ကြွရောက်လာကြသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်းဖြင့် လည်းကောင်း မြန်မာဘာသာစကားဖြင့် ပြောကြားသည်။ ထို့နောက် ပွဲတော်ကျင်းပရေးကော်မတီမှ သနန္တနဓမ္မပါလကအဖွဲ့ချုပ် သာသနာပြုဆရာတော် ဒေါက်တာ လှထွန်း က ဟိန္ဒူဘာသာရေး ဆိုင်ရာများအား ရှင်းလင်းပြောကြားပြီး ဘာသာပေါင်းစုံအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် နေထိုင်ကြကာ အားလုံး ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းစကား ပြောကြားသည်။

**ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများအား ဟိန္ဒူရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ ဖျော်ဖြေမှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဟိန္ဒူရိုးရာယဉ်ကျေးမှုအဖွဲ့များအား အမှတ်တရ ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ (၆၇) နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကရင်ရိုးရာယဉ်ကျေးမှုဒုံးအကပြိုင်ပွဲ ကြည့်ရှုအားပေး

**ဘားအံ နိုဝင်ဘာ ၆**

(၆၇) နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ကရင်ရိုးရာယဉ်ကျေးမှုဒုံးအကပြိုင်ပွဲကို ယမန်နေ့ ညပိုင်းတွင် ဘားအံမြို့ ဒုံးယိမ်းကွင်း၌ စတင်ကျင်းပသည်။

အဆိုပါ အကပြိုင်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်နှင့် စောဒန်နီရယ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဦးမင်းသိန်းဇံ၊ ဒေါက်တာသက်သက်ခိုင်၊ ဦးစောထွန်းအောင်မြင့်နှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးတို့ တက်ရောက် ကြည့်ရှုအားပေးကြသည်။ (ဓါတ်ပုံ)






ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများက ပြိုင်ပွဲဝင်ဒုံးအဖွဲ့ပေါင်း ၂၀ အတွက် တစ်ဖွဲ့လျှင် ငွေကျပ်တစ်သိန်းနှုန်းစီဖြင့် ငွေကျပ် သိန်း ၂၀ ကိုလည်းကောင်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

(၆၇) နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ဒုံးအကပြိုင်ပွဲသို့ ပြည်နယ်အတွင်းရှိ မြို့နယ်ကိုယ်စားပြု ဒုံးအဖွဲ့များ၊ တိုက်နယ်ကျေးရွာကိုယ်စားပြုဒုံးအဖွဲ့များ စုစုပေါင်း ဒုံးအဖွဲ့ ၂၀ က နိုဝင်ဘာ ၅ ရက်မှ ၉ ရက် အထိ တစ်ညလျှင် ၁၀ ဒုံးနှုန်းခန့်ဖြင့် ယှဉ်ပြိုင်ကပြဖျော်ဖြေသွားကြမည်ဖြစ်ကြောင်း၊ နိုဝင်ဘာ ၁၀ ရက်တွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ သံလွင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်၊ တန်ဆောင်တိုင်မီးပုံးပျံလွှတ်တင်ပွဲအခမ်းအနား တက်ရောက်အားပေး



**ဘားအံ နိုဝင်ဘာ ၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ ဖြစ်ကြသည့် မန်းငြိမ်းမောင်နှင့် စောဒန်နီရယ်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဦးမင်းသိန်း၏၊ ဒေါက်တာသက်သက်ခိုင်၊ ဦးစောထွန်းအောင်မြင့်နှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တို့သည် ယနေ့ နံနက် ၇ နာရီခွဲတွင် ဘားအံမြို့နယ် တရုတ်လုကျေးရွာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၌ ကျင်းပသည့် သံလွင်မြစ်အတွင်း ငါးမျိုးများ စိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

**ငါးလွှတ်ပွဲ ခုနစ်ကြိမ် ဆောင်ရွက်**

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်အတွင်းရှိ ဘားအံငါးလုပ်ငန်းစခန်းနှင့် ကျုံဒိုးငါးလုပ်ငန်းစခန်းများမှ နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၁၂ သိန်းကို ထုတ်လုပ်ပြီး သဘာဝမြစ်ချောင်းများနှင့် ဆည်/ရေလှောင်တမံများအတွင်းသို့ ငါးမျိုးစိုက်ထည့်သွားရန် လျာထားဆောင်ရွက်ခဲ့ရာ ငါးလွှတ်ပွဲ ခုနစ်ကြိမ်ဆောင်ရွက်ခဲ့ပြီး နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ဆယ်သိန်း ငါးသောင်းကို ငါးမျိုးစိုက်ထည့်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ယနေ့ ကျင်းပသည့် ငါးလွှတ်ပွဲတွင် ငါးသားပေါက်ကောင်ရေ တစ်သိန်း ငါးသောင်းကျော်ကို ငါးမျိုးစိုက်ထည့်ပေးသွားမည်ဖြစ်သည့်အတွက် ယခုနှစ်လုပ်ငန်းရာသီနှစ်အတွက် စီမံကိန်းလျာထားချက်အပေါ် ရာနှုန်းပြည့်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း ပြောကြားသည်။

**ငါးမျိုးစိုက်ထည့်ပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ တရုတ်လုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများက ဘားအံငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ တစ်သိန်းနှင့် ကျုံဒိုးငါးလုပ်ငန်းစခန်းမှ ငါးခုံးမကြီးကောင်ရေ ငါးသောင်းကို သံလွင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးကြသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီး များသည် ဘားအံမြို့ အမှတ်(၃)ရပ်ကွက် မြို့မဘောလုံးကွင်း၌ ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပွဲအခမ်းအနားသို့ တက်ရောက်၍ မီးပုံးပျံလွှတ်တင်မှုများကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

**ဖားစည်သံများ ပျံ့လွင့်**

မီးပုံးပျံလွှတ်တင်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက တန်ဆောင်မုန်းလပြည့်နေ့နှင့် (၆၇) နှစ်မြောက် ကရင်ပြည်နယ်နေ့သည် ထူးခြားစွာတိုက်ဆိုင်နေပြီး တန်ဆောင်တိုင်ပွဲတော်ကာလတွင် ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူတို့၏ ရိုးရာယဉ်ကျေးမှု ဒုံးအကများနှင့် ဖားစည်သံများ ပျံ့လွင့်နေမည်ဖြစ်ကြောင်း၊ မီးပုံးပျံလွှတ်တင်ပွဲတော်သည် မြတ်စွာဘုရားအား သဒ္ဓါထက်သန်စွာဖြင့် ကြည်ညိုပူဇော်ခြင်းနှင့် ကရင်တိုင်းရင်းသားတို့၏ ချစ်စရာရိုးရာယဉ်ကျေးမှု အစဉ်အလာများ ပေါင်းယှက်ပြီး တိုင်းရင်းသားအားလုံး၏ ရိုးသားဖြူစင်ပွင့်လင်းသည့် စိတ်နေသဘောထားများကို ဖော်ပြ၍ ပေါင်းစည်းညီညွတ်မှုနှင့်တကွ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး အနှစ်သာရကို ဖော်ဆောင်နိုင်ရေး ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က တန်ဆောင်တိုင်မီးပုံးပျံလွှတ်တင်ပွဲ မီးပုံးပျံများ စတင်လွှတ်တင်နိုင်ပြီဖြစ်ကြောင်း မင်္ဂလာရွှေမောင်း သုံးကြိမ်တီး၍ အသိပေးကြေညာပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများက မီးပုံးပျံလွှတ်တင်နေမှုကို ကြည့်ရှုအားပေးကြသည်။

**ဂုဏ်ပြုဆုငွေများ ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် မန်းငြိမ်းမောင်နှင့် စောဒန်နီရယ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က မီးပုံးပျံများ လွှတ်တင်ခဲ့ကြသော ဌာနဆိုင်ရာ ၁၁ ဌာနကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကာ ကရင်ရိုးရာယဉ်ကျေးမှု ဒုံးအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များသည် ဘားအံမြို့ ကျိုက်သရေဆောင် ရွှေယဉ်မျှော်ပြည်တော်ဇ စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အောင်ချမ်းသာ မဟာမြတ်မုနိရုပ်ပွားတော်၌ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြကာ ရွှေယဉ်မျှော် ပြည်တော်ဇစေတီတော်ဂေါပကအဖွဲ့ နာယကထံ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများသည် ရွှေယဉ်မျှော် ပြည်တော်ဇစေတီတော် ပရိဝုဏ်အတွင်းရှိ မဟာဗောဓိညောင်ပင်၊ ဖားနဂါးရုပ်တုနှင့် နောင်တော်ကြီး စေတီတော်တို့အား ကြည့်ရှုလေ့လာဖူးမြော်ခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်နှင့် ပြည်ထောင်စုဝန်ကြီးများသည် ချမ်းသာကြီးမြတ်စွာဘုရားရင်ပြင်၌ ကျောက်ကလပ်ကျောင်း ဆရာတော် ဘဒ္ဒန္တဝိမလအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မ အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြသည်။

**ဖူးမြော်ကြည်ညို**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များနှင့် ပြည်ထောင်စု ဝန်ကြီးများသည် ကျောက်ကလပ် ဘေးမဲ့ကန်တော်မင်္ဂလာအတွင်း ငါးစာများ ကျွေး၍ ကျောက်ကလပ်စေတီတော်အား ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ Far Eastern Federal University ၌ ကျင်းပမည့် ဆေးပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ဆွေးနွေးပွဲအစီအစဉ်သို့ မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ တက်ရောက်မည်

**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံတော်ဝန်ကြီးချုပ်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးစဉ်အတွင်း တွေ့ဆုံဆွေးနွေးမှုအရ ရုရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ရှိ Far Eastern Federal University ၌ နိုဝင်ဘာ ၉ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့် ဆေးပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ဆွေးနွေးပွဲအစီအစဉ်သို့ တက်ရောက်ရန် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်း ဦးဆောင်သောကိုယ်စားလှယ် ငါးဦးအဖွဲ့သည် ယနေ့တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးစဉ်အမှတ်၊ 8M-333 ဖြင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှတစ်ဆင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသည်။



**ဆွေးနွေးညှိနှိုင်းကြမည်**

အဆိုပါ ဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ရှိ Far Eastern Federal University တို့အကြား ဆေးပညာရပ်ဆိုင်ရာ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆေးဘက်ဆိုင်ရာ ခွဲစိတ်ကုသမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် လေ့ကျင့်သင်တန်းပေးခြင်းများအတွက် နှစ်ဦးနှစ်ဖက်နားလည်မှုစာချွန်လွှာ (MOU) လက်မှတ်ရေးထိုးနိုင်ရေး ကိစ္စရပ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် နှလုံးခွဲစိတ်ကုသမှုသင်တန်းများ၊ အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေကုသရေးသင်တန်းများ၊ ကလေးခွဲစိတ် ကုသမှုသင်တန်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ ဆေးပညာရှင်များ စေလွှတ်သင်ကြားနိုင်ရေး၊ ဝန်ကြီးဌာနရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာရပ်သင်ကြားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆေးပညာရပ်ဆိုင်ရာ ခွဲစိတ်ကုသမှုနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ပြီး နှစ်နိုင်ငံဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုကျယ်ပြန့်နက်ရှိုင်းစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ကရင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၃ ရက် မွန်းလွဲပိုင်းက ဘားအံမြို့ရှိ ကရင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်၊ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာပြီး ထူးချွန်ထက်မြက်သော နိုင်ငံသားကောင်း၊ သမီးကောင်းများဖြစ်စေရေး အလေးထားပြုစုပျိုးထောင်ပေးသွားရန်နှင့် ဝန်ထမ်းရေးရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးမှာကြားပြီး ရုံးဝင်းအတွင်းကြည့်ရှုစစ်ဆေးသည်။



### ကြည့်ရှုစစ်ဆေး

နိုဝင်ဘာ ၄ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဘားအံမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းခန်းမဆောင်၊ လက်တွေ့အလုပ်ရုံများ၊ အိပ်ဆောင်များနှင့် စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းမှာကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကရင်ပြည်နယ် ဦးစီးမှူးရုံးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဘားအံမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများသို့ ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးမွေးမြူရေးနှင့် သက်သာချောင်ချိရေးကိစ္စရပ်များကို ရှင်းလင်းမှာကြားသည်။

### အားကစားပစ္စည်းများ ထောက်ပံ့

ယမန်နေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း သင်တန်းခန်းမ၌ နယ်စပ်ရေးရာဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းသူများ၊ ကျောင်းသားများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး(ဝဲပုံ) ထောက်ပံ့ငွေများ၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ၊ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ၊ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ သင်တန်းကျောင်းဝင်းအတွင်း သင်တန်းသူများ လက်တွေ့လေ့ကျင့်ဆောင်ရွက်နေမှု၊ စာကြည့်တိုက်၊ သင်တန်းသူအိပ်ဆောင်၊ စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးသည်။

### လိုအပ်သည်များ မှာကြား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဘားအံမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသားအိပ်ဆောင်၊ စားရိပ်သာ၊ စာကြည့်တိုက်နှင့် 100 KVA ထရန်စဖော်မာ ဓာတ်အားခွဲရုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦး ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ အမှတ် (၁) ရေနံချက်စက်ရုံ (သန်လျင်) သို့ သွားရောက်စစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၆**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးသည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်) သို့ သွားရောက်စစ်ဆေးသည်။

ရောက်ရှိစဉ် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)ရှိ ရေနံချက် စက်ရုံအမှတ် (၁) နှင့် (၇)၊ ကတ္တရာစက်ရုံနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ကို လည်းကောင်း၊ စက်သုံးဆီသိုလှောင်ကန်များနှင့် စက်ဆီ/ချောဆီ တင်ချဆိပ်ခံတံတားတို့ကို လည်းကောင်း၊ စက်ဆီရောစပ်စည်သွတ်စက်ရုံကို လည်းကောင်း၊ သုတေသနနှင့် အမျိုးအစားစစ်ဆေးရေးဌာနရှိ ဓာတ်ခွဲခန်းနှင့် ဓာတ်ခွဲခန်းအတွင်း စက်သုံးဆီအမျိုးမျိုးတို့၏ အရည်အသွေး စစ်ဆေးနေမှုကို လည်းကောင်း၊ တစ်သျှူးငှက်ပျောစိုက်ပျိုးရန် လျာထားမြေနေရာ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ကိုယ်လက်ကြံ့ခိုင်ရေးအတွက် အားကစား လေ့ကျင့်ရာနေရာနှင့် အားကစား လုပ်ဆောင်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးအား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စက်ရုံမှူးတို့က စက်ရုံအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် စက်သုံးဆီအမျိုးမျိုးကို ပြည်တွင်း၌ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး မူဝါဒများချမှတ် ဆောင်ရွက်လျက်ရှိသော အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး စက်ရုံလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို အထူးဂရုပြုကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦး ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ အမှတ် (၁) ရေနံချက်စက်ရုံ (သန်လျင်) အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

# လက်ပံတန်းမြို့၌ မွေးမြူရေးတိရစ္ဆာန်အစာများ ထောက်ပံ့ပေး

**လက်ပံတန်း နိုဝင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မွေးမြူရေး ကုန်ထုတ်လုပ်မှု တိုးတက်စေရေးအတွက် တိရစ္ဆာန်အစာ (အစာနု)များကို မြို့နယ်အတွင်းရှိ နို့စားနွားနှင့် အသားစားနွား မွေးမြူသူများကို ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေး ခန်းမ၌ ပြုလုပ်သည်။




ရောက်ရှိစဉ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းလှိုင်က မြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အလေးထားဆောင်ရွက်ရန် အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာစိုးမိုးဝင်းက တိရစ္ဆာန်အစာများ ထောက်ပံ့ပေးခြင်းနှင့် စပ်လျဉ်း၍ နို့နှင့်နို့ထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေး ဆွေးနွေးမှာကြားပြီးနောက် တက်ရောက်လာသော နွားမွေးမြူသူ ခုနစ်ဦးအား အစာအိတ် ၁၆ အိတ် ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများစုပေါင်း၍ အငြိမ်းစားဝန်ထမ်းများအား သက်ကြီးပူဇော်ကန်တော့

**တပ်ကုန်း နိုဝင်ဘာ ၆**

ပြည်ထောင်စုနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများစုပေါင်း၍ အငြိမ်းစားဝန်ထမ်းများအား သက်ကြီးပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၅ ရက်က အဆိုပါရုံး၌ ကျင်းပရာ အငြိမ်းစားဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

ရောက်ရှိစဉ် ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် အငြိမ်းစားဝန်ထမ်း ၁၂ ဦးအား ကန်တော့ခံပစ္စည်းများဖြင့် ကန်တော့ကြကြောင်း သိရသည်။

**တင်ထွန်းတာ (တပ်ကုန်း)**

## တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**နေပြည်တော် နိုဝင်ဘာ ၆**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# (၁၉)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၆

လာအိုနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် (၁၉)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး (19th ASEAN Air Chiefs Conference – 19th AACC) သို့ တက်ရောက်ခဲ့သော ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တပ်မတော် အရာရှိကြီးများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လားရှိုးမြို့၌ ပြည်သူ့ဥယျာဉ်တော်ကြီး ဖွင့်လှစ်



လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်ကြီး၏ ပရိဝုဏ်အတွင်းရှိ ပြည်သူ့ဥယျာဉ်တော်ကြီးကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ၊ မြို့မိမြို့ဖများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၆

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်ကြီး၏ ပရိဝုဏ်အတွင်းရှိ ပြည်သူ့ဥယျာဉ်တော်ကြီးဖွင့်ပွဲကို နိုဝင်ဘာ ၄ ရက်က အဆိုပါစေတီတော်ကြီး၌ ကျင်းပရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ၊ မြို့မိမြို့ဖများနှင့်အတူ ရန်တိုင်းအောင် ပြည်သူ့ဥယျာဉ်တော်ကြီးမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်စာတိုင်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းသည်။

ထို့နောက် တိုင်းမှူးက ပန်းပွားအကအဖွဲ့များနှင့် ဘင်ခရာအဖွဲ့တို့ကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပြီး အဆိုပါဥယျာဉ်အတွင်းရှိ ရှုခင်းများ၊ ဌာနဆိုင်ရာများ၊ စတုဒိသာမဏ္ဍပ်များနှင့် ဖျော်ဖြေပွဲများကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် နိုဝင်ဘာ ၆

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၆ ရက်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၇၉၉၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၁၁၀၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ နိုဝင်ဘာ ၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၃၃၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့မှ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများဆက်ကပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၆

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ မြို့ဦးတိုက်သစ်သံလမ်းကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မဟာစကြာ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ဓမ္မစေတီထေရဝါဒပရိယတ္တိစာသင်တိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ဓမ္မာလင်္ကာရကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ ကျောက်ကုန်းကျောင်းကြီးကျောင်းတိုက်နှင့် ရွှေပြည်သာမြို့နယ်ရှိ ရွှေပြည်သာပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ယန်းကုန်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီး တံခွန်မြို့နယ်ရှိ ဧရာဝတီပရဟိတ ဟင်္သာတရွှေကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်ရှိ မဟာဝိသုဒ္ဓါရုံစာသင်တိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ဥသျှစ်ကုန်းကျောင်းတိုက်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်ရှိ မဟာပုဗ္ဗာရုံကံဦးကျောင်းတိုက်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်ရှိ သာသနာ့အေးကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၆

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ပါလီပါလဲ့ကျွန်း၊ ဟိုင်းကြီးကျွန်း အပါအဝင် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသည့် နယ်လှည့်အထူးကုဆေးအဖွဲ့များ ပါဝင်သည့် တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ကိုကိုးကျွန်းရှိ ဒေသခံပြည်သူ ၂၂၉ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှု ဆိုင်ရာရောဂါ ၇၁ ဦး၊ ခွဲစိတ်ရောဂါ ၂၉ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၃၃ ဦး၊ ကလေးရောဂါ ၂၄ ဦး၊ အရိုးရောဂါ ၁၆ ဦး၊ နား/ နှာခေါင်း/လည်ချောင်းရောဂါ ၁၁ ဦး၊ မျက်စိရောဂါ ၃၂ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၃ ဦး စုစုပေါင်း ၂၂၉ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့အပြင် ဓာတ်မှန်ရိုက်လူနာ ၁၁ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၀၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၃၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၂ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပဲခူးတိုင်းဒေသကြီးအတွင်း MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး Talk Show စကားဝိုင်းဆွေးနွေးပွဲ၊ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်များ ကျင်းပ

ပဲခူး နိုဝင်ဘာ ၆

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်ကျင်းပပေးသည့် MSMEs ဒေသထုတ်ကုန်စည်ပြပွဲ၊ ဈေးရောင်းပွဲနှင့် Talk Show စကားဝိုင်းများ ကျင်းပပေးခြင်းဖြင့် MSMEs စီးပွားရေးလုပ်ငန်းရှင်များ၏ အားသာချက်၊ အားနည်းချက်၊ အခက်အခဲများကို သိရှိပြီး လိုအပ်သည့်ပံ့ပိုးမှုများ ကူညီဆောင်ရွက်ပေးနိုင်ရန်ဖြစ်ကြောင်း၊ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက ပြည်သူများ၏ အလုပ်အကိုင်၊ အခွင့်အလမ်း၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း က ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ MSME Agency က ဦးဆောင်၍ ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့တော်ခန်းမ၌ ကျင်းပသည့် ပဲခူးတိုင်းဒေသကြီးအတွင်း MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး Talk Show စကားဝိုင်းဆွေးနွေးပွဲ၊ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်များ ကျင်းပခြင်း အခမ်းအနားတွင် ထိုသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က MSMEs ပြပွဲများနှင့် Talk Show စကားဝိုင်း ဆွေးနွေးပွဲများမှတစ်ဆင့် မိမိတို့ဒေသ၏ သဘာဝအရင်းအမြစ် ပေါကြွယ်ဝမှု၊ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ပြသနိုင်မည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီး၏ ကောင်းမွန်သော ရေမြေသဘာဝကို အသုံးချ၍ ဒေသတွင်းလုပ်ငန်းများအချင်းချင်း ချိတ်ဆက်ခြင်း၊ တီထွင်ဆန်းသစ်ခြင်း၊ အရည်အသွေးကောင်းမွန်သော အရသာနှင့် ခေတ်မီသောထုပ်ပိုးမှုစနစ်များဖြင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် လုပ်ငန်းများဖြစ်လာစေရေး ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဦးတင်ဦးက တိုင်းဒေသကြီးအတွင်း MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး Talk Show စကားဝိုင်း ဆွေးနွေးပွဲ၊ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်များ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့် MSMEs ထုတ်ကုန်များ၊ ခေတ်မီထုပ်ပိုးမှုစက်များကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဦးတင်ဦး ဦးဆောင်၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန SME ဌာနမှူး၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးဌာနမှူးနှင့် တာဝန်ရှိသူတို့က တိုင်းဒေသကြီးအတွင်း MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး Talk Show စကားဝိုင်းဆွေးနွေးကြရာ တိုင်းဒေသကြီးအတွင်းရှိ MSMEs စီးပွားရေးလုပ်ငန်းရှင်များ၏ သိရှိလိုသော မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပဲခူးမြို့ ရွှေမော်ဓောဘုရား အနောက်ဘက်မုခ် ယာဉ်ရပ်နားဝင်းအတွင်း ကျင်းပသည့် MSMEs ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး**(အပေါ်ပုံ)** ပြပွဲအတွင်း ခင်းကျင်းပြသထားသည့် MSMEs ဒေသထွက်ကုန် အရောင်းပြခန်း ၁၅၂ ခန်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

သာယာပျော်ရွှင်ခြင်း) (မြန်မာအဓိပ္ပာယ်အပြည့်အစုံမှာ–တိုင်းပြည်က ချစ်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြောပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ) ဆင်ဖြူတော်လေး အပါအဝင် အခြား ဆင်ဖြူတော်များနှင့် အဖော်ဆင်များအား သဒ္ဒါကြည်ဖြူစွာ အစာလာရောက် ကျွေးမွေးကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရွှေစည်းခုံစွယ်တော်မြတ်စေတီကြီး၏ (၉၆၃) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်တွင် ပင့်သံဃာ ၇၅၇ ပါးအား ဆွမ်းသပိတ်လုံးများ ဆက်ကပ်လှူဒါန်းသွားမည်

ညောင်ဦး နိုဝင်ဘာ ၆

မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရွှေစည်းခုံစွယ်တော်မြတ်စေတီကြီး၏ (၉၆၃) ကြိမ်မြောက် တန်ဆောင်တိုင် ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းတွင် မြို့ပေါ်ရှိ ပင့်သံဃာ ၇၅၇ ပါးအား စေတီတော်ကြီး၏ အင်္ဂါထောင့်မဏ္ဍပ်တွင် ဆွမ်းသပိတ်လုံးများ ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဒေသခံပြည်သူများအနေဖြင့် နှစ်စဉ်နှစ်တိုင်း အစဉ်အလာမပျက် ကျင်းပသည့် ရွှေစည်းခုံစွယ်တော်မြတ်စေတီတော်ကြီးအား ဆွမ်းသပိတ်လုံးများ ကုသိုလ်ပြုပါဝင်လှူဒါန်းနိုင်ရေး နိုဝင်ဘာ ၇ ရက် တန်ဆောင်မုန်းလပြည့်နေ့ နံနက်တွင် ဆွမ်းသပိတ်လုံးများကို စေတီတော်ကြီး၏ အင်္ဂါထောင့်မဏ္ဍပ်သို့ လာရောက်လှူဒါန်းပေးကြရန် အသိပေးနှိုးဆော်ထားရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၁၁-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၁၅ | ၂၁၆၀ | ၂၁၅၅ | ၂၁၂၀ | ၂၁၆၀ | ၂၁၈၀ | ၂၁၆၅ | ၂၁၄၅ | ၂၂၄၀ | ၂၂၅၅ | ၂၁၅၀ | ၂၁၆၀ | ၂၁၉၅ | ၂၁၉၅ | ၂၂၀၀ | ၂၄၂၀ | ၂၉၂၀ |
| 95 Ron | ၂၂၃၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၄၀ | ၂၂၇၅ | ၂၂၉၅ | ၂၂၈၅ | ၂၂၆၀ | ၂၃၅၅ | ၂၃၇၀ | ၂၂၆၅ | ၂၂၈၅ | ၂၃၁၀ | ၂၃၁၀ | ၂၃၁၅ | ၂၅၃၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၆၅၀ | ၂၆၉၅ | ၂၆၉၀ | ၂၆၅၅ | ၂၆၉၅ | ၂၇၁၅ | ၂၇၁၀ | ၂၆၈၀ | ၂၇၉၅ | ၂၇၉၀ | ၂၆၈၅ | ၂၆၉၅ | ၂၇၃၀ | ၂၇၃၀ | ၂၇၃၅ | ၂၉၅၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၇၂၀ | ၂၇၇၀ | ၂၇၆၅ | ၂၇၃၀ | ၂၇၆၅ | ၂၇၉၀ | ၂၇၈၅ | ၂၇၅၅ | ၂၈၇၀ | ၂၈၆၅ | ၂၇၆၀ | ၂၇၇၀ | ၂၈၀၅ | ၂၈၀၅ | ၂၈၀၅ | ၃၀၂၅ | ၃၆၇၀ |
| HSD (10 ppm) | ၂၇၂၀ | ၂၇၇၀ | ၂၇၆၅ | ၂၇၃၀ | ၂၇၆၅ | ၂၇၉၀ | ၂၇၈၅ | ၂၇၅၅ | ၂၈၇၀ | ၂၈၆၅ | ၂၇၆၀ | ၂၇၇၀ | ၂၈၀၅ | ၂၈၀၅ | ၂၈၀၅ | ၃၀၂၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၁၃ | ၂၀၈၆ |
| 95 Ron | ၂၁၂၅ | ၂၂၀၁ |
| HSD (500 ppm) | ၂၅၃၁ | ၂၆၁၂ |
| HSD (50 ppm) | ၂၆၀၃ | ၂၆၈၄ |
| HSD (10 ppm) | ၂၆၀၃ | ၂၆၈၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–


၀၆၇– ၄၀၉၈၈၁၊ ၀၉–၆၉၉၆၁၁၁၁၆


၀၆၇– ၄၁၁၂၉၊ ၀၉–၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# လုမ္ဗိနီက မြန်မာတို့၏ အလှူဒါနများ

မောင်သံမြိုင်မြီး





လုမ္ဗိနီမှ ရွှေတိဂုံစေတီတော်ပုံတူ လောကမဏိစူဠာစေတီတော်နှင့် သာသနိက အဆောက်အအုံများ။

*(ယမန်နေ့မှအဆက်)*

## လုမ္ဗိနီနှင့်ကျွန်တော်

၁၉၉၁ ခုနှစ် ဧပြီလတွင် နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ကျွန်တော့်ကို ခန့်အပ်ခဲ့ပါသည်။ ထိုစဉ်က အမေရိကန်နိုင်ငံဆိုင်ရာ သံရုံးယာယီတာဝန်ခံ/ သံမှူးအဖြစ် ဝါရှင်တန်၌ တာဝန်ထမ်းဆောင်နေချိန် ဖြစ်ပါသည်။ ယခင် သံအမတ်ကြီး အငြိမ်းစားယူသွားပြီးနောက် သံအမတ်ကြီးတစ်ဦး အဆိုပြုခဲ့ရာ သဘောတူညီချက်မပေးသဖြင့် ကျွန်တော်က သံရုံးယာယီတာဝန်ခံ သံမှူးအဖြစ် ၁၀ လခန့် တာဝန်ထမ်းဆောင်နေချိန် ဖြစ်ပါသည်။ နောက်သံအမတ်အတွက် သဘောတူညီချက်ရပြီး ၁၉၉၁ ခုနှစ် ဩဂုတ်လတွင် ဝါရှင်တန်မှ ထွက်ခွာခွင့်ရရှိခဲ့ပါသည်။ မြန်မာနိုင်ငံသို့ ပြန်လာပြီး ထိုစဉ်က နိုင်ငံအကြီးအကဲနှင့် ဝန်ကြီးများအား ဂါရဝပြု ညွှန်ကြားချက်ခံယူရပါသည်။ ၁၉၉၁ ခုနှစ် အောက်တိုဘာလမှာ နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တော်သို့ ရောက်ရှိပြီး နီပေါဘုရင် ဘီရင်ဒရာ (ယခု နတ်ရွာစံပြီး)ထံ သံအမတ်ခန့်အပ်လွှာ ပေးနိုင်ခဲ့ပါသည်။

**❁ ကျွန်တော်ကလည်း လုမ္ဗိနီတွင် ရှိသင့်သည့် သာသနိကအဆောက်အအုံ၊ အရွယ်အစားနှင့် ဦးရေကို ကြိုတင်တွက်ဆထားပြီးဖြစ်၍ မီတာ ၁၂၀ ပတ်လည် မြေကွက်တစ်ကွက်နှင့် မီတာ ၆၀ ပတ်လည် မြေကွက်နှစ်ကွက် ရယူလိုပါကြောင်း၊ မယ်တော်မာယာဒေဝီ ဗိမာန်တည်ရှိရာ “မြင့်မြတ်သော ဥယျာဉ်ဇုန်” နှင့် အနီးဆုံး၊ ထိပ်ဆုံးမှ မြေကွက်နှစ်ကွက်ရယူလိုကြောင်း တင်ပြရာ ဂေါပကအဖွဲ့က သဘောတူပါကြောင်း၊ မြန်မာနိုင်ငံအတွက် သတ်မှတ်ထားမည်ဖြစ်ကြောင်း ကတိပြုခဲ့ပါသည်။ ယင်းမြေကွက်များပေါ်တွင် မြန်မာဗိသုကာလက်ရာဖြင့် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော် ပုံတူစေတီတော် တစ်ဆူ၊ (ဉာဏ်တော်အမြင့် သတ်မှတ်ချက်ရှိပါသည်) ဘုန်းတော်ကြီးကျောင်း၊ ဓမ္မသဘင်ခန်းမ ဇရပ်တစ်ခု၊ သိမ် တစ်ခု၊ ဘုရားဖူးများ တည်းခိုရန် အဆောက်ကြီးတစ်ခု ဆောက်လုပ်ရန် ရည်ရွယ်ထားကြောင်း အသိပေးပြောကြားခဲ့ပါသည်**

နီပေါနိုင်ငံသို့ မသွားရောက်သေးမီ အချိန်ကာလအတွင်း နိုင်ငံအတွင်းရှိ စာအုပ်စာတမ်းများ ရှာဖွေဖတ်ရှုခဲ့ပါသည်။ လုမ္ဗိနီအကြောင်း မြန်မာဘာသာဖြင့် ရေးသားမှုနည်းပါးပြီး အင်္ဂလိပ်ဘာသာဖြင့် နိုင်ငံအကြောင်း၊ သမိုင်းအကြောင်း အနည်းငယ်ဖော်ပြထားသည်။ ခရီးသွားလမ်းညွှန်စာအုပ်အချို့တွင် လုမ္ဗိနီအကြောင်း ထင်ထင်ရှားရှား ရေးသားမှုမရှိခဲ့ပါ။ သို့ရာတွင် စာကြည့်တိုက်အချို့မှ တန်ဖိုးရှိ စာအုပ်တစ်အုပ် နှစ်အုပ် တွေ့ရှိလေ့လာခွင့်ရရှိခဲ့ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနရှိ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ စာတွဲများကို ဖတ်ရှုရာ အားရဖွယ်ရာမရှိပါ။ ယခင်ဖွဲ့စည်းခဲ့သည့် ဗုဒ္ဓဘာသာဝင် အနည်းစုပါဝင်သော ဖွံ့ဖြိုးရေးအဖွဲ့၏ အလွဲသုံးစားပြုမှု မကောင်းသတင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။ ၁၉၉၁ ခုနှစ် မေလတွင် နီပေါအစိုးရသစ်က လုမ္ဗိနီဖွံ့ဖြိုးရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းကြောင်း ကြားသိရ၍ ယခင်အဖွဲ့များကဲ့သို့ မဟုတ်ဘဲ ရာထူးဌာနန္တရအရ တာဝန်ပေးသည့် ပညာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးက ဥက္ကဋ္ဌနှင့် အတွင်းဝန်သုံးဦး ခန့်ထားပြီး ကျန် ၁၇ ဦးမှာ ဗုဒ္ဓဘာသာဝင် ပါမောက္ခကြီးများ ပါဝင်ကြောင်း၊ ဂျပန်နိုင်ငံက အငြိမ်းစားဝန်ကြီးတစ်ဦး ပါဝင်ကြောင်း၊ တက်ကြွစွာ လှုပ်ရှားလျက်ရှိကြောင်း သတင်းကောင်း ကြားသိရပါသည်။

ကျွန်တော့်အနေဖြင့် နီပေါနိုင်ငံ၌ ၎င်းအဖွဲ့နှင့် မလွဲမသွေ ဆက်သွယ်ရမည်ဖြစ်ပြီး မည်သို့တုံ့ပြန်ရမည်ကို ညွှန်ကြားချက်ခံယူခဲ့ရာ အတွင်းရေးမှူး (၁) က “ကျွန်တော်တို့ အစိုးရအနေဖြင့် ဗုဒ္ဓသာသနာ ထွန်းကားရေးအတွက် ဘုရားတည်၍ ရသည့်နေရာ ဘုရားတည်မည်၊ ကျောင်းဆောက်ရသည့်နေရာတွင် ကျောင်းဆောက်မည်။ ဒါ ကျွန်တော်တို့မူပဲ”ဟု ပြောကြားခဲ့သဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရပါသည်။

ကြိုတင်မျှော်တွေးထားသည့်အတိုင်း ကျွန်တော် ခတ္တမန္ဒူသို့ရောက်ပြီး သုံးလခန့်အကြာ ၂၂-၁-၁၉၉၂ ရက်တွင် လုမ္ဗိနီဖွံ့ဖြိုးရေးအဖွဲ့၊ ဂေါပကအဖွဲ့ (Lumbini Development Trust) မှ ဒုတိယဥက္ကဋ္ဌ အငြိမ်းစား ပါမောက္ခကြီးနှစ်ဦးနှင့် အဖွဲ့ဝင်အချို့ မြန်မာသံအမတ်ကြီးထံ လာရောက်တွေ့ဆုံ ဆွေးနွေးကြပါသည်။

ဂေါပကအဖွဲ့ဝင်များက အလျားသုံးမိုင်၊ အနံ တစ်မိုင်ရှိ “ပင်မစီမံကိန်း = Master Plan” မြေပုံကြီးကို ချပြ၍ ရှင်းလင်းပြောကြားပြီး ဗုဒ္ဓသာသနာ ထွန်းကားသော မြန်မာနိုင်ငံအနေဖြင့် ပါဝင်ရန် ဆန္ဒရှိကြောင်း သိရှိရသဖြင့် လာရောက်ရှင်းပြခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

ပါမောက္ခကြီးများက မြန်မာနိုင်ငံသည် ဗုဒ္ဓသာသနာ ထွန်းလင်းအတောက်ပဆုံး နိုင်ငံဖြစ်၍ လည်းကောင်း၊ သံအမတ်ကြီးကိုယ်တိုင် မေးမြန်းစုံစမ်းမှုများရှိနေ၍ လည်းကောင်း၊ နိုင်ငံခြားတိုင်းပြည်များအနက် ယခုကဲ့သို့ ပထမဆုံး လာရောက်ရှင်းပြ ဖိတ်ခေါ်ရခြင်းဖြစ်ကြောင်း၊ အမြန်ဆုံး တုံ့ပြန်အဖြေပေးစေလိုကြောင်း ပြောပါသည်။ ကျွန်တော်က နိုင်ငံတော်ကလည်း အထူးစိတ်ဝင်စား၍ လမ်းညွှန်မှုများ ရှိပါကြောင်း၊ တစ်ထိုင်တည်း အဖြေပေးရလျှင် “ဘုန်းတော်ကြီးကျောင်းများဇုန်” မှ အကောင်းဆုံး မြေကွက်နှစ်ကွက် ရယူလိုကြောင်း ပြန်ကြားပြောဆိုခဲ့ရာ ဂေါပကလူကြီးများ အထူးအံ့အားသင့်သွားကြပါသည်။

ဂေါပကလူကြီးများက ပင်မစီမံကိန်းမြေပုံကြီးကို ချပြ၍ ပထမဆုံးတုံ့ပြန် ပြောကြားသဖြင့် ကြိုက်ရာ မြေကွက်ရွေးခွင့်ဖြင့် ဂုဏ်ပြုလိုပါကြောင်း အားရဝမ်းသာပြောကြပါသည်။ ကျွန်တော်ကလည်း လုမ္ဗိနီတွင် အခွင့်အခါကြုံခိုက်၊ ရှိသင့်သည့် သာသနိကအဆောက်အအုံ၊ အရွယ်အစားနှင့် ဦးရေကို ကြိုတင်တွက်ဆထားပြီးဖြစ်၍ မီတာ ၁၂၀ ပတ်လည် မြေကွက်တစ်ကွက်နှင့် မီတာ ၆၀ ပတ်လည် မြေကွက်နှစ်ကွက် ရယူလိုပါကြောင်း၊ မယ်တော်မာယာဒေဝီ ဗိမာန်တည်ရှိရာ “မြင့်မြတ်သော ဥယျာဉ်ဇုန်”နှင့် အနီးဆုံး၊ ထိပ်ဆုံးမှ မြေကွက်နှစ်ကွက်ရယူလိုကြောင်း တင်ပြရာ ဂေါပကအဖွဲ့က သဘောတူပါကြောင်း၊ မြန်မာနိုင်ငံအတွက် သတ်မှတ်ထားမည်ဖြစ်ကြောင်း ကတိပြုခဲ့ပါသည်။ ယင်းမြေကွက်များပေါ်တွင် မြန်မာဗိသုကာလက်ရာဖြင့် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော် ပုံတူစေတီတော် တစ်ဆူ၊ (ဉာဏ်တော်အမြင့် သတ်မှတ်ချက်ရှိပါသည်) ဘုန်းတော်ကြီးကျောင်း၊ ဓမ္မသဘင်ခန်းမ ဇရပ်တစ်ခု၊ သိမ် တစ်ခု၊ ဘုရားဖူးများ တည်းခိုရန် အဆောင်ကြီးတစ်ခု ဆောက်လုပ်ရန် ရည်ရွယ်ထားကြောင်း အသိပေးပြောကြားခဲ့ပါသည်။

ဂေါပကအဖွဲ့ပြန်သွားပြီး ချက်ချင်းပင် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော်အစိုးရသို့တင်ပြခဲ့ရာ မဆိုင်းမတွပင် “တင်ပြချက်မှုအားဖြင့် သဘောတူသည်၊ ကော်မတီဖွဲ့၍ ဆောင်ရွက်မည်”ဟု ပြန်ကြားချက်ရခဲ့ပါသည်။ မြန်မာတို့၏ အလှူ၊ မြန်မာ့ဗိသုကာလက်ရာဖြင့် သာသနိက အဆောက်အအုံများ မြတ်ဗုဒ္ဓဖွားမြင်တော်မူရာ လုမ္ဗိနီ၌ ပေါ်ထွန်းလာမည့်အရေး တွေးတော ဝမ်းသာပီတိဖြစ်ပြီး အိပ်မပျော်သော ညတစ်ည ကြုံတွေ့ခဲ့ရပါသည်။

ထို့နောက် ထိုစဉ်က နိုင်ငံတော် အကြီးအကဲကိုယ်တိုင် သံဃမဟာနာယက ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပြီး သာသနာတော်အကျိုး၊ နိုင်ငံတော်အကျိုး၊ ပြည်သူလူထု၏ အကျိုးကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း လျှောက်ထားခဲ့သည်ကို အားလုံးသိရှိပြီးဖြစ်ပေသည်။

လုမ္ဗိနီတွင် မြေကွက်များရယူ လက်တွေ့ဆောင်ရွက်နိုင်ခဲ့ပါပြီ။ မြန်မာဗိသုကာလက်ရာ သာသနိက အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းမည်ကို ပြည်သူများသို့ အသိပေးခဲ့ရာ အလှူရေစက် လက်နှင့်မကွာ လှူဒါန်းကြသူ ပြည်သူများက စေတနာထက်သန်စွာ လှူဒါန်းခဲ့ကြပါသည်။ မြေကွက်များရယူရေး မြေငှားစာချုပ်ကို ဂေါပကအဖွဲ့နှင့် မြန်မာသံအမတ်ကြီးတို့ ၁၁-၂-၁၉၉၃ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြပါသည်။ အဖွဲ့ဥက္ကဋ္ဌ ပညာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး၊ တိုင်းသံအမတ်ကြီးတို့ရှေ့တွင် မြန်မာသံအမတ်ကြီးနှင့် ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပါမောက္ခကြီး ဗဟာဒူးစကြာတို့ လက်မှတ်ရေးထိုးခဲ့ကြပါသည်။ သို့နှင့် လုမ္ဗိနီတွင် ဉာဏ်တော် ၇၂ ပေခွဲရှိ လောကမဏိစူဠာစေတီတော် တည်ထားရေးလုပ်ငန်းများ စတင်နိုင်ခဲ့ပါသည်။ လုမ္ဗိနီတွင် နှစ်ရာထောင်ချီပြီးမှ ပထမဆုံး ပေါ်ပေါက်လာတော့မည့် မြန်မာအစိုးရနှင့် ပြည်သူတို့၏ အလှူ လောကမဏိစူဠာစေတီတော်မြတ် တည်ထားရေးလုပ်ငန်းများ အစပျိုးနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

*စာမျက်နှာ ၁၁ သို့*



လုမ္ဗိနီမြေငှားစာချုပ် ချုပ်ဆိုပွဲ (၁၁-၂-၉၃)။



လောကမဏိစူဠာစေတီတော် အုတ်မြစ်စီမင်္ဂလာအခမ်းအနား (၁၉၉၅ ခုနှစ်)။



ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေစဉ်။



မန္တလေးမဟာမုနိဘုရား၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေစဉ်။



နေပြည်တော်ရှိ ရေပန်းဥယျာဉ်၌ လာရောက်လည်ပတ်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

❖*ကျောဖုံးမှ*

သမညဖလအခါတော်နေ့ အကြို အလှူဒါနပြုကြသူများ၊ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ပြုကြသူများ၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဆိုပူဇော်လျက်ရှိကြပြီး ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေး စေတီတော်၊ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၊ မဟာဝိဇယ စေတီတော်နှင့် စွယ်တော်မြတ်စေတီတော် စသည်တို့တွင် မနက်အရုဏ်တက်ချိန်မှစပြီး ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆွမ်း ဆက်ကပ်လှူဒါန်းကာ ကုသိုလ်ပြုလျက်ရှိကြသည်။

**ဥယျာဉ်များ၌ စည်ကား**

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ချောင်းသာကမ်းခြေ၊ ငွေဆောင်ကမ်းခြေ၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ် ငပလီကမ်းခြေများ၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်သမန်အင်းကျေးရွာအုပ်စု ဦးပိန်တံတား၊ တံတားဦးမြို့နယ် အင်းဝ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ နန်းမတော်မယ်နု အုတ်ကျောင်း၊ ပြင်ဦးလွင်မြို့ ပွဲကောက်ရေတံခွန်နှင့် အမျိုးသားကန်တော်ကြီး ဥယျာဉ်၌ လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ အထင်ကရပန်းခြံများနှင့် အပန်းဖြေဥယျာဉ်များ၌ လည်းကောင်း လာရောက်အပန်းဖြေအနားယူကြသူများဖြင့် အထူးစည်ကား များပြားလျက်ရှိသည်။

**မီးထွန်းပွဲတော်ပြုလုပ်**

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်း၌လည်း လမ်း၊ အဆောက်အဦများ၊ ပန်းအလှ သစ်ပင်များတို့တွင် ရောင်စုံမီးအလှများဖြင့် တန်ဆောင်မုန်းလဆန်း အဖိတ်နေ့အဖြစ် မီးထွန်းပွဲတော်ကို ပြုလုပ်ခဲ့ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ရေ၊လေ) မိသားစုများက စိတ်နှလုံးအေးချမ်းစွာဖြင့် ပျော်ရွှင်ကြည်နူးစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

## ခွဲခွာရပြီ လုမ္ဗိနီ

လုမ္ဗိနီဖွံ့ဖြိုးရေးလုပ်ငန်းများ အပြန်အလှန်လမ်းညွှန်တင်ပြ ဆောင်ရွက်နေချိန်တွင် တာဝန်အရ အခြားနိုင်ငံသို့ ကျွန်တော်ပြောင်းရွှေ့ရပြန်ပါသည်။ ၁၉၉၃ ခုနှစ်က ဖြစ်ပွားနေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေသော ဘင်္ဂါလီများကိစ္စ ပြေလည်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန် ကိစ္စအရေးကြီး၍ ၁၉၉၃ ခုနှစ် ဇူလိုင်လတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြောင်းရွှေ့ခဲ့ရပါသည်။ လုမ္ဗိနီကို ခွဲခွာရ၍ စိတ်မကောင်းဖြစ်မိသော်လည်း မြေကွက်များ စာချုပ်ချုပ်ဆိုရရှိပြီးပြီ။ အထက်သို့ တင်ပြထားသော စေတီတော်အပါအဝင် သာသနိကအဆောက်အအုံငါးမျိုးကို (စေတီတော်ဉာဏ်တော် တိုးမြင့်လိုသည်မှအပ) အတည်ပြု သဘောတူပြီးဖြစ်သည်။ ထို့ကြောင့် ဝမ်းနည်းစွာ ခွဲခွာရသော်လည်း ဝန်ထမ်းသဘာဝဖြစ်၍ နားလည်သဘောပေါက် ရပါသည်။


လုမ္ဗိနီ တည်ဆောက်ရေး လုပ်ငန်းများကို နောက်ထပ်ရောက်လာသည့် သံအမတ်ကြီးက ဆက်လက်ဆောင်ရွက်ရာ သုံး/ လေး လအကြာ မကျန်းမာ၍ ပြန်သွားရသည်။ ယခုကွယ်လွန်သွားပါပြီ။ ထို့နောက် သံအမတ်ကြီး ဦးခင်မောင်အုန်း (ကွယ်လွန်) ကို ခန့်ထားခဲ့ပါသည်။ လောကမဏိစူဠာစေတီတော် တည်ဆောက်ရေးလုပ်ငန်းကို စတင်ခဲ့ရာ ၁၉၉၅ ခုနှစ် မေလတွင် စေတီတော် အုတ်မြစ်တော်စီ အခမ်းအနားကို ကျင်းပနိုင်ခဲ့ပါသည်။

**လောကမဏိစူဠာစေတီတော်**

မြန်မာနိုင်ငံက ရရှိထားသည့် မီတာ ၈၀ ပတ်လည် မြေကွက်ပေါ်တွင် မြန်မာအစိုးရနှင့် ပြည်သူတို့၏ ပထမဆုံးအလှူ ဉာဏ်တော် ၇၂ ပေ ခြောက်လက်မအမြင့်ရှိ လောကမဏိစူဠာစေတီတော်မြတ် ပန္နက်တော်တင်၊ တွင်းတော်ဝင်း အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ယင်းမြေကွက် ဝတ္ထုကံမြေ မင်္ဂလာမဏ္ဍပ်တွင် ၁၄-၅-၁၉၉၅ ရက်က စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ ထိုစဉ်က သာသနာရေးဝန်ကြီးကိုယ်တိုင် ရတနာရွှေကြုပ်တော်၊ မော်ကွန်းကမ္ပည်း ကျောက်စာတော်နှင့် ပတ္တမြားရတနာအုတ်တော်ကို မင်္ဂလာစံတော်ချိန် အတိအကျတွင် တင်ပေးခဲ့ပါသည်။



ရွှေကျောင်းတော်ကြီး



အာနန္ဒာသိမ်တော်ကြီး

ကျန်ပုဂ္ဂိုလ်များမှာ ဆောက်လုပ်ရေးဒုတိယဝန်ကြီး၊ နီပေါနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရောက် ကျွန်တော်အပါအဝင် သံအမတ်ကြီးသုံးဦး၊ အခြားနေ့နံကိုက် ဗုဒ္ဓဘာသာဝင်သုံးဦးတို့က အုတ်မြစ်များစီပေးပါသည်။ အောင်မင်္ဂလာ ငွေခရာသင်းမှုတ်၊ အောင်မောင်းတီးခတ်ပြီး မင်္ဂလာအခမ်းအနားကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။ အခမ်းအနားကို ဗုဒ္ဓဂယာ ဆရာတော်အမှူးပြု ၍ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ နီပေါသံဃာတော်များ၊ နီပေါရောက် မြန်မာအပါ အဝင် ဗုဒ္ဓဘာသာဝင်များ၊ မြန်မာဘုရားဖူးအဖွဲ့များ စည်ကားစွာ တက်ရောက်ခဲ့ပါသည်။

လောကမဏိစူဠာစေတီတော်မှာ ၁၉၉၆ ခုနှစ်တွင် ထီးတော်တင်ပြီးစီးခဲ့ပါသည်။ ကျန်ရှိသည့် သာသနိကအဆောက်အအုံများ ဆက်တိုက်တည်ဆောက်ခဲ့ရာ အာနန္ဒာသိမ်တော်ကြီး (၁၉၉၇ ခုနှစ်)၊ ရွှေကျောင်းတော်ကြီး (၁၉၉၈ ခုနှစ်)၊ တည်းခိုဆောင် (၂၀၀၀ ပြည့်နှစ်) သာသနာ့ဗိမာန်ဓမ္မာရုံ (၂၀၀၁ ခုနှစ်)တို့တွင် တည်ဆောက်ပြီးစီးခဲ့ပါသည်။

နိုင်ငံတော်အစိုးရ၊ ရဟန်းရှင်လူ၊ ပြည်သူအပေါင်းက ဆောက်လုပ်လှူဒါန်းခဲ့ကြသည့် သာသနိက အဆောက်အအုံအားလုံးမှာ ခံ့ညားထည်ဝါပြီး သန့်ရှင်းသပ်ရပ်ကြသဖြင့် မြန်မာ့ရိုးရာဗိသုကာပညာကို ကမ္ဘာသို့ ပြသနိုင်ခဲ့ပါသည်။ ချီးမွမ်းထောပနာပြုခြင်းလည်း ခံရသည်ဟု သိရပါသည်။ ဤအလှူဒါန၏ အကျိုးကြောင့် မြန်မာနိုင်ငံကြီး အေးချမ်းသာယာပြီး လုမ္ဗိနီ၌လည်း မြန်မာတို့၏ အလှူဒါနဖြင့် ဆက်လက်စည်ပင် ဖွံ့ဖြိုးနေမည်သာဖြစ်ပါကြောင်း “လုမ္ဗိနီက မြန်မာတို့၏ အလှူဒါနများ” ဆောင်းပါးဖြင့် အသိပေးရေးသားတင်ပြလိုက်ရပါသည်။ ။

**(မှတ်ချက်။ ။အကျယ်ဖတ်ရှုလိုပါက မြဝတီစာပေတိုက်မှ ၂၀၂၀ စက်တင်ဘာလတွင် “လုမ္ဗိနီ” စာအုပ်ကို ပဉ္စမအကြိမ် ထုတ်ဝေပေးခဲ့ပါသည်။)**

## အီဂျစ်နိုင်ငံ၌ ကုလသမဂ္ဂ ရာသီဥတုညီလာခံဖွင့်ပွဲ စတင်ကျင်းပ

**ကိုင်ရို နိုဝင်ဘာ ၆**

အီဂျစ်နိုင်ငံ၌ စီအိုပီ ၂၇ ကုလသမဂ္ဂ ရာသီဥတုညီလာခံဖွင့်ပွဲကို နိုဝင်ဘာ ၆ ရက်က စတင်ကျင်းပသည်။

နိုင်ငံပေါင်း ၁၉၀ ကျော်မှ ကိုယ်စားလှယ်များသည် ရှာမန်ရှိတ်ခ်မြို့တွင် စုဝေးခဲ့ကြပြီး ညီလာခံ တက်ရောက်ကြသည်။ ပြီးခဲ့သည့်နှစ်က ညီလာခံသို့ တက်ရောက်ခဲ့ကြသည့် ကိုယ်စားလှယ်များသည် တစ်ကမ္ဘာလုံးဆိုင်ရာ ပျမ်းမျှအပူချိန်ကို ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်သို့ လျှော့ချရန် သဘောတူခဲ့သည်။




စီအိုပီ ၂၇ ကုလသမဂ္ဂ ရာသီဥတုညီလာခံမြင်ကွင်းကို တွေ့ရစဉ်။

ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်နှင့် အခြားသော ကမ္ဘာ့ခေါင်းဆောင်များသည် နိုဝင်ဘာ ၇ ရက်တွင် အဆင့်မြင့်အစည်းအဝေးသို့ တက်ရောက်ရန် စီစဉ်ထားကြသည်။ ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် ညီလာခံသို့ တက်ရောက်လာသော ကိုယ်စားလှယ်များသည် တူညီသည့် သတင်းစကားပါးနိုင်ခြင်းရှိ မရှိ မေးခွန်းဖြစ်နေသည်။

**အင်န်အိတ်ချ်ကေ**

## တောင်ကိုရီးယား မိုင်းတွင်းလုပ်သားနှစ်ဦးကို ကိုးရက်ကြာပိတ်မိပြီးနောက် ကယ်တင်နိုင်ခဲ့

**ဆိုးလ် နိုဝင်ဘာ ၆**

ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်းရှိ သွပ်သတ္တုတွင်း ပြိုကျပြီးနောက် မိုင်းတွင်းလုပ်သားနှစ်ဦးမှာ သတ္တုတွင်းအတွင်း ကိုးရက်ကြာ ပိတ်မိနေခဲ့သည်။ ယခုအခါ ၎င်းတို့ နှစ်ဦးစလုံးကို ကယ်တင်နိုင်ခဲ့ပြီဟု သိရသည်။

ဘုန်ဟွာခရိုင်၌ အောက်တိုဘာ ၂၆ ရက်က သတ္တုတွင်း ပြိုကျခဲ့ပြီး မြေအောက် မီတာ ၁၉၀ ခန့်တွင် မိုင်းတွင်းလုပ်သားနှစ်ဦးမှာ ပိတ်မိနေခဲ့ရသည်။ မိုင်းတွင်းလုပ်သားများ အသက်ရှင်လျက်ရှိနေခြင်းမှာ အံ့အားသင့်ဖွယ် ဖြစ်ရပ်ဖြစ်သည်ဟု ကိုရီးယားမီဒီယာများတွင် ဖော်ပြကြသည်။



ပြန်လည်ကယ်တင်နိုင်ခဲ့သော မိုင်းတွင်းလုပ်သားတစ်ဦးကို သယ်ဆောင်လာစဉ်။

ယခုအခါ ကယ်ဆယ်ရေးလုပ်ငန်းများကို အဆုံးသတ်လိုက်ပြီ ဖြစ်သည်။ မျက်နှာကြက်မှ ကျလာသည့်ရေများဖြင့် ကော်ဖီမှုန့်များကို စားသုံးခြင်းဖြင့် မိုင်းတွင်းလုပ်သားများ အသက်ရှင်အောင်နေထိုင်ခဲ့ကြပြီး ပလတ်စတစ် တဲအိမ်ပြုလုပ်ကာ နေထိုင်ခဲ့ကြသည်ဟု သိရသည်။ ၎င်းတို့နှစ်ဦး၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

## ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ ဓာတ်ငွေ့အိုးပေါက်ကွဲမှုကြောင့် နှစ်ဦး သေဆုံးကာ ၁၄ ဦးဒဏ်ရာ ရရှိ

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၆**

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိဆိပ်ကမ်းမြို့၌ လူနေအဆောက်အအုံတစ်ခုအတွင်း ပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး ၁၄ ဦးဒဏ်ရာရရှိကြောင်း ပြည်တွင်းသတင်းများတွင် ဖော်ပြထားသည်။

မြို့တော်ရှိ လူနေအဆောက်အအုံတွင် နိုဝင်ဘာ ၅ ရက်ည နှောင်းပိုင်းက ဓာတ်ငွေ့အိုးတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းများအရ သိရသည်။

ပေါက်ကွဲမှုဖြစ်ပွားခြင်းကြောင့် ဒဏ်ရာရရှိသူ အများအပြားကို အနီးအနားရှိဆေးရုံသို့ ပို့ဆောင်ထားပြီး အချို့မှာ ဒဏ်ရာများ ပြင်းထန်စွာခံစားရသဖြင့် စိုးရိမ်ရသည့် အခြေအနေတွင် ရှိနေကြောင်း သိရသည်။

သေဆုံးသူနှင့် ဒဏ်ရာရရှိသူ လေးဦးမှာ ပေါက်ကွဲမှုဖြစ်ပွားသည့် တိုက်ခန်းတွင် နေထိုင်သည့်မိသားစုဝင်များဖြစ်ပြီး ကျန်တစ်ဦးမှာ အနီးအနားရှိ တိုက်ခန်းတွင် နေထိုင်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။ **ဆင်ဟွာ**

## ထိုင်းနိုင်ငံ၌ ကြောက်မက်ဖွယ်တိုက်ခိုက်မှုအပြီး တစ်လအကြာ သေနတ်ထိန်းချုပ်မှုအတွက် ရုန်းကန်နေရဆဲဖြစ်

**ဘန်ကောက် နိုဝင်ဘာ ၆**

ထိုင်းနိုင်ငံ၌ နေ့ကလေးထိန်းကျောင်းကို သေနတ်ဖြင့် ဝင်ရောက်တိုက်ခိုက်ခံရပြီး တစ်လအကြာ သေနတ်ထိန်းချုပ်မှုနှင့်ပတ်သက်၍ ထိုင်းအစိုးရသည် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။

အောက်တိုဘာ ၆ ရက်က ထိုင်းရဲအရာရှိဟောင်း တစ်ဦးသည် သေနတ်နှင့် ဓားကို အသုံးပြုကာ နိုင်ငံအရှေ့မြောက်ပိုင်းရှိ နေ့ကလေးထိန်းကျောင်းကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ယခုအခါ တစ်လကြာမြင့်ခဲ့ပြီ ဖြစ်သည်။ ၎င်း၏လက်ချက်ဖြင့် ကလေး ၂၄ ဦးအပါအဝင် ၃၆ ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့သည့်နေရာသို့ ဝမ်းနည်းကြေကွဲခြင်းအထိမ်းအမှတ် လာရောက်သူများရှိနေကြဆဲ ဖြစ်သည်။

ဒေသခံပြည်သူများသည် အလားတူဖြစ်ရပ်မျိုး နောက်ထပ်ဖြစ်ပွားမည်ကို စိုးရိမ်နေကြဆဲဖြစ်သည်။ သေဆုံးသွားသူများ၏ မိသားစုဝင်များသည်လည်း ၎င်းတို့၏ဆုံးရှုံးမှုအတွက် ရုန်းကန်နေရဆဲဖြစ်သည်။ သေနတ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ တင်းကျပ်မှုများပြုလုပ်ရန် ထိုင်းအစိုးရက လုပ်ဆောင်နေပြီဖြစ်သည်။

သေနတ်ကိုင်ဆောင်ရန် လိုင်စင်လျှောက်ထားသူများသည် စိတ်ပိုင်းဆိုင်ရာစာမေးပွဲကို ဖြေဆိုရန် လိုအပ်သည်။ လိုင်စင်ရပြီးနောက်ပိုင်းတွင်လည်း စိတ်ပိုင်းဆိုင်ရာအခြေအနေကို အကဲဖြတ်သွားရန် အစိုးရက စီစဉ်ထားသည်။ သို့သော်လည်း ယင်းသို့ လုပ်ဆောင်မှုမျိုးဖြင့် အမှန်တကယ် အကျိုးသက်ရောက်မှုရှိ မရှိ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။ အသက် ၂၀ နှင့်အထက် လူများမှာ ရာဇဝတ်မှုကျူးလွန်ထားခြင်း မရှိဘဲ ပုံမှန်ဝင်ငွေရှိသည့် အသက် ၂၀ နှင့်အထက် ပြည်သူများမှာ သေနတ်ကို တရားဝင် ဝယ်ယူနိုင်သည်။ ဈေးနှုန်းနိမ့်သည့် သေနတ်ကို ဘတ် ၃၀၀၀၀ ဖြင့် ဝယ်ယူနိုင်သည်။ နိုင်ငံအတွင်း တရားမဝင် သေနတ်ရောင်းချမှုများမှာလည်း များပြားလျက်ရှိသည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

## ဆိုမာလီယာနိုင်ငံမြို့တော်၌ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ငါးဦး သေဆုံး၊ ၁၁ ဦး ဒဏ်ရာရရှိ

**မိုဂါဒစ်ရှူး နိုဝင်ဘာ ၆**

ဆိုမာလီယာနိုင်ငံမြို့တော်တောင်ပိုင်း၌ နိုဝင်ဘာ ၅ ရက် ညနေပိုင်းက စစ်ရေးလေ့ကျင့်ရေးဌာနဝင်ပေါက်တွင် အသေခံဗုံးခွဲသမား တစ်ဦးက ဖောက်ခွဲမှုပြုလုပ်ပြီးနောက် ငါးဦးထက်မနည်း သေဆုံးကာ ၁၁ ဦး ဒဏ်ရာရရှိကြောင်း နိုင်ငံ၏စစ်ဦးစီးချုပ်က အတည်ပြုပြောကြားသည်။

### စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်

ဆိုမာလီအမျိုးသားတပ်မတော်က ဗုံးခွဲသူ၏ပစ်မှတ်သို့ မရောက်ရှိအောင် တိုက်ခိုက်မှုကို တားဆီးခဲ့ကြောင်း ကာကွယ်ရေးတပ်ဖွဲ့မှူးအကြီးအကဲ အိုဒိုဝါ ယူဆက်ဖ်ရေ့က ပြောကြားသည်။ စစ်သားများက ဗုံးခွဲသူ၏ ပစ်မှတ်သို့မရောက်ရှိအောင် တားဆီးခဲ့ကြောင်း၊ ဗုံးခွဲတိုက်ခိုက်မှု၏ နောက်ကွယ်မှအကြောင်းရင်းများကို ရှာဖွေရန် စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ခဲ့ကြောင်း ယူဆက်ဖ်က နိုဝင်ဘာ ၅ ရက် ညပိုင်းတွင် ပြောကြားသည်။

### တိုက်ခိုက်မှုအတွင်း ကလေးငယ်များပါဝင်

အသေခံဗုံးခွဲတိုက်ခိုက်ပြီးနောက် မိုဂါဒစ်ရှူးမြို့တွင်လည်း အခြားပေါက်ကွဲမှုနှစ်ခု ကြားခဲ့ရကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောကြားသည်။ အောက်တိုဘာ ၂၉ ရက်က မိုဂါဒစ်ရှူးမြို့တွင် ကားဗုံးခွဲမှုနှစ်ခုဖြစ်ပွားပြီးနောက် လူပေါင်း ၁၂၀ ကျော်သေဆုံးပြီး ၃၀၀ ကျော်ဒဏ်ရာရရှိပြီးနောက် နိုဝင်ဘာ ၅ ရက်တွင် ယခု တိုက်ခိုက်မှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ အသေအပျောက်များသည့် တိုက်ခိုက်မှုအတွင်း ကလေးငယ်များပါဝင်ကြောင်း အစိုးရအရာရှိများက ပြောကြားသည်။ အဆိုပါ တိုက်ခိုက်မှုကို နိုင်ငံတကာအဖွဲ့အစည်းများကလည်း ပြင်းပြင်းထန်ထန် ရှုတ်ချကြောင်း သိရသည်။

**ဆင်ဟွာ**

## မာလာဝီနိုင်ငံ၌ ကာလဝမ်းရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူပေါင်း ၂၀၀ ရှိပြီဖြစ်

**လီလွန်ဂွေးလ် နိုဝင်ဘာ ၆**

မာလာဝီနိုင်ငံ အရှေ့တောင်ဘက်နယ်စပ် မချင်ဂါခရိုင်၌ မတ်လအတွင်း ကာလ ဝမ်းရောဂါ စတင်ဖြစ်ပွားသည့်အချိန်မှစကာ နိုင်ငံအတွင်း ရောဂါကူးစက်ဖြစ်ပွားသူ ၆၇၂၀ ရှိရာ နိုဝင်ဘာ ၅ ရက်အထိ ကာလဝမ်းရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူပေါင်း ၂၀၀ ရှိကြောင်း သိရသည်။

လီကိုမာကျွန်းအပါအဝင် နိုင်ငံအတွင်း ခရိုင် ၂၈ ခရိုင်လုံး၌ ယခုအချိန်တွင် ကာလဝမ်းရောဂါဖြစ်ပွားနေကြောင်း ကျန်းမာရေးဝန်ကြီး ခွန်ဘိုက်ဇ် ကန်ဒိုဒို ချီပွန်ဒါက ပြောကြားသည်။ နိုဝင်ဘာလအတွင်း ကာလဝမ်းရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူ ၁၄ ဦးရှိပြီး သောကြာနေ့ တစ်ရက်တည်းတွင် သေဆုံးသူ ကိုးဦးရှိကြောင်း နေ့စဉ်ကာလဝမ်းရောဂါဖြစ်ပွားမှု နောက်ဆုံးသတင်းများအရ သိရသည်။

မာလာဝီနိုင်ငံ၌ ကာလဝမ်းရောဂါကြောင့် သေဆုံးသူနှုန်းမှာ ၃ ဒသမ ၀ ရာခိုင်နှုန်းရှိပြီး အဆိုပါရောဂါမှ ပြန်လည်ကျန်းမာလာသူ ၆၂၀၁ ဦးရှိသည်။ နိုင်ငံအတွင်း ကုသရေးစင်တာတွင် ကုသမှုခံယူနေသူ ၃၁၉ ဦးရှိကြောင်း သိရသည်။

**ဆင်ဟွာ**



# ဗြိတိန်နိုင်ငံ လန်ဒန်၌ အထွေထွေရွေးကောက်ပွဲကျင်းပရန် လူထောင်ချီဆန္ဒပြတောင်းဆိုမှုဖြစ်ပွား

လန်ဒန် နိုဝင်ဘာ ၆

**ဗြိတိန်၌ စံချိန်တင်ငွေကြေးဖောင်းပွမှုနှင့် အာဏာရကွန်ဆာဗေးတစ်ပါတီအပေါ် မကျေနပ်မှုများ ကြီးထွားလာပြီးနောက် လန်ဒန်မြို့လယ်တွင် ထောင်နှင့်ချီသော ဆန္ဒပြသူများက အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရန် တောင်းဆိုမှုဖြစ်ပွားကြောင်း သိရသည်။**



ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ဆန္ဒပြသူများကို တွေ့ရစဉ်။

အရပ်ဘက်အဖွဲ့များနှင့် အလုပ်သမားသမဂ္ဂများက နိုဝင်ဘာ ၅ ရက်တွင် ဆန္ဒပြတောင်းဆိုခဲ့ကြခြင်းဖြစ်သည်။ ဗြိတိန်ရှိ ပြည်သူများသည် စွမ်းအင်နှင့် စားသောက်ကုန် ဈေးနှုန်းများ မြင့်တက်လာမှုနှင့် ကြုံတွေ့နေရကြောင်း၊ ဗြိတိန်နိုင်ငံ၏ နှစ်စဉ်စားသုံးသူ ဈေးနှုန်းအညွှန်းကိန်းသည် စက်တင်ဘာလတွင် ၁၀ ဒသမ ၁ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း သိရသည်။

ပြီးခဲ့သည့်လတွင် ၂၀၁၆ ခုနှစ်ကတည်းက ကွန်ဆာဗေးတစ်မှ ငါးဦးမြောက် ဗြိတိန်ဝန်ကြီးချုပ် ရစ်ရှီဆူးနက်ခ် ဖြစ်လာခဲ့ပြီးနောက် ပြည်သူများသည် နိုင်ငံရေးနှင့် ပါတီပေါ်တွင် အယုံအကြည် ကင်းမဲ့မှုနှင့် မကျေနပ်မှုများ မြင့်တက်လာခြင်းဖြစ်သည်။ နေထိုင်မှုစရိတ်စကများ မြင့်တက်လာပြီး အကျပ်အတည်းများနှင့် ပြည်သူများ ရင်ဆိုင်နေရသည့်တိုင် လက်ရှိအုပ်ချုပ်ရေး ယန္တရားသည် ကောင်းမွန်စွာလည်ပတ်နိုင်ခြင်းမရှိကြောင်း အသက် ၆၆ နှစ် အရွယ် အမျိုးသားတစ်ဦးက ပြောသည်။

ဝန်ကြီးချုပ်ဆူးနက်ခ်သည် နိုဝင်ဘာ ၁၇ ရက်တွင် နှစ်လတ်ဘဏ္ဍာရေးအစီအစဉ်ကို ကြေညာသွားရန် စီစဉ်ထားကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## တန်ဇန်းနီးယားရှိ ဗစ်တိုးရီးယားကန်ထဲသို့ လေယာဉ်ပျက်ကျမှုမှ ခရီးသည် ၂၆ ဦး ကယ်တင်နိုင်ခဲ့

**ဒါအက်စ်ဆလမ် နိုဝင်ဘာ ၆**

တန်ဇန်းနီးယားနိုင်ငံ အနောက်မြောက်ပိုင်း ကာဂီရာဒေသရှိ ဗစ်တိုးရီးယားကန်ထဲသို့ နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက လေယာဉ်တစ်စင်းပျက်ကျမှု ဖြစ်ပွားခဲ့ပြီးနောက် ခရီးသည် ၂၆ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လူ ၄၃ ဦး လိုက်ပါလာသော အဆိုပါလေယာဉ်သည် ဒါအက်စ်ဆလမ်မြို့ရှိ ဂျူလိယပ်စ်ညီရေးရေး အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ကာဂီရာဒေသရှိ ဘူကိုဘာ လေဆိပ်သို့ ဦးတည်ပျံသန်းစဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ကာဂီရာ ဒေသဆိုင်ရာ ကော်မရှင်နာ အဲလ်ဘတ်ချလာမီလာက ပြောသည်။ ထို့အပြင် လေယာဉ်ပေါ်ပါ ၄၃ ဦးအနက် ၃၉ ဦးမှာ ခရီးသည်များဖြစ်ကာ လေယာဉ်မှူးနှစ်ဦးနှင့် လေယာဉ်အမှုထမ်း နှစ်ဦး ပါဝင်ကြောင်း ၎င်းက ဆက်ပြောသည်။

ပိတ်မိနေသော ခရီးသည် ၁၃ ဦးကို ကယ်တင်နိုင်ရန်အတွက် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေဆဲ ဖြစ်ကြောင်း၊ ကယ်တင်ပြီးသည့် ခရီးသည်များကို ဆေးရုံသို့ အလျင်အမြန် ပို့ဆောင်ထားပြီး ဖြစ်ကြောင်းနှင့် လေယာဉ်အတွင်းပိုင်း၌ ပိတ်မိနေသော လေယာဉ်မှူးများကိုလည်း ကယ်တင်နိုင်ရန် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ကယ်ဆယ်ရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ ကာဂီရာဒေသ အာဏာပိုင်များက လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်ပြီး ဝန်ကြီးချုပ်အပါအဝင် နိုင်ငံ၏ ထိပ်တန်းခေါင်းဆောင်များကို အသိပေးမှုပြုလုပ်ထားသည်ဟု ဆိုသည်။ တန်ဇန်းနီးယားသမ္မတ ဆာမီရာ ဆူလူဟူဟာဆန်က အဆိုပါ လေယာဉ်ပျက်ကျမှု သတင်းကြောင့် တုန်လှုပ်ချောက်ချားမိကြောင်း ပြောသည်။

ဆင်ဟွာ



## အင်ဒိုနီးရှားနိုင်ငံ အလယ်ပိုင်း၌ ငလျင်လှုပ်မှုဖြစ်ပွား

ဂျကာတာ နိုဝင်ဘာ ၆

အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း ဆူလာဝေစီမြောက်ပိုင်း၌ ပြင်းအား ၆ ဒသမ ၁ ရှိ ငလျင်တစ်ခု နိုဝင်ဘာ ၆ ရက်က လှုပ်ခတ်ခဲ့သည်ဟု နိုင်ငံ၏ မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒအေဂျင်စီက ပြောသည်။

### ဆူနာမီသတိပေးချက် ထုတ်ပြန်ထားခြင်းမရှိသေး

သို့သော်လည်း ဆူနာမီ သတိပေးချက် ထုတ်ပြန်ထားခြင်းမရှိသေးကြောင်း သိရသည်။ နံနက် ၇ နာရီ ၃ မိနစ်တွင် ငလျင်လှုပ်ခဲ့ခြင်း ဖြစ်ပြီး ကက်ပူလအန်ဆစ်တရိုခရိုင်၏ အနောက်တောင်ဘက် ၆၉ ကီလိုမီတာအကွာဗဟိုပြု၍ လှုပ်ခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒ အေဂျင်စီက ပြောသည်။

### ပျက်စီးမှုဒဏ်ကို ခံစားခဲ့ရ

အိမ်နီးချင်းပြည်နယ် မာလူကု၌လည်း ငလျင်လှုပ်မှုကြောင့် ပျက်စီးမှုဒဏ်ကို ခံစားခဲ့ရကြောင်း သိရသည်။ ငလျင်ကြောင့် လတ်တလောတွင် ဆူနာမီဖြစ်ပေါ်လာစေနိုင်သည့် အလားအလာမရှိသည့်အတွက် ဆူနာမီသတိပေးချက် ထုတ်ပြန်ထားခြင်းမရှိကြောင်း အဆိုပါအေဂျင်စီကပြောသည်။

ဆင်ဟွာ

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၁၀၁၀ စစ်ဆေးတွေ့ရှိပြီး ၃၄ ဦး သေဆုံး

**မနီလာ နိုဝင်ဘာ ၆**

ဖိလစ်ပိုင်နိုင်ငံ၌ နိုဝင်ဘာ ၆ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၁၀၁၀ စစ်ဆေးတွေ့ရှိကြောင်းနှင့် အဆိုပါရောဂါကြောင့် ထပ်မံသေဆုံးသူ ၃၄ ဦး ရှိကြောင်း သိရသည်။

ထပ်မံကူးစက်ခံရသူများကြောင့် ဖိလစ်ပိုင်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၄၀၀၉၄၆၆ ဦးအထိ ရှိလာပြီ ဖြစ်သည်။ ထို့အပြင် ထပ်မံသေဆုံးသူများကြောင့် စုစုပေါင်းသေဆုံးသူ ၆၄၂၇၄ ဦးအထိ ရှိလာပြီလည်း ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူများအနက် လူဦးရေ ၁၃ သန်းကျော် နေထိုင်သော မြို့တော်မနီလာ၌ ၁၉၈ ဦး တွေ့ရှိသည်ဟုဆိုသည်။ ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ဆဲလူနာအရေအတွက်မှာ ၁၆၆၁၅ ဦးသို့ ကျဆင်းလာကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၉၀၀၄ ဦးဖြင့် တစ်ရက်တည်း အများဆုံးကူးစက်မှုအဖြစ် မှတ်တမ်းတင်ထားသည်။

ဆင်ဟွာ



## စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်သူ ၁၈၉၃ ဦး ရှိပြီး တစ်ဦး သေဆုံး

**စင်ကာပူ နိုဝင်ဘာ ၆ –** စင်ကာပူနိုင်ငံ၌ နိုဝင်ဘာ ၆ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၉၃ ဦး ထပ်မံစစ်ဆေးတွေ့ရှိကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူများအနက် ၂၅၈ ဦးသည် ပီစီအာရ်နည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ပြီး ကျန် ၁၆၃၅ ဦးမှာ အေအာရ်တီနည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက နောက်ဆုံးထုတ်ပြန်သော အချက်အလက်များအရ သိရသည်။ စင်ကာပူနိုင်ငံ၌ နိုဝင်ဘာ ၆ ရက်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ တစ်ဦးရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၆၈၇ ဦးအထိ ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# ကမ္ဘာလုံးဆိုင်ရာ ငွေကြေးဖောင်းပွမှု အလားအလာ

**ငွေကြေးဖောင်းပွမှုတွေ မြင့်တက်လာခြင်းဟာ ကမ္ဘာနဲ့တစ်ဝန်းမှာ ဘဏ္ဍာရေးအထိနာခြင်းနဲ့မသေချာမှုတွေကို ဖြစ်စေပါတယ်။ ဂျပန်နိုင်ငံမှာ စိတ်ဓာတ်ကျခြင်းဟာ ဒုတိယအချက်အဖြစ် ပထမပြောခဲ့တဲ့အချက်နဲ့ပေါင်းပြီး တစ်ပူပေါ်နှစ်ပူဆင့်ဆိုသလို ရှိရင်းစွဲအခြေအနေကို ပိုမိုဆိုးရွားစေပါတယ်။**

ထွန်းကျော်

**မူဝါဒချမှတ်သူတွေရဲ့ ဆုံးဖြတ်ချက်ပေါ်မှာ မူတည်**

ကုန်ဈေးနှုန်းတွေက မြင့်တက်၊ ယန်းတန်ဖိုးက ကျဆင်းနေချိန်မှာ ဝယ်လိုအားကလည်း ကျဆင်းနေပါတယ်။ အများစုသော ဂျပန်အိမ်ထောင်စုတွေဟာ သူတို့ရဲ့ ဘဏ္ဍာရေးပေါ်မှာ နှစ်ဆတိုး ဝန်ပိနေမှုတွေ ဘယ်အချိန်မှာ လျော့နည်းသက်သာသွားမလဲဆိုပြီး စဉ်းစားတွေးတောလျက် ရှိပါတယ်။ အဖြေကတော့ ပစိဖိတ်တစ်ဖက်ခြမ်း (အမေရိကန်)မှာရှိတဲ့ မူဝါဒချမှတ်သူတွေရဲ့ ဆုံးဖြတ်ချက်ပေါ်မှာ မူတည်နိုင်ပါတယ်။

**ကုန်ဈေးနှုန်းမြင့်တက်လာတာကို ထိန်းချုပ်ဖို့လုပ်ဆောင်**

နိုင်ငံအများအပြားမှာရှိတဲ့ အစိုးရအရာရှိတွေနဲ့ ဗဟိုဘဏ်ဥက္ကဋ္ဌတွေဟာ တင်းကျပ်တဲ့ ငွေကြေးထိန်းချုပ်မှုတွေမှတစ်ဆင့် ကုန်ဈေးနှုန်းတွေ မြင့်တက်လာတာကို ထိန်းချုပ်ဖို့ လုပ်ဆောင်နေကြပါတယ်။ သို့သော်လည်း ကမ္ဘာလုံးဆိုင်ရာ စီးပွားပျက်ကပ်ကို ဖြစ်စေနိုင်တဲ့အထိ တိုးတက်မှု နှေးကွေးနိုင်တယ်လို့ ကျွမ်းကျင်သူတချို့က သတိပေးထားပါတယ်။

**ဒီသဘောတရားကို ထင်ဟပ်စေ**

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ကလည်း ဒီသဘောတရားကို ထင်ဟပ်စေခဲ့ပါတယ်။ ထို့အတူ ကုန်ဈေးနှုန်းတိုးမြင့်လာခြင်းဟာ အမှန်တကယ်ဝင်ငွေရရှိမှုတွေကို အကျပ်တွေ့စေပြီး မက်ခရိုစီးပွားရေးတည်ငြိမ်မှုကို နှောင့်နှေးစေခြင်းဖြင့် လက်ရှိအနေအထားနဲ့ အနာဂတ်သာယာဝပြောမှုကို ခြိမ်းခြောက်လျက်ရှိပါတယ်။

**ပြန်ကျဖို့ အချိန်ယူရဦးမယ်**

သက်သာရာရစေမယ့် လက္ခဏာတချို့တော့ ရှိပါတယ်။ ကမ္ဘာလုံးဆိုင်ရာ စားသုံးသူဈေးနှုန်းအညွှန်းကိန်းဟာ ၂၀၂၂ ခုနှစ်မှာ ၈ ဒသမ ၈ ရာခိုင်နှုန်းအထိ တက်လာမှာဖြစ်ပြီး ၂၀၂၃ ခုနှစ်မှာ ၆ ဒသမ ၅ ရာခိုင်နှုန်းသို့ ကျဆင်းသွားမှာ ဖြစ်တယ်လို့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ခန့်မှန်းထားပါတယ်။

ကမ္ဘာလုံးဆိုင်ရာ စားသုံးသူအညွှန်းကိန်းဟာ ၂၀၂၁ ခုနှစ်မှာ ရောက်ရှိခဲ့တဲ့ ၄ ရာခိုင်နှုန်းနီးပါး အထိ ပြန်မကျဆင်းမီ တစ်နှစ်ကျော်လောက်အချိန်ယူရဦးမယ်လို့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ခန့်မှန်းထားပါတယ်။

**ငွေကြေးဖောင်းပွမှုအပေါ် အကျိုးသက်ရောက်မှုတွေဖြစ်**

ကမ္ဘာတစ်ဝန်း ကိုဗစ်- ၁၉ ကပ်ရောဂါနဲ့ ယူကရိန်းပဋိပက္ခတွေကြောင့် ငွေကြေးဖောင်းပွမှုအပေါ် အများကြီး အကျိုးသက်ရောက်မှုတွေ ဖြစ်စေပါတယ်။ အဲဒီအခြေအနေတွေက စွမ်းအင်ဈေးနှုန်းတွေ၊ ကုန်စည်စီးဆင်းမှုအနေအထားတွေ၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းဆိုတဲ့ နာကျင်ခံစားမှုတွေကို အမြင့်ဆုံးအထိရောက်ရှိအောင် မီးလောင်ရာ လေပင့်ဖြစ်စေပါတယ်။

**စိုးရိမ်နေကြ**

အမေရိကန်ပြည်ထောင်စုမှာဆိုရင် အမေရိကန်ပြည်ထောင်စုရဲ့အရန်ငွေဘုတ်အဖွဲ့ဟာ ဒီအခြေအနေတွေအပေါ် စဉ်ဆက်မပြတ် ငွေကြေးတင်းကျပ်မှုပုံစံနဲ့ ပြင်းပြင်းထန်ထန် တုံ့ပြန်ခဲ့ပါတယ်။ မူဝါဒချမှတ် အကောင်အထည်ဖော်သူတွေဟာ နိုဝင်ဘာ ၂ ရက်မှာ ၀ ဒသမ ၇၅ ရှိတဲ့ အခြေခံအတိုးနှုန်းကို မြှင့်တင်ဖို့ မျှော်လင့်ထားပါတယ်။ ဒီအရွေ့ဟာ ကမ္ဘာကြီးကို စီးပွားပျက်ကပ်ချောက်ကမ်းပါးဆီသို့ တွန်းပို့မယ့် လှုပ်ရှားမှုတစ်ခု ဖြစ်လာမယ်ဆိုပြီး တချို့က စိုးရွံ့နေကြပါတယ်။



ကမ္ဘာ့ငွေကြေးဖောင်းပွမှုကို အကျိုးသက်ရောက်စေသော အမေရိကန်ဒေါ်လာ။

အမေရိကန်အလုပ်လက်မဲ့နှုန်းဟာ တည်ငြိမ်လျက်ရှိသော်လည်း အိမ်ရာဈေးကွက်ဟာ အကျဘက်ကို ရောက်နေသလို တစ်ကိုယ်ရေသုံးစွဲနိုင်မှုတွေလည်း ကျဆင်းနေပါတယ်။

**❍ စီးပွားပျက်ကပ်ခြောက်လှန့်မှုနဲ့အတူ စီးပွားရေးပညာရှင်တွေနဲ့ ဈေးကွက်စောင့်ကြည့်သူတွေဟာ ဘာတွေဖြစ်လာမလဲဆိုပြီး အမေရိကန်ပြည်ထောင်စုရဲ့အရန်ငွေ (Fed)ကို စောင့်ကြည့်နေကြပါတယ်။ တချို့ကျွမ်းကျင်သူတွေက အဆိုးဆုံးအခြေအနေကို မကြာမီကျော်လွှားတော့မယ်ဆိုပြီး အကြံပြုထားတဲ့ မကြာသေးမီက ထွက်ပေါ်လာတဲ့ အမေရိကန်စားသုံးသူ အညွှန်းကိန်းကို ထောက်ပြပြီး ဗဟိုဘဏ်က သူ့ရဲ့အတိုးနှုန်း မြင့်တက်မှုကို ဒီဇင်ဘာလမတိုင်မီ ၀ ဒသမ ၅ နှုန်းအထိ နှေးကွေးစေမယ်လို့ ခန့်မှန်းထားပါတယ်**

**ယန်းတန်ဖိုး ကျဆင်း**

အမေရိကန်ပြည်ထောင်စုရဲ့ အရန်ငွေနှုန်းတွေ မြင့်တက်လာတယ်ဆိုတဲ့ သိသာထင်ရှားတဲ့ အကျိုးသက်ရောက်မှုတစ်ခုကတော့ ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ ငွေကြေးတွေ လျင်မြန်စွာတန်ဖိုးလျော့နည်းကျဆင်းလာတာပဲ ဖြစ်ပါတယ်။ အာရှနိုင်ငံတွေ အထူးသဖြင့် ဂျပန်နိုင်ငံဟာ ဒါကို အလူးအလဲခံစားနေရပါတယ်။

ဂျပန်နိုင်ငံမှာ ဒီနှစ်ရဲ့ အစပိုင်းကတည်းက ယန်းတန်ဖိုးဟာ ဒေါ်လာထက် ၂၀ ရာခိုင်နှုန်း လျော့နည်းခဲ့ပါတယ်။ ငွေကြေးဈေးကွက်မှာ ဖရိုဖရဲဖြစ်နေခြင်းဟာ ကမ္ဘာ့စွမ်းအင် အကျပ်အတည်းကို ပိုမိုနက်ရှိုင်းစေပါတယ်။

**ဈေးပိုပေးခဲ့ရ**

ဘရန့် ရေနံစိမ်းဈေးဟာ ဖေဖော်ဝါရီလနဲ့ စက်တင်ဘာလကြားမှာ ၆ ရာခိုင်နှုန်းနီးပါး ကျဆင်းခဲ့ပါတယ်။ ရေနံစိမ်းဈေးတွေ ကျဆင်းလာသော်လည်း ရေနံတင်သွင်းတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ၆၀ ရာခိုင်နှုန်းနီးပါးဟာ ဈေးပိုပေးခဲ့ရပါတယ်။

စီးပွားပျက်ကပ်ခြောက်လှန့်မှုနဲ့အတူ စီးပွားရေးပညာရှင်တွေနဲ့ ဈေးကွက်စောင့်ကြည့်သူတွေဟာ ဘာတွေဖြစ်လာမလဲဆိုပြီး အမေရိကန်ပြည်ထောင်စုရဲ့အရန်ငွေ (Fed)ကို စောင့်ကြည့်နေကြပါတယ်။ တချို့ကျွမ်းကျင်သူတွေက အဆိုးဆုံးအခြေအနေကို မကြာမီကျော်လွှားတော့မယ်ဆိုပြီး အကြံပြုထားတဲ့ မကြာသေးမီက ထွက်ပေါ်လာတဲ့ အမေရိကန်စားသုံးသူ အညွှန်းကိန်းကို ထောက်ပြပြီး ဗဟိုဘဏ်က သူ့ရဲ့အတိုးနှုန်း မြင့်တက်မှုကို ဒီဇင်ဘာလမတိုင်မီ ၀ ဒသမ ၅ နှုန်းအထိ နှေးကွေးစေမယ်လို့ ခန့်မှန်းထားပါတယ်။ ဇွန်လမှာ ကုန်ဈေးနှုန်းတွေဟာ လွန်ခဲ့သောနှစ်အလားတူလထက် ၉ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပါတယ်။ စက်တင်ဘာလမှာ ကုန်ဈေးနှုန်းတွေဟာ ၈ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ပါတယ်။

**အလှမ်းဝေးနေဆဲဖြစ်**

အမေရိကန်ပြည်ထောင်စုရဲ့ ငွေကြေးဖောင်းပွမှုနှုန်းဟာ ၂၀၂၃ ခုနှစ် နွေရာသီအထိ သူ့ရဲ့လက်ရှိအဆင့်ထက်ထက်ဝက်လျော့ကျအုံးမှာ မဟုတ်သေးဘူးလို့ ကျွမ်းကျင်သူတွေက ခန့်မှန်းထားပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ ငွေကြေးဖောင်းပွမှုကို ကိုင်တွယ်ဖြေရှင်းဖို့ တင်းကျပ်တဲ့ နည်းလမ်းတွေ အသုံးပြုခြင်းနဲ့ လျင်မြန်စွာ နှေးကွေးလာမှုကို ဟန့်တားရင်း အခြေအနေတွေကို ဟန်ချက်ညီအောင် ကြိုးစားဖို့ဆိုတာ အလှမ်းဝေးနေဆဲဖြစ်ပါတယ်။

**ဆယ်စုနှစ်ကြာ ကျဆင်း**

ဒီဖြစ်စဉ်ရဲ့ တခြားတစ်ဖက်မှာတော့ ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံတွေကြား သာလွန်နေတဲ့ ဂျပန်နိုင်ငံ ဖြစ်ပါတယ်။ ဂျပန်ဗဟိုဘဏ်ဟာ နှစ်ပေါင်းအတော်ကြာ ကြီးမားတဲ့ ဖြေလျှော့မှု အစီအစဉ်တစ်ခုကို ချမှတ်ခဲ့ပါတယ်။ အုပ်ချုပ်ရေးမှူး ကူရိုဒါဟာရူဟီကိုဟာ ဒါကိုဘယ်အချိန်မှ မပြောင်းဖို့ အကြံပြုထားပါတယ်။ အကျိုးဆက်အားဖြင့်တော့ ဂျပန်ယန်းတန်ဖိုးဟာ ဆယ်စုနှစ်ကြာ ကျဆင်းနေတာပဲဖြစ်ပါတယ်။

**စွန့်စားမှုတွေများပြား**

ဂျပန်အာဏာပိုင်တွေဟာ ယန်းငွေကျဆင်းမှုကို ဟန့်တားဖို့ မကြာသေးမီ ရက်သတ္တပတ်များအတွင်း ဈေးကွက်မှာနှစ်ကြိမ်တိုင်တိုင် ဝင်ရောက်ကြိုးစားခဲ့ပါတယ်။ သူတို့ရဲ့လှုပ်ရှားမှုတွေဟာ အတိုင်းအတာတစ်ခုအထိ အောင်မြင်ခဲ့ပါတယ်။ အမေရိကန်အရန်ငွေရဲ့အတိုးနှုန်းကို နှေးကွေးလိုက်ပါက ယန်းတန်ဖိုးကျဆင်းမှုကို နှေးကွေးစေမှာ ဖြစ်ပါတယ်။ သို့သော်လည်း ဘယ်လိုမျိုး အကောင်းမြင်ဝါဒီမျိုးကိုမဆို လက်တွေ့ကျကျ လုပ်ဆောင်ခြင်းနဲ့သာ ချိန်ထိုးရမှာ ဖြစ်ပါတယ်။ ကမ္ဘာ့စီးပွားရေးမှာ စွန့်စားမှုတွေ များပြားလှပါတယ်။ ။

ကိုးကား- အင်န်အိတ်ချ်ကေ



ဂျပန်နိုင်ငံသည်လည်း ယန်းတန်ဖိုးကျဆင်းမှုကို အလူးအလဲခံစားနေရ။

# ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၅ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိ

**(၆–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၇,၈၃၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၅) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၅၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၄၆၇,၇၉၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၂,၂၇၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၉၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၆,၄၈၅) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၅) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၅–၁၁–၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၇၂၄,၀၃၂) ဦး နှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၇၀၂,၄၈၃) ဦး တို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၅–၁၁–၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၇၂၄,၀၃၂ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၇၀၂,၄၈၃ |

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂) ရက်နေ့မှ (၁၅–၁၀–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူ စုစုပေါင်း၏ (၉၀.၄) ရာခိုင်နှုန်းနှင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

| ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်–၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူ | ၉၀.၄ % | ၈၀.၉ % |

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများသည် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအား မဖြစ်မနေထိုးနှံထားရှိရန်လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

### ၆ -၁၁- ၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၉၆၃၉၂၀၇ | ၉၇၁၄၉၉၇၀ | ၁၀၉၈၂၂၁ |
| ၂။ | အိန္ဒိယ | ၄၄၆၆၀၅၇၉ | ၄၄၁၁၅၂၄၀ | ၅၃၀၅၀၀ |
| ၃။ | ပြင်သစ် | ၃၆၉၄၆၉၀၄ | ၃၆၁၀၀၃၃၀ | ၁၅၇၂၇၇ |
| ၄။ | ဂျာမနီ | ၃၅၈၃၂၇၇၁ | ၃၄၃၈၉၆၀၀ | ၁၅၄၅၃၅ |
| ၅။ | ဘရာဇီး | ၃၄၈၉၂၁၃၄ | ၃၄၀၆၇၆၉၅ | ၆၈၈၄၁၉ |
| ၆။ | တောင်ကိုရီးယား | ၂၅၈၃၈၂၃၉ | ၂၅၁၆၄၈၂၃ | ၂၉၃၇၂ |
| ၇။ | ဗြိတိန် | ၂၃၉၃၀၀၄၁ | ၂၃၅၈၂၉၈၉ | ၁၉၄၇၀၄ |
| ၈။ | အီတလီ | ၂၃၆၄၂၀၁၁ | ၂၃၀၃၇၄၆၄ | ၁၇၉၄၃၆ |
| ၉။ | ဂျပန် | ၂၂၆၇၄၉၄၄ | ၂၀၅၂၀၆၉၄ | ၄၇၀၂၇ |
| ၁၀။ | ရုရှား | ၂၁၄၆၃၈၅၀ | ၂၀၈၅၃၃၃ | ၃၉၀၅၈၈ |

### ၆-၁၁- ၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၁၅၀၅၈၄၉ | ၁၀၆၀၄၆၆၃ | ၄၃၁၆၆ |
| အင်ဒိုနီးရှား | ၆၅၁၇၆၃၀ | ၆၃၂၂၉၂၀ | ၁၅၈၈၀၇ |
| မလေးရှား | ၄၉၂၃၅၃၈ | ၄၈၅၀၄၇၄ | ၃၆၄၈၂ |
| ထိုင်း | ၄၆၉၂၄၄၈ | ၄၆၄၉၅၀၉ | ၃၂၉၅၅ |
| ဖိလစ်ပိုင် | ၄၀၀၈၅၅၀ | ၃၉၂၇၁၈၇ | ၆၄၂၄၀ |
| စင်ကာပူ | ၂၁၂၁၄၃၅ | ၂၀၃၉၄၇၃ | ၁၆၈၆ |
| မြန်မာ | ၆၃၂၂၇၄ | ၆၀၆၄၈၅ | ၁၉၄၈၅ |
| ဘရူနိုင်း | ၂၄၁၀၄၄ | ၂၂၂၁၄၀ | ၂၂၅ |
| လာအို | ၂၁၆၂၈၁ | ၂၀၈၃၄၄ | ၇၅၈ |
| ကမ္ဘောဒီးယား | ၁၃၇၉၉၅ | ၁၃၄၉၃၄ | ၃၀၅၆ |

# ဝါးဗိသုကာလက်ရာအဆောက်အအုံတည်ဆောက်ခြင်း

မယ်သီတာ(DRI)

မြန်မာနိုင်ငံသည် အပူပိုင်းမုတ်သုံရာသီဥတုမျိုး ဖြစ်ပြီး ကမ္ဘာပေါ်တွင် တတိယမြောက် ဝါးထွက်ရှိသော နိုင်ငံဖြစ်ခဲ့ပါသည်။ ဝါးမျိုးစု ၂၂ မျိုးရှိပြီး မျိုးစိတ် ၁၀၂ မျိုး ထွက်ရှိပါသည်။ ဝါးများကို ကျေးလက်ဒေသများတွင် အိမ်နှင့် အဆောက်အအုံ ဆောက်လုပ်ရာတွင် နည်းလမ်းအမျိုးမျိုးဖြင့် အသုံးပြုလေ့ရှိကြပါသည်။ ဝါးထရံနှင့် ဝါးကပ်များ အသုံးပြု၍ အိမ်ဆောက်ခြင်း၊ အဆောက်အအုံ ဆောက်လုပ်ခြင်းတို့ဖြင့် ဝါးအသုံးချမှုများ တိုးတက်လာသည်ကိုလည်း တွေ့ရှိရပါသည်။ သဘာဝ ပတ်ဝန်းကျင်နှင့် လူတို့အား အကျိုးပြုနေသော ဝါးပင်သည် ကြီးထွားနှုန်းမြန်ဆန်သော အပင်တစ်မျိုးဖြစ်ပြီး ပညာရှင်တို့၏ လေ့လာမှုအရ တစ်ရက်လျှင် တစ်မီတာနှုန်းကြီးထွား၍ ဆယ်နှစ်အတွင်း အကျိုးအမြတ်ပေးနိုင်စွမ်းသည့်အပင်မျိုး ဖြစ်ပါသည်။ ဝါးပင်သည် လေထုအတွင်းသို့ အောက်ဆီဂျင်များစွာ ထုတ်လွှတ်နိုင်စွမ်းရှိသကဲ့သို့ ကာဗွန်ကိုစုပ်ယူနိုင်စွမ်းတွင်လည်း အချို့သော အပင်များထက် လေးဆအထိ ပိုများပါသည်။ ဝါးပင်များကို စိုက်ပျိုးခြင်းအားဖြင့် လေထုသန့်ရှင်းမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလွန်အထောက်အကူပြုလျက်ရှိပါသည်။ ဝါးများကို ကြာရှည်ခံအောင်၊ ပိုးမထိုးအောင် နည်းပညာများ အသုံးပြု၍ တံတားများ၊ အိမ်နှင့် အဆောက်အအုံများ၊ ဟိုတယ်နားနေဆောင်များ၊ အပန်းဖြေရာ ကမ်းခြေများကိုလည်း ဆောက်လုပ်လာကြပါသည်။ ယခုဆိုလျှင် မဲခေါင်နိုင်ငံများတွင် ဟိုတယ်ကဲ့သို့ နားနေဆောင်နှင့် အပန်းဖြေရာ ကမ်းခြေများတွင်ပါ ဝါးကို အသုံးပြုပြီး ဆောက်လုပ်ထားသည်ကို တွေ့ရှိလာရပါသည်။ ဝါး၏တန်ဖိုးမြှင့်သော အသုံးချမှုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးရုံသာမက သစ်သားအစားထိုးရန် ဂေဟစနစ်ဖြင့် ပတ်ဝန်းကျင်ကို ကာကွယ်ရန်နှင့် သစ်တောအရင်းအမြစ်ကိုလည်း စုဆောင်းပေးမည်ဖြစ်ပါသည်။ စီးပွားဖြစ်ဆောက်လုပ်ရေးသုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စွမ်းအင်သုံးပစ္စည်းများကို ဝါးမှထုတ်လုပ်နိုင်မှုနှင့် နှစ်စဉ်ပြန်လည်အသုံးချနိုင်မှုနှုန်းသည် အခြားသော သဘာဝအရင်းအမြစ်များထက် ပိုမိုအသုံးပြုလာနိုင်မည်ဖြစ်ပါသည်။

### ဝါးသက်တမ်းရှည်ကြာစေရန် ဆေးရည်စိမ်ခြင်း

ဝါးကို ပိုးမစားအောင် ဆေးရည်စိမ်ခြင်းဖြင့် ဝါးသက်တမ်းရှည်ကြာစေနိုင်ပြီး ဆေးရည်စိမ်ပြီးသော ဝါးများကို အသုံးပြု၍ ဝါးဗိသုကာအဆောက်အအုံတည်ဆောက်ခြင်းဖြင့် အဆောက်အအုံ၏ သက်တမ်းကိုလည်း ပိုမိုရှည်ကြာစေနိုင်ပါသည်။ ဝါးဗိသုကာ အဆောက်အအုံတည်ဆောက်ရန် အတွက် အရင်ဆုံးဝါးများကို စုဆောင်းပြီးလျှင် အဆောက်အအုံဆောက်လုပ်ရန်အတွက် ဝါးများ စုဆောင်းရာတွင် တိုင်ထောင်ခြင်း၊ တန်းများထိုးခြင်းတို့တွင် အသုံးပြုရန်အတွက် အသားထူ၊ ကျစ်လျစ်၍ ဖြောင့်တန်းပြီး ကဆီခတ်နည်းသော အလွယ်တကူပိုးမထိုးနိုင်သော ထီးရိုးဝါးကို ရွေးချယ်၍ စုဆောင်းပါသည်။ ကြသောင်းဝါးသည် ကျစ်ပြီး အသားပါးသောကြောင့် အခင်း၊ အကာ၊ ထရံနှင့် ဝါးခြမ်းပြားအဖြစ်အသုံးပြုပြီး ဝါးပိုးဝါးသည် အသားထူသောကြောင့် တိုင်၊ ဝါးကပ်၊ သဲ့ပြားနှင့် အပြားများတွင် အသုံးပြုလေ့ရှိကြပါသည်။ ဝါးဗိသုကာလက်ရာဆောက်လုပ်ရာတွင် ထီးရိုးဝါးကို တိုင်ထောင်ခြင်း၊ ဒိုင်းကွေးခြင်း၊ မြားတန်းထိုးခြင်း၊

> ❁ **ဝါးဗိသုကာ အဆောက်အအုံတည်ဆောက်ရန်အတွက် ဝါးများကို ပိုးမထိုးစေရန်၊ မှိုအန္တရာယ်မှကာကွယ်ရန်၊ မှိုမတက်စေရန်နှင့် ပိုးမထိုးဘဲ ကြာရှည်ခံစေရန် ဆေးစိမ်ရပါသည်။ ဆေးစိမ်ရာတွင် Boric acid နှင့် Borax ကိုအသုံးပြု၍ ဆေးစိမ်ကန်ထဲသို့ ဝါးများကိုထည့်ပြီး ဆေးရည်တွင် စိမ်ရပါသည်။ ဝါးအမျိုးအစားပေါ်မူတည်ပြီး ကန်အတွင်းထဲကို ဆံ့သည့် ဝါးလုံးအရေအတွက် ကွာခြားမှုရှိနိုင်ပါသည်။ ဆေးစိမ်ကန်ထဲတွင် အပူချိန် ၁၀၀ ဒီဂရီ စင်တီဂရိတ်ဖြင့် ဆေးများ ဝါးလုံးအတွင်း စိမ့်ဝင်စေရန် ၂၄ နာရီကြာထားပြီး စိမ်ထားပါသည်။ ဆေးမစိမ်မီ ဝါးလုံးများကို သံချောင်းအရှည်ဖြင့် ဝါးအတွင်းပိုင်းများအထိ ဆေးရည်များစိမ့်ဝင်စေရန်အတွက် အလုံးလိုက် အဆစ်နေရာကို အပေါက်ဖောက်ခြင်းများပြုလုပ်ပြီး ဝါးဆစ်တစ်ဆစ်တိုင်းကို drill နှင့် အပေါက်နှစ်ပေါက် ဖောက်ပေးရပါသည်**

ဂငယ်ကွေးခွေခြင်းနှင့် အမိုးမိုးသောအခါ တန်းများထိုးခြင်းဖြင့် အသုံးပြုထားပါသည်။ ကြသောင်းဝါးကို အမိုးမိုးရာတွင် အသုံးပြုပြီး ဝါးပိုးဝါးကို ဝါးပိုးသဲ့ပြားပြုလုပ်၍ အမိုးမိုးရာတွင် အသုံးပြုပါသည်။

### မှိုမတက်စေရန် ဆေးရည်စိမ်ခြင်း

ဝါးဗိသုကာ အဆောက်အအုံတည်ဆောက်ရန် အတွက် ဝါးများကို ပိုးမထိုးစေရန်၊ မှိုအန္တရာယ်မှ ကာကွယ်ရန်၊ မှိုမတက်စေရန်နှင့် ပိုးမထိုးဘဲ ကြာရှည်ခံစေရန် ဆေးစိမ်ရပါသည်။ ဆေးစိမ်ရာတွင် Boric acid နှင့် Borax ကိုအသုံးပြု၍ ဆေးစိမ်ကန်ထဲသို့ ဝါးများကို ထည့်ပြီး ဆေးရည်တွင် စိမ်ရပါသည်။ ဝါးအမျိုးအစားပေါ်မူတည်ပြီး ကန်အတွင်းထဲကို ဆံ့သည့် ဝါးလုံးအရေအတွက် ကွာခြားမှုရှိနိုင်ပါသည်။ ဆေးစိမ်ကန်ထဲတွင် အပူချိန် ၁၀၀ ဒီဂရီ စင်တီဂရိတ်ဖြင့် ဆေးများဝါးလုံးအတွင်း စိမ့်ဝင်စေရန် ၂၄ နာရီကြာထားပြီး စိမ်ထားပါသည်။ ဆေးမစိမ်မီ ဝါးလုံးများကို သံချောင်းအရှည်ဖြင့် ဝါးအတွင်းပိုင်းများအထိ ဆေးရည်များစိမ့်ဝင်စေရန် အတွက် အလုံးလိုက်အဆစ်နေရာကို အပေါက်ဖောက်ခြင်းများပြုလုပ်ပြီး ဝါးဆစ်တစ်ဆစ်တိုင်းကို drill နှင့် အပေါက်နှစ်ပေါက် ဖောက်ပေးရပါသည်။ ဆေးစိမ်ပြီးသောအခါတွင် ပိုလျှံနေသော ဓာတုဓာတ်ဆေးများဖယ်ရှားရန်အတွက် ရေဆေးကန်တွင် ဝါးလုံးတစ်လုံးခြင်းစီကို အဝတ်ဖြင့်ပွတ်၍ တစ်ကြိမ်ဆေးကြောပါသည်။ ရေဆေးကန်တွင် ဆေးကြောပြီးသော ဝါးလုံးများကို ရာသီဥတုအရ နေရောင်ခြည်ရရှိမှုပေါ်မူတည်၍ တစ်ရက်မှ ငါးရက်အထိ နေလှန်းစင်တွင် ခြောက်သည်အထိ နေလှန်းထားရပါသည်။ နေလှန်း၍ ခြောက်သွားသော ဝါးလုံးများကို အရိပ်ထဲတွင် သိမ်းဆည်းသိုလှောင်ထားရပါသည်။

### ဝါးဖြင့်အဆောက်အအုံများ တည်ဆောက်ခြင်း

ဝါးဗိသုကာလက်ရာ အဆောက်အအုံ တည်ဆောက်ရန်အတွက် အသုံးပြုထားသော ဝါးအမျိုးအစားများမှာ ထီးရိုးဝါး၊ ကြသောင်းဝါးနှင့် ဝါးပိုးဝါးသဲ့ပြားများကို အသုံးပြုထားခြင်းဖြစ်ပါသည်။ သုံးနှစ်နှင့်အထက်ရှိသော ဝါးများကို အသုံးပြုထားခြင်းဖြစ်ပါသည်။ သုံးနှစ်အောက် ဝါးများကို ခုတ်ယူခြင်းမှ ရလာသောဝါးများတွင် သကြားဓာတ်အမြောက်အမြားပါဝင်နေပြီး ပိုးမွှားများ အလွယ်တကူ ကျရောက်နိုင်သောကြောင့် ဖြစ်ပါသည်။ အဆောက်အအုံ စတင်တည်ဆောက်ရန်အတွက် အရင်ဆုံး အုတ်ဖိနပ်တိုင်ထောင်ရန် ကျင်းတူးရပါသည်။ ကျင်းတူးပြီးသောအခါတွင် ၁၉ လက်မ ပတ်လည်၊ နှစ်ပေအနက်တူးပြီး အုတ်များစီ၍ မြေအပေါ်ကို တစ်ပေအမြင့်ထား၍ အုတ်ဖိနပ်တိုင်များထောင်ပါသည်။ တိုင်ထောင်သည့်အခါတွင်လည်း တိုင်တစ်တိုင်ကို ထီးရိုးဝါးလေးချောင်း အသုံးပြုပြီး တိုင်ထောင်ထားပါသည်။ ရာသီဥတုဒဏ်နှင့် သဘာဝဘေးအန္တရာယ်ကို ကာကွယ်နိုင်စေရန်အတွက် သုံးပေစီခွာပြီး နပ် (nut) စွဲထားရပါသည်။ အဆောက်အအုံဒီဇိုင်းအရ တိုင် အတိုအရှည် မတူညီနိုင်ပါ။ အုတ်ဖိနပ်တွင်စိုက်မည့် တိုင်နှင့် ဒိုင်းကွေးများကို မြေပေါ်တွင်ပြုလုပ်ခါ လိုအပ်သလို Screw များစွဲရပါသည်။ ထိုသို့ပြုလုပ်ပြီးသောအခါ အုတ်ဖိနပ်တိုင်များတွင် စိုက်ရပါသည်။ ထီးရိုးဝါးကို ဂငယ်ကွေးခွေရာတွင် အကွေးကောင်းစေရန် အတွက် အကွေးနေရာများမှာ ခြောက်လက်မစီခြားပြီး အထစ်ရာများပေး၍ တိုင်တွင် Screw စွဲပြီး ဂငယ်ကွေးခွေရပါသည်။ ထိုသို့ တိုင်ထောင်ခြင်း၊ ဒိုင်းကွေးခြင်း၊ ဂငယ်ကွေးခွေခြင်းများ ပြုလုပ်ပြီးပါက အမိုးမိုးရန်အတွက် တန်းများထိုးရပါသည်။ တန်းထိုးရာတွင် အလျားလိုက်တစ်တန်းစီကို ဝါးသုံးချောင်းစီပူးပြီး တစ်တန်းနှင့် တစ်တန်း လေးပေအကွာတန်း ထိုးရပါသည်။ ကန့်လန့်ဖြတ်တန်း အတွက် ဝါးတစ်ချောင်းနှင့် တစ်ချောင်း တစ်ပေအကွာ တန်းထိုးပါသည်။

### အဆောက်အအုံ အမိုးမိုးခြင်း

အမိုးမိုးသည့်အခါတွင် ကြသောင်းဝါး၊ ပလတ်စတစ်အထူပြားနှင့် ဝါးပိုးဝါးသဲ့ပြားများကို အသုံးပြုပြီး သုံးထပ်မိုးပါသည်။

ပထမတစ်ထပ်မှာ ကြသောင်းဝါးခြမ်းပြားကို ဝါး၏ သဘာဝအရောင်ထွက်နေစေရန်အတွက် မြေဝါမှုန့်ကို ခံဆေးသဘောသုတ်ထားသော ကြသောင်းဝါးခြမ်းပြားများကိုအသုံးပြုပြီး မိုးထားပါသည်။ ကြသောင်းဝါးခြမ်းပြားများကို တစ်ဖက်လှန်၍ မိုးပါသည်။ ထိုသို့ တစ်ဖက်လှန်၍ မိုးရခြင်းမှာ အကယ်၍ မိုးယိုခဲ့လျှင် ရေတံလျှောက် သဘောမျိုး ဖြစ်နေ၍

*စာမျက်နှာ ၁၇ သို့*





ဝါးပိုး၊ ထီးရိုးဝါးနှင့် ကြသောင်းဝါးများကို အသုံးပြု၍ ဆောက်လုပ်ထားသော ဝါးအဆောက်အအုံတစ်ခု။



## ဒုတိယဝန်ကြီး ဦးဇော်အေးမောင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ဆိပ်ခံဇောတံတား တည်ဆောက်ရေးလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၆

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၌ တည်ဆောက်လျက်ရှိသည့် ဆိပ်ခံဇောတံတား စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။(ဓာတ်ပုံ)

ထိုသို့ကြည့်ရှုစစ်ဆးစဉ် ဒုတိယဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်အချိန်ကာလအတွင်း အပြီးဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သတိပြုဆောင်ရွက်သွားကြရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကြောင်း သိရသည်။

**သတင်းစဉ်**

## ဒသမအကြိမ်မြောက် အာဆီယံ ဉာဏ်စမ်းပဟေဠိ (ဒေသတွင်းအဆင့်)ပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် ကျောင်းသား ကျောင်းသူများ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၆

**ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ – ဒေသတွင်းအဆင့်ပြိုင်ပွဲ (10th ASEAN Quiz – Regional Level)ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၁ ရက် မှ ၁၆ ရက်အထိ နေပြည်တော် MICC–II တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် ကျောင်းသား ကျောင်းသူ သုံးဦးနှင့်အရန်ကျောင်းသား ကျောင်းသူနှစ်ဦးတို့ကို အပြီးသတ်ရွေးချယ်ကာ ပြိုင်ပွဲတွင် အဆင့်မီအောင်မြင်စွာ ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများက အာဆီယံဆိုင်ရာ ဗဟုသုတများ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။**

အဆိုပါ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ငါးဦးကို အသိုက်အဝန်းမဏ္ဍိုင် သုံးရပ်ဖြစ်သည့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ အသိုက်အဝန်း (APSC)၊ အာဆီယံစီးပွားရေးဆိုင်ရာ အသိုက်အဝန်း(AEC) နှင့် အာဆီယံလူမှုရေး – ယဉ်ကျေးမှုဆိုင်ရာ အသိုက်အဝန်း (ASCC) မဏ္ဍိုင်တို့၏ တာဝန်ခံဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ အဆင့်မြင့်အရာရှိကြီးများ၊ ရန်ကုန်ပညာရေးတက္ကသိုလ် အင်္ဂလိပ်စာဌာနနှင့် ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးဌာနတို့မှ ကျွမ်းကျင်ပညာရှင်များဖြင့် အွန်လိုင်းမှတစ်ဆင့် လေ့ကျင့်သင်ကြားမှုများ၊ စစ်ဆေးမှုများဆောင်ရွက်ခဲ့ကြပြီး အကဲဖြတ်ဒိုင်အဖွဲ့က နိုင်ငံကိုယ်စားပြု ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူသုံးဦးကို အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ပြည့်စုံချမ်းသာနှင့် မောင်ဟိန်းလင်းထက်၊ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း နေပြည်တော်မှ မနှင်းပွင့်အောင်တို့အားလည်းကောင်း၊ အရန်နှစ်ဦးကို အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း အောင်မြေသာစံမြို့နယ် မန္တလေးတိုင်းဒေသကြီးမှ မမေသဲဖြူအုန်းနှင့် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီးမှ မရွှန်းလဲ့ဝေတို့အားလည်းကောင်း အပြီးသတ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် ကျောင်းသား ကျောင်းသူများ ရွေးချယ်နိုင်ရန်အတွက် ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ– နိုင်ငံအဆင့်ပြိုင်ပွဲ (10th ASEAN Quiz –National Level) ကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ၂၀၂၂ ခုနှစ် မေ ၃၀ ရက်မှ ဇွန် ၁ ရက်အထိ ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ကျင်းပခဲ့ရာ ယင်းပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကိုယ်စားပြု ကျောင်းသား ကျောင်းသူ ၃၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ယင်းပြိုင်ပွဲဝင်များ၏ ရေးဖြေနှင့်




၁–၆–၂၀၂၂ ရက်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပခဲ့သည့် ဆန်ခါတင်အဆင့် ကျောင်းသား ကျောင်းသူ ၁၀ ဦး ပါဝင်ယှဉ်ပြိုင်ကြစဉ်။

လူတွေ့စစ်ဆေးခြင်းများတွင် ရမှတ်အများဆုံး ရရှိခဲ့သည့် ဆန်ခါတင်အဆင့် ကျောင်းသား ကျောင်းသူ ၁၀ ဦး အား ၂၀၂၂ ခုနှစ် ဇွန် ၁ ရက်တွင် ရုပ်မြင်သံကြား ရိုက်ကူးရေးဆောင်ရွက်မှုနှင့်အတူ ယှဉ်ပြိုင်ခဲ့ကြပြီး ယင်းတို့၏ ယှဉ်ပြိုင်မှုရမှတ်များကို နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများ၊ ဒိုင်အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက်များဖြင့် ဒသမအကြိမ်မြောက် အာဆီယံ ဉာဏ်စမ်းပဟေဠိ – ဒေသတွင်း အဆင့်ပြိုင်ပွဲ (10th ASEAN Quiz–Regional Level) သို့ ပါဝင်ယှဉ်ပြိုင်ရန် ပဏာမငါးဦးကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခုကဲ့သို့ အဆင့်ဆင့်ရွေးချယ်ထားသည့် ထူးချွန်ကျောင်းသား ကျောင်းသူများသည် နိုဝင်ဘာမှ စတင်ကာ နည်းပညာဆိုင်ရာ လက်တွေ့လေ့ကျင့်သင်ကြားမှုများ ပြုလုပ်လျက်ရှိပြီး 10th ASEAN Quiz (Regional Level) ပြိုင်ပွဲသို့ အာဆီယံနိုင်ငံများမှ ရွေးချယ်ထားသည့် ကျောင်းသား ကျောင်းသူများနှင့်အတူ မြန်မာနိုင်ငံကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၆ မှ*

အဆောက်အအုံအတွင်းကို မိုးမယိုစေရန်အတွက် ဖြစ်ပါသည်။ ကြသောင်းဝါးလုံးကို လေးခြမ်းစိတ်ထားသော လေးပေအရှည်ဖြတ်ထားသည့် ကြသောင်းဝါးခြမ်းပြားများကို Pneumatic nail gun ကိုအသုံးပြု၍ အမိုးမိုးပါသည်။ ဒုတိယတစ်ထပ်ကို အမိုးမိုးရာတွင် နှစ်ထပ်ပါပြီး နှစ်ပေအရွယ်အစားရှိသော ပလတ်စတစ်အထူသားကို အသုံးပြုထားပါသည်။ ပလတ်စတစ်နှစ်ခုအကြားမှာ ရေမဝပ်စေရန်အတွက် အောက်ပိုင်းလေးများကို ညှပ်ပြီး ကြသောင်းဝါးခြမ်းပြား အမိုးပေါ်တွင် ဖြန့်၍မိုးပါသည်။ နောက်ဆုံးတတိယတစ်ထပ် မိုးရာတွင် ဝါးပိုးဝါးကို အပြားပြုလုပ်ထားသော ဝါးပိုးသဲ့ပြားကို အသုံးပြု၍ မိုးထားပါသည်။ နှစ်ပေအရှည်ဖြတ်ထားသော ဝါးပိုးသဲ့ပြားများကို ဝါးကပ်သဘောတွဲပြီး ခြောက်လက်မစီထပ်ပြီး Pneumatic nail gun ကိုသုံး၍ မိုးပါသည်။ အမိုးသုံးထပ်မိုးပြီးသောအခါတွင် ရာသီဥတုဒဏ်ခံနိုင်စေရန်အတွက် အမိုးပေါ်ကို ရေများဆေးချပြီး MU Laiquer ဆေးကို နှစ်ထပ်သုတ်ပါသည်။ အတွင်းပိုင်းအမိုးတစ်ခုလုံးကိုလည်း ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်သုံး၍ ချေးချွတ်ပြီး အတွင်းဆေး MU Urethane သုတ်ပါသည်။ ထို့နောက် အဆောက် အအုံတစ်ခုလုံးကို ဆေးသုတ်ခြင်းများပြီးသွားပါက အချောသတ်ခြင်းများကို ပြုလုပ်ရပါသည်။ တိုင်နေရာများကိုလည်း အုန်းဆံကြိုးဖြင့်ပတ်ပြီး အလှဆင်ထားပါသည်။

ဝါးဗိသုကာ အဆောက်အအုံတည်ဆောက်ရာတွင် အသုံးပြုထားသော ကိရိယာများမှာ ဝါးလုံးများ တစ်ခုနှင့်တစ်ခု တွဲပြုလုပ်ရသော တိုင်ထောင်ခြင်း၊ ဒိုင်းကွေးခြင်း၊ မြားတန်းနှင့် ဂငယ်ကွေးများကို မူလီများတွဲ၍ ဝက်အူဆွဲခြင်းကို အသုံးပြုပြီး၊ အုတ်တိုင်ထောင်သော နေရာများတွင် နပ်ကို အသုံးပြုထားပါသည်။ အမိုးမိုးသည့်အခါတွင် Pneumatic nail gun ကိုသာအသုံးပြု၍ မိုးထားပါသည်။

အဆောက်အအုံတစ်ခုလုံး ပြီးသွားပါက အဆောက်အအုံအတွင်းပိုင်းကို ကွန်ကရစ်လောင်းရန်အတွက် အဆောက်အအုံ၏ဘေးပတ်လည်ကို အုတ်ခဲကျိုးနှင့် သဲများဖို့၍ အုတ်ဘောင်ခတ်ရပါသည်။ ကွန်ကရစ်လောင်းရန်အတွက် အဆောက်အအုံ၏ဘေးပတ်လည်ကို အုတ်ဘောင်ခတ်ပြီးပါက အဆောက်အအုံအတွင်းပိုင်းကို ကျောက်၊သဲ၊ ဘိလပ်မြေရော၍ ကွန်ကရစ်လောင်းပါသည်။ လောင်းထားပြီးသော ကွန်ကရစ်ပေါ်တွင် ရေစိုခံစေရန်၊ ရေစိုခံသော WPC ကြမ်းခင်းပြားကိုခင်း၍ အလှဆင်ထားပါသည်။ အထက်ပါနည်းပညာများကိုအသုံးပြု၍ ဝါးဗိသုကာလက်ရာ အဆောက်အအုံတည်ဆောက်နိုင်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

ဝါးကိုငြမ်း၊ တံတား၊ အိမ်နှင့်အဆောက်အအုံများအတွက် ဆောက်လုပ်ရေးပစ္စည်းအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာကြပါသည်။ ဝါးသည် ခိုင်ခံ့မှု အလေးချိန် အချိုးအစားမြင့်မားသော သဘာဝပေါင်းစပ်ပစ္စည်းတစ်ခုလည်းဖြစ်ပါသည်။ အခြားသော ဆောက်လုပ်ရေးပစ္စည်းများနှင့် ယှဉ်လျှင် ပေါ့ပါးပြီး ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိသော ဆောက်လုပ်ရေးပစ္စည်းတစ်ခုလည်း ဖြစ်ပါသည်။ ကြီးထွားနှုန်းမြန်ပြီး ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့နေသော အပင်များထဲမှလည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ဝါးသည် အလျားလိုက် နံရံတစ်ခုပါရှိကာ ကွေးညွှတ်နိုင်စေပြီး ကွေးသည့်အခါ ကွဲထွက်ခြင်းကို ကာကွယ်နိုင်ခြင်း၊ အဆောက်အအုံဆောက်ရာတွင် ငလျင်ဒဏ်ခံနိုင်ရည်ရှိခြင်းစသည့် သာလွန်ကောင်းမွန်သည့် ထူးခြားသောလက္ခဏာများပါရှိပါသည်။ ဝါးကိုအသုံးပြုပြီး ခေတ်မီဆန်းသစ်သော နည်းပညာများကိုအခြေခံ၍ အဆောက်အအုံဆောက်လုပ်ခြင်းအားဖြင့် ကုန်ကျစရိတ် သက်သာခြင်း၊ တာရှည်ခံခြင်း၊ ပေါ့ပါးပြီး ခိုင်ခံ့မှုမြင့်မားခြင်း၊ သဘာဝဘေးအန္တရာယ်များကို ခံနိုင်ရည်ရှိခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲအရင်းအမြစ်တစ်ခုဖြစ်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိပါသည်။ မြန်မာနိုင်ငံတွင် ခေတ်မီနည်းပညာများဖြင့် သစ်တောအခြေခံထုတ်ကုန်များကို နိုင်ငံတကာ ဈေးကွက်ထိုးဖောက်နိုင်ရန်နှင့် နိုင်ငံတကာ ကုန်သွယ်မှုများအတွက် ဝါးတန်ဖိုးမြှင့် ထုတ်ကုန်များသည် အလားအလာအလွန်ကောင်းသည့် ထုတ်ကုန်များဖြစ်ပါသည်။ resort များတွင် နားနေဆောင်များအဖြစ် အလှဆင်နိုင်သော ဝါးဗိသုကာလက်ရာများကို ကျယ်ကျယ်ပြန့်ပြန့် တွင်ကျယ်စွာ အသုံးပြုနိုင်မည့် အခွင့်ကောင်းများလည်း ရရှိနိုင်မည်ဖြစ်ပါသည်။ ဝါးစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ဆန်းသစ်တီထွင်သော နည်းပညာများဖြင့် ဝါးထုတ်ကုန်ပစ္စည်းများကို အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်းများမှ အသုံးချမှုမြင့်မားလာခြင်းဖြင့် နိုင်ငံတကာ ဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်ခြင်းဖြင့် နိုင်ငံတော်၏ လူမှုစီးပွားတိုးတက်လာပြီး နိုင်ငံ အချင်းချင်းပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာနိုင်မည် ဖြစ်ပါသည်။ ။



ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အရင်အပတ်ကဖော်ပြခဲ့တဲ့ ကာလအပိုင်းအခြားများကို မှန်မှန်ကန်ကန်အသုံးပြုခြင်း (The Correct Use of Tenses) အကြောင်းကို ဆက်လက်ဖော်ပြတဲ့နေရာမှာ Present Perfect Continuous Tense (ပစ္စုပ္ပန်ဖြစ်ပြီးဖြစ်ဆဲကာလ) အကြောင်း ပြည့်ပြည့်စုံစုံ ဖော်ပြပေးလိုက်ရုံသာမက နမူနာဝါကျများနဲ့လည်း ပိုမိုနားလည်အောင် ရှင်းပြလိုက်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း “Shortest way to talk about “Long time no see!” ကိုနမူနာဝါကျများ၊ စကားထပ်မံပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာ ဖော်ပြပေးလိုက်ပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်တူစကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ Present Perfect Continuous Tense (ပစ္စုပ္ပန်ဖြစ်ပြီးဖြစ်ဆဲကာလ) အကြောင်းကို အရိုးရှင်းဆုံးပုံစံဖြင့် အလွယ်ကူဆုံး ဖော်ပြပေးလိုက်ပါတယ်။

**Present Perfect Continuous Tense** (ပစ္စုပ္ပန်ဖြစ်ပြီးဖြစ်ဆဲကာလ)

- it is used to describe an action that was started in the past and is still continuing at the present time

(အတိတ်တစ်ချိန်ကစတင်ခဲ့ပြီး ပစ္စုပ္ပန် (လက်ရှိ) အချိန်အထိ ဆက်လက်ဖြစ်နေဆဲ ပြုလုပ်ချက် သို့မဟုတ် ဆောင်ရွက်ချက်ကို ဖော်ပြလိုလျှင် Present Perfect Continuous Tense (ပစ္စုပ္ပန်ဖြစ်ပြီးဖြစ်ဆဲကာလ) ကိုသုံးသည်။ ဥပမာ–

- He has been sleeping for five hours.
- They have been building the bridge for several months.
- They have been playing since four o’clock.

- It is also sometimes used for an activity that has recently stopped or just stopped

(သတ်မှတ်ချိန် မတိုင်မီကတည်းက ပြီးနေသောလုပ်ဆောင်ချက်၊ လတ်တလောပြီးဆုံးသွားသော လုပ်ဆောင်ချက်တွေကို ပြောချင်သောအခါတွင်လည်း Present Perfect Continuous Tense (ပစ္စုပ္ပန်ဖြစ်ပြီးဖြစ်ဆဲကာလ) ကိုသုံးသည်။) ဥပမာ –

- Why are you out of breath? Have you been running?
- Paul is very tired. He’s been working hard.
- Why are you so tired? What have you been doing?
- I’ve been talking to Amanda and she agrees with me.
- Where have you been? I’ve been looking for you.
- It is also used for repeated actions

(ထပ်ကာထပ်ကာလုပ်ဆောင်ချက်၊ ထပ်တလဲလဲလုပ်ဆောင်ချက်များကို ဖော်ပြလိုသောအခါတွင်လည်း Present Perfect Continuous Tense (ပစ္စုပ္ပန်ဖြစ်ပြီးဖြစ်ဆဲကာလ) ကိုသုံးသည်။ ဥပမာ –

- Silvia is a very good tennis player. She’s been playing since she was eight.
- Every morning they meet in the same cafe. They’ve been going there for years.

ထို့အပြင်

- Present Perfect Continuous Tense (ပစ္စုပ္ပန်ဖြစ်ပြီးဖြစ်ဆဲကာလ) ကို how long၊ for၊ since၊ recently တို့ဖြင့်လည်း တွဲဖက်အသုံးပြုနိုင်သည်။ ဥပမာ –
- It’s been raining for two hours.
- How long have you been learning English?
- Ben is watching TV. He’s been watching TV all day.
- Where have you been? I’ve been looking for you for the last half hour.
- Chris hasn’t been feeling well recently.

**ယခင်အပတ်လေ့ကျင့်ခန်းမှအဖြေများ**

**Exercise (1) မှအဖြေများ**

8. has just arrived
9. have won
10. Have you ever seen
11. Has your father gone
12. have built
13. Has she written
14. has never been
15. has not eaten

**Exercise (2) မှအဖြေများ**

1. since
2. for
3. for
4. for / since
5. for

**Exercise (3) မှအဖြေများ**

1. gone
2. gone
3. been / been
4. been
5. gone

**Exercise (4) မှအဖြေများ**

1. How long has she been on holiday?
2. How long have they been in Brazil?
3. How long have you known her?
4. How long has she been learning Italian?
5. How long has he lived in Canada?

**Exercise (5) မှအဖြေများ**

1. I’ve just had lunch
2. I haven’t finished yet
3. I have already done it
4. I haven’t decided yet
5. She’s just come back

**Exercise (6) မှအဖြေများ**

1. I haven’t used a computer today.
2. I haven’t travelled by bus this week.
3. I haven’t been to the cinema recently.
4. I haven’t read a book for ages.
5. I haven’t lost anything today.

**Exercise (7) မှအဖြေများ**

1. has been is right
2. know is right
3. have known is right
4. have you been is right
5. works is right
6. has been is right
7. have you lived is right
8. I’ve had is right
9. is / has been is right
10. have been married is right

## VOCABULARY (SYNONYMS)

1. moist = damp (စိုထိုင်းသော)
2. motionless = still (ငြိမ်သက်သော၊မလှုပ်မယှက်ဖြစ်သော)
3. mute = dumb (ဆွံ့အသော၊ ငြိမ်သက်သော၊ အသံမထွက်သော)
4. myth = fable (စိတ်ကူးယဉ်၊ ဒဏ္ဍာရီ)
5. narrate = tell (ဖြစ်ကြောင်းကုန်စင်ပြောသည်၊ ဇာတ်ကြောင်းပြောသည်)
6. necessity = need (လိုအပ်ချက်)
7. nimble = active (သွက်လက်ကျွမ်းကျင်သော)


*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about “Long time no see”

**ဒီတစ်ပတ်မှာတော့ Long time no see! မတွေ့ရတာကြာပြီဆိုတဲ့အကြောင်းနဲ့ပတ်သက်ပြီး သူငယ်ချင်းနှစ်ယောက်အပြန်အလှန်ပြောဆိုပုံကို ဖော်ပြထားပါတယ်။ ဒီစကားပြောထဲမှာ တစ်ယောက်နဲ့တစ်ယောက် ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းထားသလဲဆိုတာတွေကို “Shortest way to talk about “Long time no see!” ဆိုပြီးဖော်ပြလိုက်ပါတယ်။**




*long time no see!*

၁။ တစ်ယောက်နဲ့တစ်ယောက် မတွေ့ရတာကြာပြီလို့ပြောရင် စကားပြောပုံစံမှာတော့ long time no see ဆိုပြီး ပြောလေ့ရှိပါတယ်။ တစ်ခါတစ်ရံမှာ I haven’t seen you for ages လို့လည်းပြောပါတယ်။ အောက်မှာပေးထားတဲ့ နမူနာလေးကို လေ့လာကြည့်ပါဦး။

– Hey, Stacey, long time no see! How are you?

*in a while*

၂။ သိပ်မကြာသေးဘူး။ ခဏတစ်ဖြုတ်ပဲရှိသေးတယ်ဆိုရင် in a while နဲ့ ပြောနိုင်ပါတယ်။ ငါမင်းကိုမတွေ့တာ သိပ်မကြာသေးဘူးဆိုရင်တော့ I haven’t seen you in a while ဆိုပြီး ပြောနိုင်ပါတယ်။

*present perfect*

၃။ ဘဝရဲ့တိုးတက်ပြောင်းလဲမှုတွေကို ပြောချင်ရင် ဒီ Present Perfect ပုံစံမျိုးနဲ့ပြောလေ့ရှိကြပါတယ်။ ဥပမာ –

- Have you changed your hair?
  မင်းဆံပင်ပုံပြောင်းလိုက်တာလား။
- I’ve lost weight.
  ငါပိန်သွားတယ်။ (ငါဝိတ်ကျသွားတယ်)
- I’ve changed a lot.
  ငါအများကြီးပြောင်းလဲသွားတယ်။

*Congratulations!*

၄။ သူတစ်ပါးရဲ့အောင်မြင်မှုကို ဂုဏ်ပြုတယ်၊ ဂုဏ်ယူတယ်ဆိုပြီးပြောချင်ရင်တော့ Congratulations လို့သာ ပြောလိုက်ပါ။

**Conversation**

**Long time no see**

Jessica: Hey, Stacey, **long time no see!** How are you?

Stacey: Jessica! Well, well, **I haven’t seen you in a while**, you look different. Have you changed your hair?

Jessica: Yeah, it’s shorter. And I wear contacts now. Oh, and **I’ve lost weight.**

Stacey: Well, you look fantastic.

Jessica: Thanks, so do you.

Stacey: So, **what have you been up to**?

Jessica: Well, I have been working very hard, got a new apartment and I’m making better money now. Things have been going really well. What about you Stacey? What have you been doing?

Stacey: Same old stuff, you know. I’m working in the same bank and still going out with Anthony. I’ve also been busy fixing up my place.

Jessica: Really? So, how’s your house coming along?

Stacey: It’s almost done. My brother’s helping me to keep the price down. How about you? Do you work at the same company?

Jessica: Yes, but I’ve been promoted to a managerial position. I’m very thrilled about this.

Stacey: That’s amazing! **Congratulations!**

Jessica: Thanks.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၁၁-၂၀၂၂ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** ဆရာတော်ဘဒ္ဒန္တဇောတိပါလဟောကြားတော်မူသော "သာမညဖလသုတ် တရားတော်"
**၀၉:၁၀** နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
**၀၉:၄၀** မိုးလကုန်စဲ ကထိန်ပွဲ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** Economic Review
**၁၀:၄၅** သီတဂူဆရာတော်ဘုရားကြီး၏ သာမညဖလသုတ္တန်တရားတော်
**၁၁:၁၅** ကရင်ပြည်နယ်နေ့ဂုဏ်ပြုဇာတ်လမ်း "နှလုံးသားလေးဒုံးယိမ်းက"
**၁၁:၄၀** ဘဝနှင့်အနုပညာ
**၁၂:၃၀** ဆရာတော်ဘဒ္ဒန္တဝိရိယာနန္ဒဟောကြားသော "ဘဝမြင့်သွားရခြင်းတရားတော်"
**၁၃:၃၀** MRTV National News
**၁၄:၀၀** ရုပ်မြင်သံကြားဇာတ်လမ်း "အတိုးမပေးတဲ့... ဒိုးလေး" (အပိုင်း-၈)
**၁၄:၄၅** မျိုးဂုဏ်တင့်စေဆိုကရေးတီးအမွေ
**၁၆:၁၅** ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာ အစီအစဉ်
**၁၇:၁၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၇:၁၅** This Week's Special Interest
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၁၅** တန်ဆောင်တိုင်တေးများ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း" (အပိုင်း-၁၄)
**၂၀:၀၀** ပြည်တွင်းသတင်း နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** တန်ဆောင်တိုင်တေးများ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ "အောင်ပွဲမဏ္ဍိုင်ရင်ဆိုင်ချိတက်" အပိုင်း-၁

**mitv**

**07:01** Evergreen Classic: Mingalar Su Taung (Kyawt Kay Khaing)
**07:08** Travelogue: "Anyar Myay" or Upcountry (Part-1)
**07:32** Bagan Lacquerware
**07:46** Annually Held Hot-Air Balloon Releasing Festival
**08:01** News
**08:27** Asia Updates: My New Year (P-1)
**09:01** Magnificent Festival in Tazaungmone
**09:36** Inlay Traditional Lotus Fabric
**09:48** Gold from Garbage
**10:01** News
**10:26** Topical Topics
**10:35** Dances of Myanmar: Bwe Traditional Danc
**10:37** Winkabar Festival
**11:01** Chef Life: Phyo Arbidans
**11:11** Myanmar Delicate Artistic Handy Creations - Lacquer Ware Making

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
မွန်မြတ်သဒ္ဒါကျောက်ကလပ်စေတီသာ
**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ (အပိုင်း-၂)
**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
အုံ့ဖွယ်ရုံးပတီသီးအစွမ်း
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မွန်ဘာသာစကားပြောကြရအောင် (အပိုင်း-၄)
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
အမှောင်ကမ္ဘာထဲမှစွမ်းအားရှင်လေးများ
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ကွန်ဟိန်း-တောင်ကြီးကြားကရှုမငြီးတဲ့လမ်းခရီး
**"ဝ" (၁၅:၀၀) မှ (၁၇:၀၀) ထိ**
သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့
**ကချင် (၁၇:၀၀) မှ (၁၉:၀၀) ထိ**
အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ထဲကချစ်စရာရိုးရာ အိမ်ကလေး
**ကယား (၁၉:၀၀) မှ (၂၁:၀၀) ထိ**
တစ်နယ်တစ်ကျေးက ကယားတို့ရွာ
**ဝကောကရင် (၂၁:၀၀) မှ (၂၂:၀၀) ထိ**
ကြက်အာလူးအစပ်ချက်
**အနောက်ပိုးကရင် (၂၂:၀၀) မှ (၂၃:၀၀) ထိ**
အောင်မြင်ဖြစ်ထွန်းတဲ့စပျစ်စိုက်ခင်း

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၀၉:၁၅** မိုးလကုန်စဲ ကထိန်ပွဲ
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၄၅** သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "ရေအသုံး ကုန်းတစ်ဝက်"
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း အပိုင်း-၄
**၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၁)
**၁၁:၃၀** "အတွေးအမြင်" အပိုင်း-၄

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** အဓိဋ္ဌာန်အောင်လို့သွားရောက်ဖူးမြော် ကျောက်ဆည်မြို့က မဟာရွှေသိမ်တော်
**၀၇:၀၀** ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
**၀၇:၁၅** ရိုးရာမပျက်ရောင်စုံကြာပွင့်လေးတွေနဲ့ ဆီမီးမျှောကြမယ်
**၀၈:၀၀** လင်းရောင်စဉ်ဖြာ ရှင်မြူးသည်ချိန်ခါ
**၀၈:၁၅** ဦးခိုက်ပူဇော် ဝေရောစန ကျောက်စိမ်းစေတီတော်
**၀၉:၀၀** ဆီမီးရောင်ဖြာ ရွှေလသာ (ဇာတ်လမ်းတို)
**၀၉:၄၅** အဓိဋ္ဌာယ်ပြည့်ဝသဗ္ဗာယ်လှတဲ့ အုံ့ဖွယ်ထီးတော်လှူပ်ဘုရားသုံးဆူ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၁၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၁၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# (၆) ကြိမ်မြောက် အရှေ့အာရှသက်တမ်းအလိုက် လူငယ်တံခွန်စိုက်စစ်တုရင် ချန်ပီယံရှစ်ပြိုင်ပွဲ မြန်မာအားကစားသမား ကျော်မြတ်အောင် ကြေးတံဆိပ်ရရှိ

**ရန်ကုန် နိုဝင်ဘာ ၆**

(၆) ကြိမ်မြောက် အရှေ့အာရှသက်တမ်းအလိုက် လူငယ်တံခွန်စိုက် စစ်တုရင် ချန်ပီယံရှစ် (6th Eastern Asia (ASEAN) Youth Chess Championship) ပြိုင်ပွဲကို နိုဝင်ဘာ ၄ ရက်မှ ၁၃ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပလျက်ရှိရာ အမျိုးသားအသက် ၁၈ နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် ကျော်မြတ်အောင် ကြေးတံဆိပ်ရရှိထားကြောင်း သိရသည်။ ယင်းပြိုင်ပွဲ၌ အသက် ၁၈ နှစ်အောက်ပြိုင်ပွဲတွင်




မြန်မာမှ စိုင်းဟန်သီဟ၊ ကျော်မြတ်အောင်၊ ပိုင်ဇေယျာကို၊ ထိုင်းမှလေးဦး၊ ဖိလစ်ပိုင်မှ သုံးဦး၊ ဗီယက်နမ်မှတစ်ဦး၊ မွန်ဂိုလီးယားမှ တစ်ဦးတို့ ပွဲစဉ်ခုနစ်ပွဲ ယှဉ်ပြိုင်ကစားကြသည်။ ဗိုလ်လုပွဲသို့ မြန်မာမှ ကျော်မြတ်အောင်၊ စိုင်းဟန်သီဟ၊ ဗီယက်နမ်မှ Lai Duc Minh၊ ဖိလစ်ပိုင်မှ Tisado Janmyl Dilan တို့ တက်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပြိုင်ပွဲတွင် ဗီယက်နမ်မှ ပထမ၊ ဖိလစ်ပိုင်မှ ဒုတိယ၊ မြန်မာမှ ကျော်မြတ်အောင်(ဝဲပုံ) တတိယရရှိခဲ့သည်။ မြန်မာအားကစားအဖွဲ့သည် အသက် ၁၆ နှစ်အောက်တွင် ဇော်ရဲထွဋ်၊ အသက် ၁၄ နှစ်အောက်တွင် သီဟဇော်၊ အသက် ၁၀ နှစ်အောက်တွင် ဟိန်းသန့်တို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

(၆) ကြိမ်မြောက် အရှေ့အာရှသက်တမ်းအလိုက် လူငယ်တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတွင် အာဆီယံ ၁၀ နိုင်ငံနှင့် ကိုရီးယား၊ တိုင်ပေ၊ ဟောင်ကောင်၊ မွန်ဂိုလီးယားနိုင်ငံတို့မှ အားကစားသမား ၈၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ **အာကာစိုး**

# တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် နိုဝင်ဘာ ၆** – ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**




နိုဝင်ဘာ ၆ ရက်က တောင်ငူမြို့နေ သတင်းစာဆရာ ဦးကျော်လှ (သမာဓိ) က မြန်မာ့အလင်း သတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့၊ သက်ကြီးသတင်းထောက်များ ပူဇော်ပွဲအတွက် အလှူငွေကျပ်တစ်သိန်းကို လူမှုကူညီရေးအဖွဲ့ဝင် သတင်းထောက်ဦးသူရ (တောင်ငူ) ထံ ပေးအပ်လှူဒါန်းစဉ်။ ၀၄၈

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆ – ၁၁ – ၂၀၂၂

**ရွှေ**

| | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၁၉၃၀၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၁၉၃၆၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၃၉ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၄၄ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၇၀ ကျပ် | ၂၆၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၄၅ ကျပ် | ၂၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၄၀ ကျပ် | ၂၀၈၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၃၅ ကျပ် | ၂၁၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၅၅ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၄၈၄ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၅ . ၉၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၂၁ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၄၂ . ၂၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၉ . ၂၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၄၆၆ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၁၀၀ | ၉၂၀၀ | ၃ | ၂၇၆၀၀ |
| MTSH | ၃၃၀၀ | ၃၄၀၀ | ၃၃၆ | ၁၁၀၉၉၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၅၃ | ၄၀၈၁၀၀ |
| FPB | ၁၉၅၀၀ | ၀ | ၀ | ၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၃၀ | ၈၂၅၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၂၅၁ | ၆၇၇၇၀၀ |
| AHP | ၅၁၀၀ | ၄၉၀၀ | ၂၁ | ၁၀၄၉၀၀ |

ညီညီ – စုစည်းသည်


**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** – အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** – မြင့်စိုး
**သတင်းထောက်မှူး** – ခင်ရတနာ
**စာတည်းများ** – ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** – ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** – ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
**အငယ်တန်းသတင်းထောက်များ** – ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
**ဓာတ်ပုံသတင်းထောက်** – တင်စိုး
**သုတေသန** – အိအိခင်နှင့် အဖွဲ့
**စာပြင်** – အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** – သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** – သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** – (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** – (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# မွန်တိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ ဘာသာရေးကိုးကွယ်မှုကို အထူးပြုသောအားဖြင့် ဒီ ရာမညဆိုတဲ့စာအုပ်ကို ရေးသားခဲ့ရခြင်း ဖြစ်ပါတယ်

ပန်းတနော် ခင်မောင်မြင့်

**ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၂ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ ဆုရရှိသူများအား မြန်မာ့အလင်းမှ တွေ့ဆုံမေးမြန်းမှုများကို ဆက်လက်ဖော်ပြလိုက်ပါသည်။**

တွေ့ဆုံမေးမြန်း
အာကာလင်း
ဓာတ်ပုံ – တင်စိုး

**စာအုပ်အမည် –ရာမည**
**ဘာသာရပ် –သုတပဒေသာ(ဝိဇ္ဇာ)**
**စာရေးသူ– ပန်းတနော်ခင်မောင်မြင့်**

ဒီ ရာမညစာအုပ်နဲ့ ပတ်သက်ပြီး စတင်ပြင်ဆင်တာကတော့ နှစ်နှစ်လောက် ကြာခဲ့ပါတယ်။ မွန်ရာဇဝင်သမိုင်းကို ရေးသားတာဖြစ်ပါတယ်။ မွန်လူမျိုးတွေရဲ့ ရာဇဝင်သမိုင်းကို ရေးတဲ့စာအုပ်ဖြစ်လို့ အထောက်အထား ခိုင်ခိုင်မာမာဖြစ်အောင် ကိုးကားစရာ စာအုပ်လိုက်ရှာရပါတယ်။ အဲဒီလိုရှာတဲ့အခါကျတော့ အထောက်အထား ကိုးကားတဲ့ စာအုပ်တွေမှာ မွန်တို့ သမိုင်းအကြောင်း စာအုပ်တွေဟာ တော်တော် ရှားသွားပါပြီ။ လုံးဝကို မရှိတော့သလောက် ဖြစ်သွားတယ်။ ရှေးအကျဆုံး မွန်သမိုင်းကိုရေးတဲ့ စာအုပ်အဖြစ် စစ်ကဲဦးရွှေနော်ရဲ့ မွန်ရာဇဝင်နဲ့ စေတီတော်သမိုင်း (၁၈၉၉ ခုနှစ်)ကို တွေ့ရတယ်။ ကျန်တဲ့စာအုပ်တွေကတော့ မတွေ့ရဘူး။ ဒုတိယတွေ့ရတဲ့ စာအုပ်ကတော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ လက်ထက်ကထုတ်တဲ့ တိုင်းရင်းသား ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ(မွန်)(၁၉၇၀)ကို တွေ့ရတယ်။

မွန်သမိုင်းကို များသောအားဖြင့် ဘုရားစေတီသမိုင်းတွေနဲ့ ရောထွေးပြီး ရေးကြတာ တွေ့ရတယ်။ ဒါကြောင့် အဲဒီစာအုပ်နှစ်အုပ်အပြင် စာအုပ်တွေ ထပ်ရှာဖွေတဲ့အခါကျတော့ သုသောမိတ မဟာရာဇဝင် စာအုပ်ကို ပထမတွဲကနေ စတုတ္ထတွဲအထိနဲ့ ဦးကုလားရဲ့ မဟာရာဇဝင် ကြီးကို ပထမတွဲနဲ့ ဒုတိယတွဲ။ အဲဒီစာအုပ်ကြီး ခုနစ်အုပ်ကို အသေးစိတ်ဖတ်ပါတယ်။ ဖတ်ကြည့်တဲ့အခါကျတော့ မွန်ရာဇဝင်သမိုင်းဟာ တစ်ခုနဲ့ တစ်ခု ခုနှစ်သက္ကရာဇ်တွေ မတူတာ တွေ့ရတယ်။ အကြောင်းအရာတွေလည်း မတူဘူး။ မင်းရာဇဝင်တွေနဲ့ မွန်တွေရဲ့သမိုင်းတွေလည်း မတူဘူး။ အဲဒီမတူတာတွေကို ပြန်လည်သန့်စင်ပြီး စုဆောင်းပြီး ပြန်လည်သုတေသနပြု ရေးခဲ့ရပါတယ်။ နောက်တစ်ခုက ဒီမွန်ရာဇဝင်သမိုင်းကို အနည်းငယ်ရေးတာက ဆရာကြီး နိုင်ပန်းလှရဲ့ ရာဇဓိရာဇ်အရေးတော်ပုံကျမ်းနဲ့ အမတ်ကြီး ဗညားဒလရဲ့ ရာဇဓိရာဇ်အရေးတော်ပုံကျမ်းဆိုပြီး နှစ်ခုရှိပါတယ်။ အဲဒီနှစ်ခုစလုံးကလည်း အယူအဆချင်း မတူကြပါဘူး။ ဒါကြောင့် အဲဒီစာအုပ်တွေကို ကိုးကားပြီးတော့ အဖြစ်နိုင်ဆုံး ခုနှစ်နဲ့ ရာဇဝင်တွေကို ညှိနှိုင်းပြီးတော့ ရေးသားရလို့ နှစ်နှစ်ကျော်လောက် ရေးသားခဲ့ပြီးမှ ဒီမွန်တို့ရဲ့ ရာဇဝင်သမိုင်း ရာမညဆိုတဲ့ စာအုပ်ကို ရေးသားနိုင်ခဲ့တာ ဖြစ်ပါတယ်။

ရာမညဆိုတဲ့စကားလုံးက မွန်လို့ ပြောတာပါ။ မွန်ဒေသ တိုင်းရင်းသားတို့က ဒီ ရာမညဆိုတဲ့ စကားလုံးကို




ဆရာ ပန်းတနော်ခင်မောင်မြင့်နှင့် ရာမညစာအုပ်။



ဆရာစိုးတင့်(ဧရာဝတီ)နှင့် ဖိုးထောင်ဇာတ်လမ်းစုံစာအုပ်။

အလွန်သဘောကျပါတယ်။ ဒါကြောင့် မွန်တိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ ဘာသာရေးကိုးကွယ်မှုကို အထူးပြုသောအားဖြင့် ဒီရာမညဆိုတဲ့ စာအုပ်ကို ရေးသားခဲ့ရခြင်း ဖြစ်ပါတယ်။ ကျွန်တော် တပ်မတော်မှာ တာဝန်ထမ်းဆောင်နေတဲ့ ကာလတုန်းက ဗိုလ်တထောင်သတင်းစာမှာ ဆောင်းပါးတွေ ရေးပါတယ်။ မြဝတီတို့၊ ငွေတာရီတို့မှာလည်း ဝတ္ထုတို၊ ဝတ္ထုရှည် ရေးပါတယ်။ နောက်ပိုင်း တပ်မတော်က ၂၀၁၀ ပြည့်နှစ်မှာ အငြိမ်းစားယူပြီးတော့ ပန်းတနော်ခင်မောင်မြင့် နာမည်နဲ့ ဇွန်ပန်းမွှေးမွှေး စာပေတိုက်ကို တည်ထောင်ပြီး လုံးချင်းဝတ္ထုစာပေတွေကိုရေးသားခဲ့ပါတယ်။ အမျိုးသားစာပေဆုဆိုတာက နိုင်ငံမှာ အမြင့်ဆုံးစာပေဆုဖြစ်ပါတယ်။ ဒီလို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်တဲ့အတွက် စာရေးဆရာကို အထောက်အကူ ဖြစ်စေပါတယ်။ အခုလို ချီးမြှင့်ပေးတဲ့အတွက် နိုင်ငံတော်အစိုးရနဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ရှိပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်ဟု ပြောသည်။

ဆရာကြီး ပန်းတနော်ခင်မောင်မြင့်အား အဖ ဦးစိန်ဟန်–အမိ ဒေါ်သိန်းကြည်တို့က ဧရာဝတီတိုင်း ပန်းတနော်မြို့၌ ၁၉၅၁ ခုနှစ်တွင် မွေးဖွားခဲ့ပြီး အမည်ရင်းမှာ ဦးခင်မောင်မြင့်ဖြစ်သည်။ ရန်ကုန်မြို့ မြောက်ဥက္ကလာမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ခဲ့ပြီး ဘူမိဗေဒ အဓိကဖြင့် သိပ္ပံဘွဲ့ရရှိခဲ့သည်။ မဟာသိပ္ပံ နောက်ဆုံးနှစ် အပိုင်း(က)ကို ဘူမိအင်ဂျင်နီယာဖြင့် တက်ရောက်သင်ကြားခဲ့ပြီး ဘွဲ့မရမီ ၁၉၇၄ ခုနှစ်တွင် တပ်မတော်သို့ ဝင်ရောက်ခဲ့သည်။ ၁၉၇၅ ခုနှစ်မှ စတင်၍ တပ်မတော်တွင် ဗိုလ်မှူးကြီးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် သတ္တုတွင်းဝန်ကြီးဌာန၌ အထွေထွေမန်နေဂျာ/ညွှန်ကြားရေးမှူးချုပ် ထမ်းဆောင်ခဲ့ကာ ၂၀၁၀ ပြည့်နှစ်တွင် အငြိမ်းစားယူ၍ စာပေရေးသားခြင်း လုပ်ငန်းကိုသာ လုပ်ဆောင်ခဲ့သည်။ စာပေရေးသားသည့် ကာလအတွင်း သုတေသနပြု စာအုပ် ၁၆ အုပ် ရေးသားထုတ်ဝေခဲ့သည်။

**စာအုပ်အမည်–ဖိုးထောင်ဇာတ်လမ်းစုံ**
**ဘာသာရပ်–စာပဒေသာ**
**စာရေးသူ–စိုးတင့်(ဧရာဝတီ)**

ဒီစာအုပ်ပါ အကြောင်းအရာများကို ပြောရရင် ဆရာ့ငယ်ဘဝ၊ တပ်မတော်သားဘဝ၊ နယ်ဘက်ဝန်ထမ်းဘဝနဲ့ လုပ်ငန်းရှင်ဘဝတွေမှာ တွေ့ကြုံရတဲ့ အခက်အခဲတွေ၊ အဲဒီအခက်အခဲတွေကို ကြောက်မနေဘဲ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ကျော်လွှားဖြေရှင်းပြီး အောင်မြင်မှုရအောင် ဆောင်ရွက်ခဲ့ပုံတွေကို အသေးစိတ် မှတ်တမ်းတင်ဖော်ပြထားပါတယ်။ ငယ်ဘဝအပိုင်းမှာ ဆရာ့ငယ်ဘဝ ပင်ပန်းဆင်းရဲခဲ့ပုံ၊ ပညာကို အလေးထား ကြိုးစားခဲ့ပုံ၊ ဇနီးသည်ငယ်သူငယ်ချင်း၊ ငယ်ရည်းစားမဆောင်းနဲ့ တွေ့ဆုံချစ်ကြိုက်ခဲ့ပုံတွေ၊ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် ယုံကြည်အားကိုးခဲ့ပုံတွေကို ရေးသားခဲ့ပြီး တပ်မတော်သားဘဝမှာ အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆)သို့ တက်ရောက်ခဲ့ပုံတွေ၊ ဗိုလ်လောင်းဘဝ အမှတ်တရရယ်စရာ မောစရာတွေပါရှိပြီး ဒုတိယဗိုလ်မှူးကြီးအဆင့်အထိ တွေ့ကြုံခဲ့တဲ့ စွန့်စွန့်စားစား တိုက်ပွဲတွေ၊ ပြည်သူ့အကျိုးပြု လုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပုံ၊ နယ်ဘက်တာဝန်တွေ အောင်မြင်အောင် လုပ်ကိုင်ခဲ့ရပုံတွေကို ရေးသားထားပါတယ်။

စာစတင်ရေးသား ဖြစ်ပုံကို ပြောရရင် ၇ တန်း၊ ၈ တန်းကျောင်းသားဘဝ၊ ၁၉၇၂– ၇၃ ခုနှစ် ဝန်းကျင်မှာ အတန်းထဲမှာ အဆင့် ၁ မှ ၅ အတွင်း ရရှိသူများကို လူရည်ချွန်စာမေးပွဲ ပြုလုပ်ရာမှာ လိုအပ်နေတဲ့ အထွေထွေဗဟုသုတများအတွက် ထိုအချိန်က ဖွင့်လှစ်ခဲ့တဲ့ ပြန်ကြားရေး စာကြည့်တိုက်များကို သွားရောက်ပြီး စာပေလေ့လာဖတ်ရှု မှတ်သားရင်း စာပေဝါသနာပါခဲ့တယ်လို့ ပြောရမှာဖြစ်ပါတယ်။ ပထမဆုံးရေးဖြစ်တဲ့ "အထက်တန်း ကျောင်းသားများနှင့် အချစ်ပြဿနာ" ဆောင်းပါးလေးကို ပြန်ကြားရေးစာကြည့်တိုက် နံရံကပ်စာစောင်မှာ ဖော်ပြခံခဲ့ရပါတယ်။ သုတ၊ ရသ စာပေများကို အလေးထား ရေးသားခဲ့ပြီး တစ်ခါတစ်ရံမှာလည်း ဟာသစာစုလေးများ၊ ကဗျာများကိုလည်း ရေးသားဖို့ ဝါသနာပါခဲ့ပါတယ်။ ဆရာ့အနေနဲ့ ဌာနမှတ်တမ်းများကို စွယ်စုံကျမ်းများသို့ ပေးပို့မှတ်တမ်းတင်ခြင်း၊ သတင်းစာများမှာ ဆောင်းပါးများ ရေးသားခြင်း၊ ဌာနနှစ်ပတ်လည်မဂ္ဂဇင်းများ ဦးစီးထုတ်ဝေခြင်း၊ ပို့ဆောင်ရေး သတင်းဂျာနယ်မှာ တာဝန်ခံအဖြစ် ဆောင်ရွက်စဉ် ဆောင်းပါးများ၊ ဝတ္ထုတိုများ ပင်တိုင်ရေးသားခြင်း၊ ဘဝမှတ်တမ်းများ ရေးသားခြင်းတွေ ပြုလုပ်ခဲ့ပါတယ်။ ဆောင်းပါးအပုဒ် ၅၀ ကျော်၊ ဝတ္ထုတို အပုဒ် ၃၀ ကျော်၊ ကဗျာ ၁၀ ပုဒ်ခန့်၊ ဘဝမှတ်တမ်း စာအုပ်သုံးအုပ် ရေးသားခဲ့ပါတယ်။

"ချစ်သောဧရာဝတီနှင့် ကျွန်တော့် ဘဝမှတ်တမ်းများ" စာအုပ်နဲ့ ၂၀၁၆ ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆု ရရှိခဲ့ပါတယ်။ လက်ရှိ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းမှာ ဝတ္ထုတို၊ ဆောင်းပါးများ ရေးသားခြင်း၊ အလျဉ်းသင့်သလို တောင်းခံလာတဲ့ မဂ္ဂဇင်းစာအုပ်များမှာလည်း ရေးသားပေးလျက်ရှိပါတယ်။

အခု ဆရာရေးသားတဲ့ "ဖိုးထောင် ဇာတ်လမ်းစုံ" စာအုပ်ကို နိုင်ငံတော်နဲ့ စာပေစစ်ဆေးရေး အကဲဖြတ်အဖွဲ့က အမျိုးသားစာပေဆု စာပဒေသာဆု ချီးမြှင့်ပေးတဲ့အတွက် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်။

ဆရာတို့ ငယ်ငယ်ကနေ အခုအထိ နားထဲမှာ စွဲစွဲမြဲမြဲဖြစ်နေတဲ့ နီတိလို့ ဆိုရမယ့် အကျိုးပြုအသင်းအဖွဲ့များမှာ လူငယ်များ ပါဝင်စေခြင်း၊ နားထဲစွဲစေနိုင်တဲ့ (ဥပမာ မိမိကိုယ်ကိုယ် ကောင်းအောင် ကြိုးစားမည်၊ မိမိအတန်းကို ကောင်းအောင် ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင် ကြိုးစားမည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင် ကြိုးစားမည်ဆိုတဲ့) သံပြိုင်သီဆိုတဲ့ ဆောင်ပုဒ်များ၊ ပညာရဲရင့် ပွဲလယ်တင့်၊ ပညာရှာ ပမာသူဖုန်းစား၊ ပညာမြင့်မှ လူမျိုးတင့်မည်၊ စာအုပ်စာပေလူ့မိတ်ဆွေ၊ စာပေတန်ဖိုး ချစ်မြတ်နိုး စတဲ့ ဆောင်ပုဒ်များကို လူငယ်တို့ရဲ့ နှလုံးသားထဲမှာ အသက်ဝင်လာအောင် နည်းမျိုးစုံနဲ့ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်"ဟု ပြောသည်။

ဆရာကြီး ဦးစိုးတင့်အား အဖ ဦးသန်းရွှေ၊ အမိ ဒေါ်ကျင်စိန်တို့မှ ၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၌ မွေးဖွားခဲ့သည်။ ဟင်္သာတမြို့ အမက ရွှေကျောင်း၊ အလက (၅)၊ အထက (၁)တို့တွင် ပညာသင်ကြားခဲ့ပြီး ၁၉၇၅ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် တပ်မတော်သို့ ဝင်ရောက်ခဲ့ပြီး တပ်မတော်တွင် ဒုတိယဗိုလ်မှူးကြီး အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၈ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောင်ရွက်ရေးလုပ်ငန်းဌာနတွင် ညွှန်ကြားရေးမှူးတာဝန်၊ ၁၉၉၉ မှ ၂၀၀၃ ခုနှစ်အထိ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် အထွေထွေမန်နေဂျာတာဝန်၊ ၂၀၀၃ မှ ၂၀၁၂ ခုနှစ်အထိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် ဦးဆောင်ညွှန်ကြားရေးမှူးတာဝန်၊ ၂၀၁၂ မှ ၂၀၁၃ ခုနှစ်အထိ ပို့ဆောင်ရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်တာဝန်များထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့သည်။ ။

# ကယားပြည်နယ်ဝန်ကြီးချုပ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)သို့ တက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူများနှင့်တွေ့ဆုံ

**လွိုင်ကော် နိုဝင်ဘာ ၆**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)သို့ တက်ရောက်မည့် ကယားပြည်နယ် ကိုယ်စားပြု သင်တန်းသား၊ သင်တန်းသူများက ကယားပြည်နယ်ဝန်ကြီးချုပ်၏ ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အမှာစကား ပြောကြားသည်။ ယင်းနောက် သင်တန်းတက်ရောက်မည့် ပြည်နယ်အတွင်းနှင့် ရှမ်း၊ ကယားနယ်စပ်ရှိ မြို့နယ်အသီးသီးမှ သင်တန်းသား၊ သင်တန်းသူများက တစ်ဦးချင်းမိတ်ဆက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၄၀ အတွက် ခရီးစရိတ်နှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။ (ယာပုံ)

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းတက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ကယားပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် သင်တန်းသား၊ သင်တန်းသူများကို သက်ဆိုင်သည့် တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များသို့ အဆင်ပြေစွာ သွားရောက်နိုင်ရေးအတွက် စီစဉ်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းရှိ စာကြည့်တိုက်၊ ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များ၊ စားရိပ်သာဆောင်၊ မီးဖိုဆောင်များသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**




# "တူယှဉ်နွဲ့ပျော် ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ ဒုတိယအဆင့်ပြိုင်ပွဲများမှစ၍ SMS Voting ပေးပို့ပါဝင်နိုင်

နေပြည်တော် နိုဝင်ဘာ ၆

**၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ရောက်ရှိမည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက "တူယှဉ်နွဲ့ပျော် ဂီတပွဲတော်" (Season-2) တေးသီချင်းဆိုပြိုင်ပွဲ ပထမအဆင့် (Level-1) အုပ်စုပြိုင်ပွဲများကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂ ရက်မှ စတင်ကျင်းပခဲ့ရာ နိုဝင်ဘာ ၄ ရက်တွင် ကျင်းပပြီးစီးခဲ့ပြီး ဒုတိယအဆင့် (Level-2) သို့ တက်ရောက်မည့် ပြိုင်ပွဲဝင် ၁၀ ဦး ပေါ်ထွက်လာပြီဖြစ်သည်။**



ပထမအဆင့် (Level-1)ပြိုင်ပွဲတွင် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတို့မှ ပြိုင်ပွဲဝင် ၄၅ ဦးကို အုပ်စု ငါးစုခွဲ၍ ပြဋ္ဌာန်းတေးသီချင်းနှင့် စိတ်ကြိုက်တေးသီချင်းတို့ဖြင့် စုစုပေါင်း ပွဲစဉ် ၁၀ ပွဲ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အကဲဖြတ်ဒိုင်များ၏ ပေးမှတ်ဖြင့် စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဒုတိယအဆင့် (Level-2) ပြိုင်ပွဲကို ပွဲစဉ် (၇) ပွဲဖြင့် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင် ၁၀ ဦးတို့က ပြဋ္ဌာန်းတေးသီချင်းနှင့် စိတ်ကြိုက် တေးသီချင်းများကို တစ်ပတ်စီ အလှည့်ကျဖြင့် သီဆိုယှဉ်ပြိုင်ကြရမည်ဖြစ်ရာ အမှတ်ပေးစနစ်ကို အကဲဖြတ်ဒိုင်များ၏ ပေးမှတ် ၃၀ ရာခိုင်နှုန်းနှင့် ပရိသတ်များ၏ SMS Voting ပေးမှု ၇၀ ရာခိုင်နှုန်းဖြင့် ပေါင်းစပ်ပြီး အကောင်းဆုံး သီဆိုယှဉ်ပြိုင်နိုင်သူများကို ရွေးချယ်မည်ဖြစ်၍ ပရိသတ်များအနေဖြင့် မိမိတို့ ကြိုက်နှစ်သက်သည့် ပြိုင်ပွဲဝင်များကို Vote ပေး၍ ပါဝင်နိုင်မည်ဖြစ်သည်။

အဆိုပါ ဒုတိယအဆင့် (Level-2) ပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်များ၏ MF နံပါတ်များ မဲနှိုက်ရွေးချယ်ထားရှိမှုမှာ ကချင်ပြည်နယ်မှ မေဇီ (MF01)၊ ချင်းပြည်နယ်မှ မြင့်မြတ်သူ (MF02)၊ ရန်ကုန်တိုင်း ဒေသကြီးမှ ထွန်းပပအောင် (MF03)၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ရေဂျီးနား (MF04)၊ ပဲခူးတိုင်းဒေသကြီးမှ လှျမ်းထက်ကို (MF05)၊ ကရင်ပြည်နယ်မှ ချိုသဲဦး (MF06)၊ ကချင်ပြည်နယ်မှ လလဆွတ် (MF07)၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဇင်လေး (MF08)၊ နေပြည်တော်မှ ပူတူး (MF09) နှင့် ဧရာဝတီတိုင်းဒေသကြီးမှ စိုးထက်အောင် (MF10) တို့ဖြစ်ပြီး နိုဝင်ဘာ ၁၁ ရက်တွင် ကျင်းပမည့် ပွဲစဉ် ၁၁ ၌ ပြဋ္ဌာန်းတေးသီချင်းများဖြင့် စတင်သီဆိုယှဉ်ပြိုင်ကြမည် ဖြစ်သည်။

ရုပ်မြင်သံကြားနှင့် Online တို့မှ ကြည့်ရှုကြမည့် ပရိသတ်များအနေဖြင့် မိမိတို့ Vote ပေးလိုသည့် ပြိုင်ပွဲဝင်များကို တယ်လီဖုန်းအော်ပရေတာ လေးခုဖြစ်သည့် MPT၊ Mytel၊ ATOM၊ Ooredoo Sim Card များမှ တစ်ဆင့် Code No. 7575 ဖြင့် မိမိကြိုက်နှစ်သက်သည့် ပြိုင်ပွဲဝင်နံပါတ်ကို Voting Line ဖွင့်ပေးထားသည့် အချိန်အတွင်း SMS အရေအတွက် အကန့်အသတ်မရှိ SMS Voting ပေးပို့နိုင်မည်ဖြစ်ရာ Voting line ကို ပွဲစဉ် ၁၂ စတင်ထုတ်လွှင့်မည့် နိုဝင်ဘာ ၁၈ ရက်ည ၉ နာရီမှ ပွဲစဉ် ၁၃ (Result Show ) ထုတ်လွှင့်မည့် နိုဝင်ဘာ ၂၅ ရက် မွန်းတည့် ၁၂ နာရီအထိ ဖွင့်လှစ်ပေးထားမည်ဖြစ်ကြောင်း၊ အဆိုပါ Result Show တွင် ပြိုင်ပွဲဝင် ၁၀ ဦးအနက်မှ ရမှတ်အများဆုံးရရှိသူ (၇) ဦးကို ကျန်ပွဲစဉ်များတွင် ဆက်လက်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်းနှင့် ယင်းသို့ယှဉ်ပြိုင်မှုများကို မြန်မာ့ရုပ်မြင်သံကြား MRTV-HD မှ အပတ်စဉ် သောကြာနေ့၊ ည ၉ နာရီခန့်တွင် တိုက်ရိုက်ထုတ်လွှင့် ပြသပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟိုပန်မြို့၌ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို အသိပညာပေးဟောပြော

**ဟိုပန် နိုဝင်ဘာ ၆**

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်၌ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၄ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင်က ဟောပြောပွဲပြုလုပ်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ အမျိုးသားအောင်ပွဲနေ့ ပေါ်ပေါက်လာပုံ သမိုင်းကြောင်းကိုလည်းကောင်း၊ ဟိုပန်မြို့နယ် ရုံးကုန်းရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသွယ်ချမ်းက "အမျိုးသားနေ့ တို့မမေ့" ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေး ဟောပြောသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကဗျာ၊ ဆောင်းပါး၊ ဆောင်ပုဒ်နှင့်ကာတွန်းများ ပါဝင်သည့် အသိပညာပေးနံရံကပ်စာစောင်နှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ နံရံကပ်စာစောင်များကို ပြသခဲ့သည်။

**ဇင်ဇင်(ပြန်/ဆက်)**




ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်အတွင်း သန့်ရှင်းသာယာရေးအတွက် အပတ်စဉ် စနေနေ့တိုင်း ဌာနဆိုင်ရာများနှင့်ပြည်သူများ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၅ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများ ပူးပေါင်း၍ အမှတ်(၁)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(သာပေါင်း)မှ ဘောလုံးကွင်းလမ်းမတစ်လျှောက် မိခင်နှင့် ကလေးစောင့်ရှောက်ရေးရုံးအထိ စုပေါင်းအမှိုက်ကောက်နေစဉ်။

မျိုးဇော်သိန်း (ပြန်/ဆက်)



# ကံမမြို့နယ်၌ အခြေခံပညာကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေး

**ကံမ နိုဝင်ဘာ ၆**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေးအတွက် မြို့နယ်ပညာရေးဌာနက ကြီးမှူး၍ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မြို့နယ်အဆင့်(ဆင့်ပွား) အလုပ်ရုံဆွေးနွေးပွဲကို ကံမအခြေခံပညာအထက်တန်းကျောင်း မြဝတီခန်းမ၌ နိုဝင်ဘာ ၅ ရက်က ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းငွေးက အမှာစကား ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီး ၁၂၈ ဦး တက်ရောက်ပြီး နည်းပြဆရာ ငါးဦးတို့က ပညာရေးကဏ္ဍ၊ စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးနှင့် စီမံကိန်းကြီးကြပ်အကဲဖြတ်ခြင်း၊ ကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများ အရည်အသွေးမြင့်မားရေး စသည့်ဘာသာရပ်များကို နှစ်ရက်ကြာ ဆွေးနွေးပို့ချကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**



# ဂူဂဲလ်က Hangouts စာတိုပို့ဝန်ဆောင်မှုကို အပြီးပိတ်သိမ်း

**ရန်ကုန် နိုဝင်ဘာ ၆**


ဂူဂဲလ်၏ Gmail အတွင်း အသုံးပြုနိုင်သလို သီးခြားအက်ပလီကေးရှင်းအဖြစ်လည်း အသုံးပြုနိုင်သည့် စာသား၊ ဗီဒီယိုနှင့် အသံ အပြန်အလှန်ပြောဆိုနိုင်သည့် ဝန်ဆောင်မှုဖြစ်သော Google Hangouts ကို နိုဝင်ဘာ ၁ ရက်မှစ၍ အပြီး ပိတ်သိမ်းလိုက်ပြီဖြစ်ကြောင်း ဂူဂဲလ်က သတင်းထုတ်ပြန်လိုက်သည်။

Google Hangouts သည် ဂူဂဲလ်၏ ဝန်ဆောင်မှုများအနက် စာသား၊ ဗီဒီယိုနှင့် အသံ Chatting အတွက် အဓိက ဝန်ဆောင်မှုတစ်ခုဖြစ်ခဲ့ပြီး ဂူဂဲလ်က ၂၀၁၃ ခုနှစ်မှစ၍ ဝန်ဆောင်မှုပေးထားခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၂၀၂၀ ခုနှစ်တွင် Google Chat ကို ဝန်ဆောင်မှုအသစ်အဖြစ် ထုတ်ပေးခဲ့ပြီးနောက် ထိုအချိန်မှစ၍ Hangouts တွင် ဝန်ဆောင်မှုများကို လျှော့ချခဲ့ကာ Gmail နှင့်တွဲ၍ အသုံးပြုသူများအတွက် Hangouts မှ Chat သို့ အလိုအလျောက် ပြောင်းလဲပေးခဲ့သည်။ ယခုနှစ် ဇူလိုင်လထဲတွင်လည်း အန်းဒရွိုက်နှင့် IOS များတွင် သီးခြားအက်ပလီကေးရှင်းဖြင့် အသုံးပြုသည့် Hangouts ဝန်ဆောင်မှုများအားလုံးကို ထပ်မံပိတ်သိမ်းခဲ့သည်။ ယခု နိုဝင်ဘာ ၁ ရက်တွင်မူ လက်ကျန်ဝန်ဆောင်မှုဖြစ်သော ဝက်ဘ်အက်ပလီကေးရှင်း အနေဖြင့်ပါ အသုံးပြုနိုင်တော့မည် မဟုတ်ဘဲ ဝန်ဆောင်မှုအားလုံးကို အပြီးပိတ်သိမ်းလိုက်ခြင်းဖြစ်သည်။

ဂူဂဲလ်အနေဖြင့် Hangouts ကို ပိတ်သိမ်းလိုက်ခြင်းကြောင့် မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံအများစုမှ အသုံးပြုသူများအတွက်မူ ထူးခြားသောပြောင်းလဲမှု ကြုံတွေ့နိုင်မည်မဟုတ်ပေ။ မြန်မာနိုင်ငံမှ Gmail အသုံးပြုသူများအနေဖြင့် မေးလ်အတွင်းမှတစ်ဆင့် စာတိုပို့စကားပြောရာတွင် ယခင်က Hangouts ကို အသုံးပြုခဲ့သော်လည်း ၂၀၂၀ ခုနှစ်မှစ၍ Chat သို့ အလိုအလျောက် ပြောင်းလဲအသုံးပြုနေကြပြီး ဖြစ်သောကြောင့် ဒေတာများဆုံးရှုံးခြင်းနှင့်လည်း ကြုံတွေ့ရမည်မဟုတ်ပေ။ အမေရိကန်နှင့် ဥရောပနိုင်ငံများမှ သီးခြားအက်ပလီကေးရှင်းဖြင့် Hangouts ကို အသုံးပြုသူများအတွက်သာ အဆင်မပြေမှုအချို့ ရှိနိုင်မည်ဖြစ်သည်။

နိုဝင်ဘာ ၁ ရက်အထိ Hangouts ကို အသုံးပြုနေခဲ့သူများအတွက်မူ ဒေတာများ ပြောင်းရွှေ့သိမ်းဆည်းနိုင်ရန် ဂူဂဲလ်ကုမ္ပဏီအနေဖြင့် ၂၀၂၃ ဇန်နဝါရီလကုန်အထိ အချိန်ပေးထားသည်။ Hangouts မှ Contacts များကို Chat သို့ အလိုအလျောက် လွှဲပြောင်းပေးမည်ဖြစ်သော်လည်း ပေးပို့ပြောဆိုထားသော မက်ဆေ့များကိုမူ Chat နှင့် Gmail အတွင်းသို့ အလိုအလျောက် ပြောင်းရွှေ့ပေးမည်မဟုတ်ကြောင်း၊ Hangouts တွင် ပြောဆိုမှုများကို သိမ်းဆည်းလိုလျှင် သုံးစွဲသူများသည် ၎င်းတို့၏ ဒေတာမိတ္တူကို ဒေါင်းလုပ်လုပ်ပြီး သိမ်းဆည်းရန် Google Takeout ကို အသုံးပြုသင့်ကြောင်း ကုမ္ပဏီက ထုတ်ပြန်ထားသည်။

Google သည် စာတိုပို့ဝန်ဆောင်မှုအတွက် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ GTalk ကို သီးခြားအက်ပလီကေးရှင်းအဖြစ်ရော၊ Gmail နှင့် ပူးတွဲ၍ပါ ပထမဆုံး ဝန်ဆောင်မှုပေးခဲ့ပြီး




အောင်မြင်မှု အများအပြား ရရှိခဲ့သည်။ ထို့နောက် ၂၀၁၃ ခုနှစ်တွင် GTalk ကို ရပ်ဆိုင်းခဲ့ကာ ပိုမိုကောင်းမွန်သော Hangouts ကို မိတ်ဆက်ပြီး Hangouts သည် သီးခြားအက်ပ်အဖြစ် မဖြစ်လာမီ Google+ ၏ ပူးတွဲဝန်ဆောင်မှုတစ်ခုအနေဖြင့် စတင်ခဲ့သည်။ Hangouts သည် Google Play Store တွင် ဒေါင်းလုပ်အကြိမ်ရေ ငါးဘီလီယံအထိ ရရှိခဲ့သည်။

ထို့နောက် ၂၀၂၀ ခုနှစ်တွင်မူ Hangouts ကို ရပ်တံ့ရန် စတင်ပြင်ဆင်ခဲ့ကာ ထိုအချိန်မှစ၍ Gmail အတွင်း ပြောဆိုမှုအသစ်များကို Chat ဘက်သို့ ပြောင်းလဲခဲ့သည်။ Chat ဝန်ဆောင်မှုသည် အဖွဲ့လိုက် ပြောဆိုမှုများအတွက် အပိုဝန်ဆောင်မှုများ ပါဝင်သလို ဂူဂဲလ်၏ ဝန်ဆောင်မှုများဖြစ်သည့် Spaces, Docs, Slides နှင့် Sheets စသည်တို့ကို Chat အတွင်းမှာပင် အခြားအသုံးပြုသူများနှင့် မျှဝေတည်းဖြတ်ခြင်း ပြုလုပ်နိုင်ရန် အဆင့်မြှင့်တင်ထားမှုများ ပါဝင်သည်။

**ကိုစိုး**

**ကိုးကား – Techcrunch**

# Shop အက်ပလီကေးရှင်းက 11.11 ဈေးရောင်းပွဲတော် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၆**

မြန်မာနိုင်ငံ၏ အကြီးဆုံး အွန်လိုင်းရှော့ပင် ဝက်ဘ်ဆိုက်ဖြစ်သည့် Shop.com.mm နှင့် Shop အက်ပလီကေးရှင်းတွင် 11.11 ဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ တစ်ပတ်ကြာ ပြုလုပ်မည်ဖြစ်သလို နိုဝင်ဘာလဆန်းမှစ၍ ၁၀ ရက်အတွင်း၌လည်း အကြိုအစီအစဉ်များ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ဈေးရောင်းပွဲတော်နှင့် အကြိုအစီအစဉ်ရက်များအတွင်း ရက်အလိုက် ၅၀ ရာခိုင်နှုန်းအထိ လျှော့ဈေးဖြင့် ဝယ်ယူနိုင်မည့် Happy Hour အစီအစဉ်၊ တစ်ကျပ်တန် ကူပွန်များ ဝယ်ယူကံစမ်းပြီး အထူးဆုများ ရရှိနိုင်မည့် ကံစမ်းအစီအစဉ်၊ သတ်မှတ်ရက်အလိုက် ပို့ဆောင်ခ အခမဲ့ဖြင့် ဝယ်ယူနိုင်မည့် အစီအစဉ်၊ ၁၁၁၁ ကျပ်နှင့် ကျပ် ၁၁၁၁၀ တန် လျှော့ဈေးဘောက်ချာများ လက်ဆောင်ပေးသည့် အစီအစဉ်၊ VISA, Mastercard နှင့် JCB ကတ်များဖြင့် ငွေပေးချေပါက အထူးလျှော့ဈေးရမည့် အစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အကြိုအစီအစဉ်များအဖြစ် နိုဝင်ဘာ ၁ မှ ၁၀ ရက်အတွင်း ကုန်ပစ္စည်းအမျိုးအစားအလိုက် ဈေးလျှော့ရောင်းချသည့် အစီအစဉ်ကိုလည်း ပြုလုပ်လျက်ရှိကာ နိုဝင်ဘာ ၁ ရက်နှင့် ၂ ရက်ကို Fashion Day၊ ၃ ရက်နှင့် ၄ ရက်ကို Beauty Day၊ ၅ ရက်နှင့် ၆ ရက်ကို Shop Mart Day၊ ၇ ရက်နှင့် ၈ ရက်ကို Shop Mall Day၊ ၉ ရက်နှင့် ၁၀ ရက်ကို Home & EL Day ဟု သတ်မှတ်၍ ရက်အလိုက် လျှော့ဈေးကူပွန်၊ ကံစမ်းမဲ၊ အခမဲ့ပို့ဆောင်မှုများဖြင့် ရောင်းချလျက်ရှိသည်။




ဈေးရောင်းပွဲတော်၌ ပါဝင်ရန်အတွက် Shop အက်ပလီကေးရှင်းကို ပလေးစတိုးမှ ဒေါင်းလုပ်ဆွဲ၍ ထည့်သွင်းကာ Sign Up လုပ်ခြင်းဖြင့် အလွယ်တကူ ပါဝင်နိုင်မည်ဖြစ်ပြီး Shop အက်ပလီကေးရှင်းကို ယခုမှစတင်အသုံးပြုမည့် သုံးစွဲသူအသစ်များအတွက် ဈေးရောင်းပွဲတော် အထူးအစီအစဉ်အဖြစ် Sign Up လုပ်ရုံဖြင့် ကျပ် ၁၁၀၀၀ တန်ကူပွန်များ ကံစမ်းနိုင်မည့် အစီအစဉ်လည်းရှိကြောင်းနှင့် နိုဝင်ဘာ ၁၀ ရက်အထိ Sign Up ပြုလုပ်နိုင်မည်ဖြစ်ကာ ကူပွန်မဲပေါက်သူများကို ၁၁ ရက်တွင် ကြေညာမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်ဦး**

# DxOMark ၏ ကင်မရာအကောင်းဆုံးဖုန်းအဖြစ် ဟွာဝေး၏ Mate 50 Pro သတ်မှတ်ခံရ

အောက်တိုဘာလကုန်ပိုင်းက စတင်မိတ်ဆက်ခဲ့သော Huawei Mate 50 စီးရီးမှ Mate 50 Pro စမတ်ဖုန်းသစ်သည် ဖုန်းများ၏ ကင်မရာအရည်အသွေးကို နှိုင်းယှဉ်၍ အဆင့်သတ်မှတ်ချက်ထုတ်ပေးသည့် DxO Mark ဝက်ဘ်ဆိုက်၏ အဆင့်သတ်မှတ်ချက်တွင် အမြင့်ဆုံးရရှိပြီး နိုဝင်ဘာ ၁ ရက်မှစ၍ ကမ္ဘာ့ကင်မရာအကောင်းဆုံးဖုန်းအဖြစ် သတ်မှတ်ခြင်းခံရကြောင်း သိရသည်။

DxOMark ဝက်ဘ်ဆိုက် အဆင့်သတ်မှတ်ချက်တွင် အမြင့်ဆုံးရရှိထားသော ယခုနှစ်ထွက် Google ၏ Pixel 7 Pro စမတ်ဖုန်းနှင့် Honor Magic4 Ultimate ဖုန်းများကို ကျော်တက်၍ Mate 50 Pro က ကင်မရာအကောင်းဆုံးဖုန်း ဖြစ်လာခဲ့ခြင်းဖြစ်သည်။ Google Pixel 7 နှင့် Honor Magic4 Ultimate ဖုန်းများသည် ယခင်က DxO Mark အဆင့်တွင် ၁၄၇ မှတ်စီဖြင့် အကောင်းဆုံးအဖြစ် ရပ်တည်နေရာမှ Mate 50 Pro က ၁၄၉ မှတ်ဖြင့် ပထမနေရာကို ရရှိလာခြင်းဖြစ်သည်။

ဟွာဝေး Mate 50 Pro ဖုန်းသည် ၅၀ မဂ္ဂါပစ်ဇယ်၊ ၆၄ မဂ္ဂါပစ်ဇယ်နှင့် ၁၃ မဂ္ဂါပစ်ဇယ် ကင်မရာသုံးလုံး ပါဝင်သည့် Triple ကင်မရာအမျိုးအစားဖြစ်ပြီး OIS နည်းပညာနှင့်အတူ ၃ ဒသမ ၅ ဆချဲ့နိုင်သော Optical zoom နှင့် ကွဲပြားသော အလင်းဝင်ပေါက်နည်းပညာတို့ဖြင့် အဆင့်မြှင့်ထားကြောင်း၊ ထိရောက်သော Auto-Focus စနစ်လည်း ပါဝင်ကြောင်း သိရသည်။

ဈေးနှုန်းပိုင်းတွင်မူ Mate 50 Pro သည် Pixel 7 Pro နှင့် Honor Magic4 Ultimate နှစ်ခုလုံးထက် သိသိသာသာမြင့်မားနေသည်။ မြန်မာနိုင်ငံအတွင်းဈေးကွက်၌မူ Mate 50 Pro ကို အောက်တိုဘာလကုန်ပိုင်းက စတင်မိတ်ဆက်ပြသခဲ့ပြီးဖြစ်သော်လည်း ရောင်းချခြင်း မရှိသေးသလို ဈေးနှုန်းထုတ်ပြန်ခြင်းမရှိသေးဘဲ နိုင်ငံတကာဈေးကွက်၌ ကြေညာထားသည့်ဈေးနှုန်းမှာမူ ၁၁၉၉ ယူရိုဖြစ်သည်။

**ကိုစိုး၊ ကိုးကား– gizmochina**

## New Product

# ဆမ်ဆောင်းရဲ့ တန်ဖိုးသင့် ဖုန်းမော်ဒယ်သစ်

## Galaxy A04

Galaxy A04 ဟာ နိုင်ငံတကာဈေးကွက်မှာ အောက်တိုဘာ ၁၀ ရက်က စတင်ရောင်းချပြီး မြန်မာနိုင်ငံမှာတော့ အောက်တိုဘာ ၂၈ ရက်က စတင်ရောင်းချနေတဲ့ တန်ဖိုးသင့် စမတ်ဖုန်းမော်ဒယ်သစ်ဖြစ်ပါတယ်။ အထူးသဖြင့် ကင်မရာပိုင်းစွမ်းဆောင်ရည် ကောင်းမွန်တာကြောင့် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ရတာ ဝါသနာပါသူတွေအတွက် သင့်တော်တဲ့ ဖုန်းမော်ဒယ်တစ်ခုဖြစ်ပါတယ်။ Galaxy A04 ရဲ့ အဓိကကျတဲ့ အချက်တစ်ချို့ကို ဖော်ပြလိုက်ပါတယ်။

| | |
|---|---|
| မျက်နှာပြင်အကျယ် | ၆ ဒသမ ၅ လက်မ |
| မျက်နှာပြင်အမျိုးအစား | PLS LCD |
| Resolution | 720 x 1600 pixels |
| အန်းဒရွိုက်ဗားရှင်းနဲ့ UI | Android 12, One UI Core 4.1 |
| CPU | Octa-core(4x2.3 GHz & 4x1.8 GHz) |
| RAM နဲ့ မင်မိုရီ | 3/32, 4/32, 4/64, 6/64 (microSDXC ကတ် သီးခြားစိုက်နိုင်) |
| ပင်မကင်မရာ | 50 MP + 2 MP (Dual) |
| ဆယ်လ်ဖီကင်မရာ | 5 MP |
| USB | Type-C 2.0 |
| ဘက်ထရီ | Li-Po 5000 mAh |
| အားသွင်းစနစ် | 15W အမြန်အားသွင်းစနစ် |

Galaxy A04 ဟာ ကင်မရာပိုင်းနဲ့ အခြား စွမ်းဆောင်ရည်ပိုင်းတွေမှာ ဈေးနှုန်းနဲ့ သင့်တော်ပေမယ့် Fingerprint မပါတာကတော့ အားနည်းချက်တစ်ခု ဖြစ်ပါတယ်။ ဒီဖုန်းကို နိုင်ငံတကာ ဈေးကွက်မှာ 3/32 GB ကနေ 8/128 GB အထိ RAM နဲ့ မင်မိုရီ ပမာဏအမျိုးမျိုး ရောင်းချပေမယ့် ပြည်တွင်းဈေးကွက်မှာတော့ 3/32 နဲ့ 4/64 နှစ်မျိုးတည်းကိုပဲ ရောင်းချပြီး 3/32 က ကျပ် ၃၉၅၀၀၀ နဲ့ 4/64 က ကျပ် ၄၅၅၀၀၀ ဖြစ်ပါတယ်။ လက်ရှိမှာ စတင်မိတ်ဆက်တဲ့ အနေနဲ့ ငွေသား ပြန်အမ်းတဲ့ အစီအစဉ်၊ ကာဗာနဲ့ နားကြပ် လက်ဆောင်ပေးတဲ့ အစီအစဉ်တွေနဲ့ ရောင်းချနေပါတယ်။ **ကျော်ဇင်ဦး**



# ပဲခူးတန်ဆောင်တိုင်ပွဲတော်မှ MSMEs ဒေသထုတ် ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် လာရောက်ခင်းကျင်းပြသသူများ၏ ရင်တွင်းစကားသံများ

ပဲခူး နိုဝင်ဘာ ၆

**ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် ဒေသနှင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့က ကြီးမှူးကျင်းပသည့် ပဲခူးတန်ဆောင်တိုင်ပွဲတော်နှင့်အတူ ပဲခူးမြို့ ရွှေမော်ဓောဘုရားဝင်းအတွင်း နိုဝင်ဘာ ၆ ရက်မှ ၇ ရက်အထိ MSMEs ဒေသထုတ် ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ အဆိုပါ ဈေးရောင်းပွဲတော်သို့ လာရောက် ခင်းကျင်းပြသသူများ၏ ရင်တွင်းစကားသံများကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။**



**ဦးလှိုင်ဘုန်းထွန်း**
**(အသင့်သုံး ကွမ်းဖက်ပန်းကန်လုပ်ငန်း)**

ကျွန်တော်က ဦးလှိုင်ဘုန်းထွန်း ဖြစ်ပါတယ်။ ကွမ်းသီးပင်ဖက်ကို အသုံးပြုပြီး သဘာဝပစ္စည်းစစ်စစ်နဲ့ ဓာတုဗေဒ ပါဝင်မှုမရှိဘဲ ပေါ့ပါးခိုင်မာ၊ အပူအအေး ဒဏ်ခံနိုင်၊ ယိုစိမ့်မှုမရှိဘဲ မိုက်ခရိုဝေ့နဲ့ ရေခဲသေတ္တာတွေမှာ ထည့်သွင်းအသုံးပြုနိုင်တဲ့ အသင့်သုံး ထမင်းစားပန်းကန်မျိုးစုံ၊ ဟင်းခွက်မျိုးစုံတို့ကို ထုတ်လုပ်လျက်ရှိပါတယ်။ ကျွန်တော်တို့ ပစ္စည်းတွေကို နေရာဒေသမရွေး အသုံးပြုနိုင်သလို စွန့်ပစ်ရလွယ်ကူပြီး အချိန်တိုအတွင်းမှာ ဆွေးမြည့်ပျက်စီးနိုင်တဲ့ ပစ္စည်းတွေဖြစ်ပါတယ်။



**ဦးမြင့်သိန်း**
**(Green Banana ၊ ရေတာရှည်မြို့)**

ကျွန်တော်က ဦးမြင့်သိန်းဖြစ်ပါတယ်။ ကျွန်တော်တို့လုပ်ငန်းကတော့ ငှက်ပျော စွန့်ပစ်ပစ္စည်းမှ လူသုံးကုန်ပစ္စည်းတွေ ထုတ်လုပ်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ ကျွန်တော်တို့လုပ်ငန်းက ထုတ်လုပ်တဲ့ ပစ္စည်းတွေကတော့ ဦးထုပ်၊ ဖျာ၊ အင်္ကျီ၊ ကျား/မ စီးဖိနပ်တွေကို ထုတ်လုပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကဲလင်းဆိပ်ကျေးရွာမှာ ကုန်ကြမ်းတွေကို ထုတ်လုပ်လျက်ရှိပါတယ်။ အခါ အားလျော်စွာ အခုလိုပွဲမျိုး ကျင်းပပေးမယ်ဆိုရင် ထုတ်လုပ်သူတွေ အဆင်ပြေသလို ပြည်သူတွေလည်း ပိုမိုလွေ့လာဝယ်ယူနိုင်မှာ ဖြစ်တယ်လို့ အကြံပြုလိုပါတယ်။



**ဒေါ်စန်းစန်းဌေး**
**(ကျော် နံကထိုင်မုန့်လုပ်ငန်း ပြည်မြို့)**

ကျွန်မက ဒေါ်စန်းစန်းဌေးဖြစ်ပါတယ်။ ကျွန်မတို့လုပ်ငန်းကို ၁၉၆၄ ခုနှစ်က စတင်ခဲ့ပါတယ်။ နံကထိုင်၊ ပဲမုန့်၊ အံစာနှင့် ကွတ်ကီးမုန့်မျိုးစုံကို ထုတ်လုပ်ပါတယ်။ ဈေးနှုန်းတွေက ကျပ် ၂၀၀၀၊ ၂၅၀၀ စသည်ဖြင့် အစားစားရှိပြီး နယ်မြို့တွေကို ပို့ဆောင်ပါတယ်။ အခုလို လာရောက်ပြသရတဲ့အတွက် ကျွန်မတို့လုပ်ငန်းကို ပွဲတော်လာပြည်သူတွေ သိရှိရလို့ ပွဲတော်ကျင်းပပေးတဲ့ လူကြီးတွေကို ကျေးဇူးတင်ပါတယ်။

**ဒေါ်သန္တာထွန်း**
**(စီးလုံးချည်လုပ်ငန်း ရွှေတောင်မြို့)**

ကျွန်မအမည်က ဒေါ်သန္တာထွန်းဖြစ်ပါတယ်။ ရွှေတောင်မြို့နယ်ရဲ့ ကျီးသဲစီး



လုံချည်လုပ်ငန်းကို လာရောက် ပြသတာ ဖြစ်ပါတယ်။ ကျွန်မတို့ လုပ်ငန်းအနေနဲ့ ဘိုးဘွားလက်ထက်က လက်ရက်ကန်း အနေနဲ့ လုပ်ကိုင်ခဲ့ပြီး ယခုအခါမှာတော့ စက်ရက်ကန်းအဖြစ် ပြောင်းလဲလုပ်ကိုင်လျက်ရှိပါတယ်။ ရောင်းချမှုအနေနဲ့ ကတော့ စက်ရုံ၊ ဆိုင်အပြင် အွန်လိုင်းကနေလည်း ရောင်းချပေးလျက်ရှိပါတယ်။ ဒီဇိုင်းအနေနဲ့ကတော့ ကိုယ်တိုင်အပြင် စီးရက်ကန်းလုပ်ငန်းရှင် အချင်းချင်း ဖလှယ်အသုံးပြုခြင်းတွေလည်း ရှိပါတယ်။ နှစ်တစ်ရာချည်ဝမ်းဆက်တွေ၊ ပွဲတက်ဝတ်စုံတွေကို ထုတ်လုပ်ရောင်းချလျက်ရှိပါတယ်။



**ဦးသန်းဇော်**

**(အေဝမ်း မုန့်ဖတ်ခြောက်၊ တောင်ငူမြို့)**

ကျွန်တော့်အမည်က ဦးသန်းဇော်ဖြစ်ပါတယ်။ အေဝမ်း မုန့်ဖတ်ခြောက်လုပ်ငန်းကို လုပ်ကိုင်ခဲ့တာ နှစ် ၄၀ ကျော်ပြီဖြစ်ပါတယ်။ မုန့်ဟင်းခါးခြောက်ကို နန်းပြား၊ နန်းလုံးကို ခေါက်ဆွဲပုံစံ လုပ်ပါတယ်။ နန်းပြားတစ်ထုပ်ကို ကျပ် ၇၀၀၊ နန်းလုံး တစ်ထုပ်ကို ကျပ် ၅၀၀ နှုန်းနဲ့ တောင်ငူ၊ ဘားအံ၊ မြဝတီ၊ တောင်ကြီး၊ မိတ္ထီလာ၊ ရန်ကုန်မြို့တွေကို အဓိက ထားပြီး တင်ပို့ရောင်းချလျက်ရှိပါတယ်။ တစ်နေ့ကို ဆန်အိတ် ၃၀ ခန့်နဲ့ မုန့်ဖတ် အထုပ်ရေပေါင်း ၅၀၀၀၀ ကျော်ခန့် ထုတ်လုပ်ရောင်းချလျက်ရှိပါတယ်။



**ဒေါ်သန္တာဦး**
**(ကြည်နူးအမွှေးတိုင်လုပ်ငန်း၊ အုတ်တွင်းမြို့)**

ကျွန်မက ဒေါ်သန္တာဦး ဖြစ်ပါတယ်။ ကြည်နူးအမွှေးတိုင်လုပ်ငန်းကို ၁၉ နှစ်ကျော်ကတည်းက လုပ်ကိုင်ခဲ့ပါတယ်။ ကရမက်စစ်စစ် အမွှေးနံ့သာတိုင်တွေကို အဓိကထားထုတ်လုပ်နေပြီး တစ်နေ့ကို အချိန် ၉၀ ခန့် ထုတ်လုပ်ပါတယ်။ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ မြန်မာနိုင်ငံ အောက်ပိုင်းနဲ့ ကော့သောင်းအထိ ဖြန့်ချိလျက်ရှိပြီး လုပ်ငန်းတိုးချဲ့လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။



**မသီတာမင်း**
**(ပဲခူးမနီ ငါးချဉ်လုပ်ငန်း၊ ပဲခူးမြို့)**

ကျွန်မက မသီတာမင်း ဖြစ်ပါတယ်။ ကျွန်မတို့ ငါးချဉ်လုပ်ငန်းရဲ့အမည် မနီက တော့ ကျွန်မရဲ့ အဘွားဖြစ်ပါတယ်။ ငါးချဉ်လုပ်ငန်းလုပ်တာ အဘွားလက်ထက်မှ ယနေ့အထိ ၇၅ နှစ်ကျော်ခဲ့ပြီဖြစ်ပါတယ်။ အဘွားရဲ့လုပ်ငန်းကို ဆက်လက်ထိန်းသိမ်းလုပ်ကိုင်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ ငါးဖယ်ချဉ်၊ ပုစွန်ချဉ် နှစ်မျိုးကို အဓိကထား ရောင်းချပါတယ်။ အထုပ်အပြင် ဘူးများကိုလည်း လက်ဆောင်ပေးရန် ထုတ်လုပ်လျက်ရှိပါတယ်။ တစ်နေ့ကို အတွဲပေါင်း ၃၀၀ ကျော်ခန့် ထုတ်လုပ်လျက်ရှိပါတယ်။ ပဲခူးရဲ့ ဒေသထွက်ကုန်အနေနဲ့ ပြသရတဲ့အတွက် ဂုဏ်ယူမိပါတယ်။



**ဦးဇေယျာဝင်း (Natural Resion ပရိဘောဂလုပ်ငန်း၊ ကြို့ပင်ကောက်မြို့)**

ကျွန်တော်ကတော့ ဦးဇေယျာဝင်း ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ လုပ်ငန်းကတော့ Natural Resion နဲ့ပတ်သက်တဲ့ ပရိဘောဂပစ္စည်းတွေကို ထုတ်လုပ်တာ ဖြစ်ပါတယ်။ အဓိကအားဖြင့် ကုက္ကိုသားနဲ့ Resion ကို ပေါင်းစပ်ပြီးတော့ ပရိဘောဂ ပစ္စည်းတွေ ထုတ်လုပ်ခြင်း ဖြစ်ပါတယ်။ ဒီလုပ်ငန်းကို စတင်လုပ်ကိုင်တာကတော့ တစ်နှစ်ကျော်ပဲ ရှိပါသေးတယ်။ အခုလုပ်ငန်းကို ဒီမှာတော့ဘယ်သူမှ လုပ်ကိုင်တဲ့သူမရှိသေးပါဘူး။ ကျွန်တော် ပထမဆုံး လုပ်ကိုင်တာဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ – ကိုတွတ် (ပြန်/ဆက်)**
**ဓာတ်ပုံ – စိုးမိုး (ပြန်/ဆက်)**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# ဂန္ထဝင် အရိပ်အဆင်

**ညွန့်ဟံ(ကြူတော)**

ဝန်ထမ်းအငြိမ်းစားဘဝတွင် အချိန်ပိုကလေးများစွာရှိပေရာ အချိန်ကိုစီမံခန့်ခွဲမှု များစွာမရှိ၊ အရွယ်အသက်အလျောက်ရင့်ကျက်ဖို့ လုံ့လပြုရန်သာ ရှိပေသည်။ သို့ရာတွင် ပုထုဇဉ်တို့ အလျောက်လောကအရေးနှင့်အတွေး၊ အလုပ်နှင့်အကြံ မကင်းနိုင်သေးဘဲ ရှိနေသေးသည်။ သို့ဖြစ်၍ အားလပ်ချိန်များစွာတွင် သုတပညာနှင့် ရသဗေဒ ဝေမျှခံစားနိုင်ခွင့်အတွက် ငယ်ဖော်ငယ်ပေါင်း ရေဒီယိုအဟောင်းကလေးနှင့် နေသားတကျ ဖြစ်နေလေပြီ။ တစ်ရက်တွင် နေ့လယ်နေ့ခင်း မြန်မာ့အသံလေလှိုင်းမှ ကျက်သရေဝေဖြာ ခံ့ညားထည်ဝါသည့် ဂီတတေးသံကို နားဆင်ခွင့်ရလိုက်သည်။ ဂန္ထဝင်အဆိုတော်ကြီး ဒေါ်တင်တင်မြ၏ တေးသံဖြစ်ပြီး နှလုံးသားထဲ၌ စွဲငြိစေခဲ့သော 'ချောင်းရေယဉ်လျှမ်းပါလို့၊ လမ်းမသိပါပြီ' ဆိုသည့်အပိုဒ်ကို ခံစားမိသည်။

**ဂန္ထဝင်ချစ်ခြင်းမေတ္တာ**

အစ အလယ် အဆုံး ကောင်းမွန်သည့် ကိန္နရာချောင်းခြား ပတ်ပျိုးဖြစ်ပြီး ပြင်စည်မင်းသားတို့ခေတ်က လက်ရာဖြစ်သည်။ တွေးဆမိရာတွင် ဂန္ထဝင်ဂီတ တေးအလှကို လွန်ခဲ့သည့် နှစ် ၂၀၀ ဝန်းကျင်ကရေးဖွဲ့သော ဂန္ထဝင်ဂီတစာဆို၏ လက်ရာနှင့် ပေါင်းစပ်မိကြောင်းတွေ့ရသည်။ ချစ်ခြင်းမေတ္တာ၏လေးနက်မှုကို ဖွဲ့ဆိုရေးသားရာတွင် ကိန္နရာကိန္နရီအချစ်ကို တင်စားပေသည်။ တစ်ညလေး ခွဲခွာရခြင်း၊ ချောင်းကလေးခြားရခြင်းအတွက် လွမ်းဆွတ်ကာ နှစ် ၇၀၀ တိုင် ငိုကြွေးရသည်။ မြန်မာတို့ကျွမ်းဝင်သည့် ဇာတ်လမ်းဖြစ်၏။ ရေးဖွဲ့ဟန်၊ သီဆိုဟန်တို့က ဂန္ထဝင်မြောက်၏။ ယင်းဖြစ်ရပ်မျိုး လူမျိုးတိုင်းတွင် ရှိပါမည်။ နာမည်ကျော် ရိုမီယိုနှင့်ဂျူးလိယက်ဇာတ်လမ်း၊ အောက်ချင်းငှက်တို့၏ သစ္စာရှိမှုတို့က ဂန္ထဝင်ချစ်ခြင်းမေတ္တာဟု ဆိုရန်ရှိပေသည်။

**ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိစာအုပ်**

သားစဉ်မြေးမြစ် ပြောမဆုံးဖြစ်အောင် သမိုင်းဝင်မော်ကွန်းတင်ရသည့် ဂန္ထဝင်တွင်သည့်အရာများသည် ဒြပ်ရှိရော ဒြပ်မဲ့ပါ ဖြစ်နိုင်သည်။ တင်စားလွန်းမှုတွေ၊ မြောက်ပင့်လွန်းကာ လိုရာဆွဲမှုတွေလည်းမကင်းဟု ဆိုနိုင်ပေသည်။ ဂန္ထဝင်ဝေါဟာရနှင့် တွဲစပ်အသုံးအနှုန်းများကလည်း ကြွယ်ဝပါ၏။ ဂန္ထဝင်လူသား၊ ဂန္ထဝင်အနုပညာ၊ ဂန္ထဝင်ဂီတ၊ ဂန္ထဝင်စာပေ၊ ဂန္ထဝင်ပန်းချီ၊ ဂန္ထဝင်အတွေးအခေါ်၊ ဂန္ထဝင်အဆောက်အအုံဗိသုကာ၊ ဂန္ထဝင်နေရာဌာန၊ ဂန္ထဝင်မြောက် တီထွင်ဖန်တီးမှုစသည်ဖြင့် သင့်မြတ်ရာရာ သုံးစွဲကြပေသည်။ အားကစားလောကတွင် ထင်ရှားသော ဘောလုံးသမားကြီး ပီလီ၊ မာရာဒိုနာတို့ကား ခေတ်ပေါ်ဂန္ထဝင်လူသားများဖြစ်သကဲ့သို့ အနုပညာရှင် ပီကာဆို၊ မိုက်ကယ်အင်ဂျလိုတို့သည် ကျော်ကြားလွန်းသည့် ဂန္ထဝင်လူသားများဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ကျိုးကြောင်းမျှတ ဂန္ထဝင်အလှကို ဖော်ကျူးသည့် ပညာရှင်များစွာရှိပေသည်။ အတိတ်ကို ငဲ့စောင်းကြည့်က သိနိုင်၏။ စာရေးသူတို့ ငယ်စဉ်ကပင် ကျွမ်းဝင်သော 'ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိ' စာအုပ်ကား ထင်ရှား၏။ ကမ္ဘာကျော် စာရေးဆရာကြီးများ၏ ဂန္ထဝင်ဝတ္ထုများသည် မြန်မာဘာသာပြန်အဖြစ် ရည်ညွှန်းနည်းမှီစရာဖြစ်ရပါ၏။

စာရေးသူ လက်တစ်ကမ်းထားရှိသော စာအုပ်တစ်အုပ်ရှိ၏။ DICTIONARY OF BIOGRAPHY ဖြစ်သည်။ ကမ္ဘာကျော် ဂန္ထဝင်စာတင်လောက်သည့် ပုဂ္ဂိုလ်ကျော်များအားလုံး ပါဝင်သည်။ စာပေမှတ်တမ်းတင်သည်မှ မျက်မှောက်ခေတ်အထိ အကျုံးဝင်သည်။ သိပ္ပံ၊ ဝိဇ္ဇာပညာရှင်များ၊ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ငြိမ်းချမ်းရေး၊ စာပေအနုပညာ စသည့်ဘက်စုံပါဝင်သည်။ အမည်နာမအားဖြင့် ကောက်ကာငင်ကာ တင်ပြရပါက **ဂယ်လီလီယို၊ ရှိတ်စပီးယား၊ မိုပါဆွန်း၊ မဟတ္တမဂန္ဒီ၊ မာသာထရီဇာ၊ လီယိုတော်စတွိုင်း၊ တဂိုး၊ လူရှွန်း၊ ဆွန်ယက်ဆင်၊ နေရူး** စသည်ဖြင့် နိုင်ငံစုံမှ ဂန္ထဝင်ထင်ရှားသူများစွာ ပါဝင်၏။ စာပေနှင့်အတွေးအခေါ်အတွက် လက်ရင်းပြုစရာကောင်းပေသည်။ ယင်းတို့တွင် မြန်မာနိုင်ငံသားများလည်း ပါဝင်ပေသည်။ မြန်မာတို့သည် ထင်ရှားသည့် အသုံးချပစ္စည်းများကို တန်ဖိုးထားတတ်သည်။ ဂန္ထဝင်အမှတ်အသား ဖြစ်စေသည်။ ဥပမာအားဖြင့် လူစွမ်း၊ ခေးစွမ်းပြမှု ရဲဝံ့မှုပေါ်မူတည်ကာ သိုဟန်ဘွားခေး၊ မင်းကြီးရန်နောင်ခေး စသည်ဖြင့် သမိုင်းနှင့်ထပ်တူစွဲမှတ်စေသည့် သီးသန့်ထင်ရှား မြန်မာတို့၏ စကားအနုပညာ၊ စာပေတို့သည် ဂန္ထဝင်မြောက်ခြင်းနှင့်အတူ ထိန်းသိမ်းကြ၊ ဂုဏ်ယူကြရန် အားကျမှုကို တွန်းအားပေးကြသည်။ ခိုင်မာသော ဂန္ထဝင်အဖြစ် သိသာစေသည်။

စာရေးသူတို့ မြန်မာ့လူမှုလောကတွင် စံပြုအပ်သော ဂန္ထဝင်အမှတ်အသားများစွာ ရှိပြီးဖြစ်သည်။ စာပေဂီတအနုပညာအမျိုးမျိုး၊ ထင်ရှားသည့်ပုဂ္ဂိုလ်များ၊ စွမ်းရည်ပြည့်ဝ နှလုံးလှသည့် သူရဲကောင်းများ၊ နိုင်ငံရေးဂန္ထဝင်သုခမိန်များ စသည်ဖြင့် နယ်ပယ်အသီးသီး၌ ပေါ်လွင်ပေသည်။

**ပေါ်ပင်နှင့်ဂန္ထဝင်**

**'ပေါ်ပင်နှင့်ဂန္ထဝင်'** တွင် ပေါ်ပင်သည် တစ်ခဏမျှသာ တည်တံ့၏။ ဂန္ထဝင်က အရှည်အကြာရပ်တည်နိုင်သည်။ **'ကျော်ချင်ရင် ပေါ်ပင်လိုက်'** ဟူသော စကားသည် ခေတ္တခဏမျှသာ အသုံးတွင်ပြီး များမကြာမီ မေ့မေ့ပျောက်ပျောက် ဖြစ်ရလေသည်။ ပေါ်ပင်အလုပ်ကြောင့် ကျော်ကြားမှု၊ ငွေကြေးစသည်ဖြင့် ပြည့်စုံစွာရနိုင်မှုသည် ရေရှည် မဖြစ်နိုင်၊ သိက္ခာရှိသော ဂန္ထဝင်ပုံရိပ်ကသာလျှင် အကျိုးပြုပေသည်။

**" မြန်မာစာပေ၌ ဂန္ထဝင်မြောက်သည်ဟူသော အသုံးအနှုန်းရှိပါသည်။ သို့သော် ဂန္ထဝင်မြောက်ခြင်းကို တိုင်းတာဆွေးနွေးကြသော အကိုးအထောက် 'ပေတံ' သဘောမရှိတတ်သေးဟု ထင်မြင်ပါသည်။ တွင်တွင်ကျယ်ကျယ်ရှိလာသောအခါ၌လည်း ဂန္ထဝင်မြောက်ခြင်း၊ မမြောက်ခြင်းတို့ကို ပညာသဘောအရ ကျွမ်းကျင်သူတို့ ဝေဖန်ဆွေးနွေးမှု ပြုသင့်ပါသည်။ သို့မှသာ စာပေတိုးတက်ဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်စရာ ရှိပါသည်။ တစ်ခါတစ်ရံ ဂန္ထဝင်မြောက်ခြင်းကိစ္စမှာ စာပေအဖွဲ့အနွဲ့ကောင်းခြင်းနှင့် တိုက်ရိုက်စပ်ဆိုင်ချင်မှ စပ်ဆိုင်သည်လည်း ရှိနိုင်ပါသည်။ စာပေလက်ရာတစ်ခုသည် အချိန်၏အဆုံးအဖြတ်ဟူသော မှတ်ကျောက်ကိုလည်း ခံရပါသည် "**

ဥပမာသာဓကတစ်ခု တင်ပြချင်ပါ၏။ ပေါ်ပြူလာဖြစ်သော တေးဂီတ၏ဖြစ်တည်အောင်မြင်ကျော်ကြားမှုသည် ရေပွက်ပမာ တစ်ခဏမျှသာ ဖြစ်လေသည်။ လေးနက်သော မဟာဂီတကဲ့သို့ ဂန္ထဝင်စံနှုန်းပုံရိပ် ပြည့်ဝသည့် အရည်အသွေးသည် ကာလကြာရှည်သော်လည်း ခေတ်မတိမ်နိုင်။ မဟာဂီတကို စတင်ပျိုးထောင်ခဲ့သော နှစ် ၂၀၀ ကျော်က **ဝန်ကြီးပဒေသရာဇာ၊ မြဝတီမင်းကြီးဦးစ၊ ပြင်စည်မင်းသားကြီး၊ ဦးတိုး၊ မမြတ်လေး၊ လှိုင်ထိပ်ခေါင်တင်** စသူတို့ကား ယခုတိုင် ထင်ရှားဆဲ။ သူတို့၏လက်ရာနှင့်ထပ်တူ ကျော်ကြားဆဲ ဖြစ်လေသည်။ မှတ်တမ်းမှတ်စုများကို ကြည့်ပါက **မြဝတီမင်းကြီးဦးစ**သည် စံချိန်တင်လောက်၏။ မြန်မာ့အာဇာနည် ခေါင်းဆောင်ကြီး **ဒီးဒုတ်ဦးဘချိုက ဂီတဝိသောဓနီ**စာအုပ် ပြုစုခဲ့၏။ ကုန်းဘောင်ခေတ်အထိ ဖွဲ့ဆိုသော **'သီချင်းကြီး သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယား၊ ဒိန်းသံ၊ ဩသံ'** စသည့် မဟာဂီတအနွယ်ဝင် ဂန္ထဝင်သီချင်းများ မှတ်တမ်းပြုရာ၌ အရေအတွက် ၄၅၇ ခု ရှိသည်ဟု တွေ့ရသည်။ ယင်းအနက် မြဝတီမင်းကြီး၏လက်ရာ ၁၁၂ ခုပါဝင်ပေရာ ယနေ့တိုင် ဂန္ထဝင်တွင်စွာဖြင့် ကျော်ကြားခြင်း၊ ထိန်းသိမ်းခြင်းပြုရသည်ကို ချင့်တွက်နိုင်ပေ၏။ ဂန္ထဝင်ဂီတတန်ဖိုးဟုပင် ကင်ပွန်းတပ်ချင်ပေသည်။

**ဂန္ထဝင်စာပေကဏ္ဍ**

အလေးထားတင်ပြလိုသော အကြောင်းရပ်မှာ မြန်မာစာပေဖွံ့ဖြိုးရေးတွင် အရေးပါသော ဂန္ထဝင်စာပေကဏ္ဍ ဖြစ်သည်။ ဂန္ထဝင်စာပေ၏ လက္ခဏာဖြစ်ပေါ်ထွန်းကားမှုများကို စာပေနှင့် ဆက်နွယ်သူများ သိရှိနားလည်ရန် လိုအပ်သည်။ သို့ဖြစ်၍ ပညာရှင်ကြီးများက တွေးဆမြော်မြင်လျက် စာပေဗိမာန်က ကြီးမှူး၍ ဂန္ထဝင်စာပေ စာတမ်းဖတ်ပွဲကို ၁၉၉၁ ခုနှစ်က ကျင်းပပေးသည်။ စာတမ်းရှင်များမှာ ပညာရှင်ကြီးများဖြစ်သော **မောင်ဆုရှင်၊ ထီလာစစ်သူ၊ တင်ထွေး၊ မင်းကျော်၊ ကျော်အောင်၊ မောင်ခင်မင်(ဓနုဖြူ)** တို့ဖြစ်သည်။ စာတမ်းအမည်အရည်များမှာ ဂန္ထဝင်စာပေစာတမ်းဟူသည်၊ မြန်မာဂန္ထဝင် ကဗျာစာတမ်း၊ မြန်မာဘာသာပြန် ဂန္ထဝင်စာပေစာတမ်း၊ နိုင်ငံတကာ ဂန္ထဝင်စာပေစာတမ်းတို့ဖြစ်သည်။ စူးစမ်းသုတေသနပြု မှတ်တမ်းများဖြစ်ပြီး လေးစားဖွယ်ဖြစ်လေသည်။ ခေတ်အဆက်ဆက်လေ့လာရန် ကောင်း၏။ ဂန္ထဝင်စာပေ၏ စံနှုန်းကိုတွေ့ရသည်။ ထိုစဉ်က ပညာရှင်များစုစည်း အနှစ်သာရထုတ် မှတ်ကျောက်တင်သည့် အချက်များကို တွေ့ရသည်။ ဂန္ထဝင်စာပေ၏ လက္ခဏာနှုန်းစံများကို ဖော်ပြပါအတိုင်း တွေ့ရပေသည်။

**ဂန္ထဝင်မြောက်သောစာပေ**

ဂန္ထဝင်စာပေဟူသည်မှာ အောက်ပါအဓိပ္ပာယ်၊ အရိပ်အဆင်နှင့် သဘောသဘာဝတို့ကို ဆောင်သည်ဟုကောက်ယူလိုပါသည်။ ယင်းတို့မှာ ဂန္ထဝင်မြောက်သော စာပေသည်-

(၁) ရေးကျသော အရေးအသားဖြစ်သည်။

(၂) ခိုင်မာအသားကျ စံထားလောက်သော အရေးအသားလက်ရာဖြစ်သည်။

(၃) စကားပြေ လင်္ကာ နှစ်မျိုး အကျုံးဝင်သည်။

(၄) စာပေရသပေါ်လွင်သော အရေးအသားဖြစ်သည်။

(၅) လူရေးလူမှုနှင့် အသိအလိမ္မာဉာဏ်ပညာကို စေ့ဆော်ပွားများစေသော သဘောရှိသည်။

(၆) လူ့စရိုက်သဘာဝကို ပေါ်လွင်အောင် ဖွဲ့ဆိုထားသော လက်ရာဖြစ်သည်။

(၇) အချိန်ကာလတစ်ခုခုနှင့်ယှဉ်၍ တည်တံ့ခိုင်ခံ့သော စာပေလက်ရာဖြစ်သည်။

(၈) အတွေ့အကြုံ၊ အတွေးအခေါ်တို့ဖြင့် ရင်းနှီးဆည်းပူး၍ ရေးသားထားသော စာပေဖြစ်သည်။

(၉) လောကတွင် အခါခပ်သိမ်း မှန်ကန်တတ်သော အချက်များ ပါဝင်နေတတ်သည်။

(၁၀) ဂန္ထဝင်စာပေ၌ ကျဉ်းမြောင်းသောနယ်နိမိတ်ဘောင်မရှိ၊ တစ်စုံတစ်ရာသော အခွင့်အာဏာဖြင့် ဆုံးဖြတ်သတ်မှတ်ရခြင်းမရှိ။ အချိန်ကာလရင့်ညောင်းသည့်တိုင် အလိုအလျောက်ဖတ်ရှုလက်ခံလေ့လာကြရသော စာပေမျိုးတွင် အကျုံးဝင်သည်။

(၁၁) တစ်ခါတစ်ရံ တစ်ခုကောင်း အရည်အသွေးကိုအစွဲပြု၍ ပြောစမှတ်ပြုရသော လက်ရာဖြစ်သည်။

**လေးနက်သော မဟာဂီတကဲ့သို့ ဂန္ထဝင်စံနှုန်းပုံရိပ် ပြည့်ဝသည့်အရည်အသွေးသည် ကာလကြာရှည်သော်လည်း ခေတ်မတိမ်နိုင်၊ မဟာဂီတကို စတင်ပျိုးထောင်ခဲ့သော နှစ် ၂၀၀ကျော်က ဝန်ကြီးပဒေသရာဇာ၊ မြဝတီမင်းကြီးဦးစ၊ ပြင်စည်မင်းသားကြီး၊ ဦးတိုး၊ မမြတ်လေး၊ လှိုင်ထိပ်ခေါင်တင် စသူတို့ကား ယခုတိုင်ထင်ရှားဆဲ။ သူတို့၏ လက်ရာနှင့် ထပ်တူကျော်ကြားဆဲဖြစ်လေသည်။ မှတ်တမ်းမှတ်စုများ ကို ကြည့်ပါက မြဝတီမင်းကြီး ဦးစသည် စံချိန်တင်လောက်၏။ မြန်မာ့အာဇာနည် ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချိုက ဂီတဝိသောဓနီစာအုပ်ပြုစုခဲ့၏။ ကုန်းဘောင်ခေတ်အထိ ဖွဲ့ဆိုသော 'သီချင်းကြီး သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယား၊ ဒိန်းသံ၊ ဩသံ' စသည့် မဟာဂီတအနွယ်ဝင် ဂန္ထဝင်သီချင်းများ မှတ်တမ်းပြုရာ၌ အရေအတွက် ၄၅၇ ခု ရှိသည်ဟု တွေ့ရသည်။ ယင်းအနက် မြဝတီမင်းကြီး၏ လက်ရာ ၁၁၂ ခုပါဝင်ပေရာ ယနေ့တိုင် ဂန္ထဝင်တွင်စွာဖြင့် ကျော်ကြားခြင်း၊ ထိန်းသိမ်းခြင်းပြုရသည်ကို ချင့်တွက်နိုင်ပေ၏။**

*စာမျက်နှာ ၂၅ သို့*

# တန်ဆောင်တိုင်ရုံးပိတ်ရက် ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများပြား

**ညောင်ဦး နိုဝင်ဘာ ၆**

တန်ဆောင်တိုင်ရုံးပိတ်ရက် နိုဝင်ဘာ ၆ ရက်တွင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူး လာရောက်သူ များပြားလျက်ရှိနေကြောင်း ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲထံမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ တန်ဆောင်တိုင်ရုံးပိတ်ရက် ဘုရားဖူးလာရောက်သူများပြားနေပြီး ရွှေစည်းခုံဘုရားကြီးသို့ ဘုရားဖူးလာရောက်သူများ စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်နိုင်ရန် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိသာ ဖွင့်လှစ်ထားပြီး အခါကြီးရက်ကြီးများတွင် နံနက် ၅ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ဖူးမြော်စေလျက်ရှိရာ နိုဝင်ဘာ ၅၊ ၆ ရက်တို့တွင်လည်း နံနက် ၅ နာရီမှ ည ၈နာရီအထိ ဖွင့်လှစ်ဖူးမြော်စေလျက်ရှိကြောင်း ဦးသန်းမြင့်ဦးက ရှင်းပြသည်။

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် မြန်မာပြည် အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများပြားလျက်ရှိရာ တုရင်တောင် စွယ်တော်မြတ်စေတီ၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ ရွှေစည်းခုံ ဘုရား၊ ကျောက်ဂူဥမင်ဘုရား၊ ငှက်ပစ်တောင်ဘုရား၊ ဗူးဘုရား၊ အာနန္ဒာ



ဘုရား၊ သဗ္ဗညုဘုရား၊ ကန်တော့ပလ္လင်ဘုရား၊မနုဟာဘုရား၊ ရွှေဆံတော်ဘုရား၊ အလိုတော်ပြည့်ဘုရား၊ဓမ္မရံကြီးဘုရား၊ စူဠာမဏိဘုရား၊ ဓမ္မရာဇကဘုရား၊ ပြဿကြီးဘုရား၊ မဟာဗောဓိဘုရား၊ ထီးလိုမင်းလိုဘုရား၊ မြစေတီဘုရားများတွင် ဘုရားဖူးများ စည်ကားနေပြီး၊ သမိုင်းဝင်ဘုရားများဖြစ်သည့် နဂါးရုံဘုရား၊ စိုးမင်းကြီးဘုရား၊ စိုးမင်းကြီးအုတ်ကျောင်း၊ အပါယ်ရတနာဘုရား ၊ ငကျွဲနားဋ္ဌောင်းဘုရား၊ ပုထိုးသားများဘုရား၊ ခေမင်္ဂဘုရားဝင်း၊ ရင်မနားဘုရားဝင်း၊ သိကြားပုန်းဘုရား၊ သိကြားဟစ်ဘုရား၊ တာမဏီသိမ်းကျောင်း၊ မင်းနန်းသူဘုရားသုံးဆူ၊ တရုတ်ပြေးဘုရားခေါ်နရသီဟပတေ့ဘုရား၊ သမ္ဗုလဘုရား၊သစ္စာဝတီဘုရား၊ အနုမြူကပ်ကျော်ဘုရား၊ မျက်တော်ပြေဘုရား၊ အင်ကြင်းဂူဘုရား၊ ဗူးလည်သီးဘုရား၊ ရွာဟောင်းကြီးဘုရား၊ ဝတ္တနထောဘုရားဝင်း၊ ဆူးလေကုန်းဘုရားစု၊ ရှင်အဇ္ဇဂေါနဘုရား၊ ဂူနီဘုရားခေါ်ကူးနီးဘုရား၊ ခြောက်ဘုရားလှဘုရားများတွင်လည်း မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများက ရှေးဟောင်းနံရံဆေးရေးပန်းချီများ၊ ကနုတ်ပန်း၊ ကျောက်ဆစ်ပန်း၊ အင်္ဂတေများအား စိတ်ဝင်တစားလေ့လာမှုများပြားလာခဲ့ကြောင်း သိရပြီး တန်ဆောင်တိုင်ရုံးပိတ်ရက် ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်သူ ၄၅၀၀၀ ကျော် လာရောက်ခဲ့ကြောင်း၊ ဂေါပကအဖွဲ့ထားရှိသည့် ဘုရား ၁၉ ဆူတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ဝင်ရောက်ဖူးမြော်စေကြောင်းလည်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## သာပေါင်းမြို့နယ်၌ စာကြည့်တိုက်ပညာ ရက်တိုသင်တန်းဖွင့်

**သာပေါင်း နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အခြေခံပညာအလယ်တန်းကျောင်း (အစုကြီး) တွင် စာကြည့်တိုက်ပညာ ရက်တိုသင်တန်းကို နိုဝင်ဘာ ၃ ရက်မှ ၄ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချခဲ့သည်။

စာကြည့်တိုက်ပညာ ရက်တိုသင်တန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လဲ့လဲ့ဝင်းက စာကြည့်တိုက်သည် ပညာဗဟုသုတ တိုးပွားလိုလားသူတို့အတွက် လွတ်လပ်စွာရှာဖွေနိုင်သောနေရာဖြစ်သဖြင့် လူထုတက္ကသိုလ်ဟုလည်း ဆိုနိုင်သည်။ ပညာရပ်အမျိုးမျိုး၊ ဆရာအမျိုးမျိုး တွေ့နိုင်သော တက္ကသိုလ်ဟု ဆိုနိုင်သည့်အပြင် လောက၏ ပြတင်းပေါက်များဟုလည်း ခေါ်ဆိုနိုင်ကြောင်း၊ ကျောင်းစာကြည့်တိုက်များ အောင်မြင်ဖွံ့ဖြိုးတိုးတက်စေရန်၊ စာပေဖတ်ရှုခြင်းဖြင့် အသိပညာ ဗဟုသုတတိုးပွားလာစေရန်၊ အမှားနှင့်အမှန်ကို ဝေဖန်ပိုင်းခြားနိုင်၍ အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရန်၊ ယဉ်ကျေးသိမ်မွေ့၍ ကိုယ်ကျင့်တရားကောင်းမွန်စေရန်၊ နိုင်ငံတော်ကို အကျိုးပြုမည့် သားကောင်းသမီးကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း မိတ်ဆက်စကားပြောကြားပြီး စာအုပ်များ စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်းနည်းလမ်းများကို သင်ကြားပို့ချခြင်းတို့ကို ပို့ချပေးခဲ့ကြောင်း သိရသည်။



အဆိုပါသင်တန်းသို့ အခြေခံပညာမူလတန်းကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း/ခွဲ၊ အခြေခံပညာ အထက်တန်းကျောင်းခွဲ(၉)ကျောင်းတို့မှ သင်တန်းသား သင်တန်းသူ၊ ဆရာဆရာမ ၁၉ ဦးတို့ တက်ရောက်ခဲ့ကြပြီး အခြေခံပညာအလယ်တန်းကျောင်း (အစုကြီး) ကျောင်းတွင် ရန်ကုန်မြို့နေ ဆရာကြီးဦးကျော်မြင့် (ရူပဗေဒ)အလှူရှင်မှ လှူဒါန်းတည်ဆောက်ထားသည့် စိမ်းလန်းမြေ ကျောင်းစာကြည့်တိုက်အား နိုဝင်ဘာလအတွင်းတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဇော်သိန်း(ပြန်/ဆက်)**

## ယင်းမာပင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်

**ယင်းမာပင် နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ခြင်း လုပ်ငန်းကို နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းမာပင်မြို့နယ် သည် လက်ရှိနယ်မြေဒေသအခြေအနေအရ နိုင်ငံသားလုပ်ငန်းဆောင်ရွက်ရန် အခက်အခဲရှိသောမြို့နယ်ဖြစ်သော်လည်း ကျေးရွာအုပ်စုများအတွင်းရှိ ဒေသခံပြည်သူများအား စည်းရုံး၍ လုပ်အားပေးကူညီလိုသူ ပြည်သူများမှတစ်ဆင့် ရွှေ့ပြောင်းလျှောက်လွှာများ ကြိုတင်ဖြန့်ဝေဖြည့်သွင်းစေပြီး ယင်းမာပင်မြို့နယ် လဝကရုံးသို့ ဖိတ်ခေါ်ကာ ပန်းခင်းစီမံချက်အဆင့် (၂)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ပြုလုပ်ပေးနေခြင်း ဖြစ်ကြောင်း မြို့နယ်လဝကရုံး တာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ ပန်းခင်းစီမံချက် အဆင့်(၂) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၄ ရက်နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီခွဲအထိ ဆင်တဲကျေးရွာအုပ်စု၊ စိုင်လျားကျေးရွာအုပ်စု၊ ကျောက်မှော်ကျေးရွာအုပ်စု၊ ဘန့်ဘွေးကျေးရွာအုပ်စုနှင့် လာပို့ကျေးရွာအုပ်စုတို့မှ ပြည်သူ ၁၀၆ ဦးတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၀၆ ကတ်အား နေ့ချင်းပြီးဆောင်ရွက်ပေးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် နိုဝင်ဘာ ၆** – မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သံတွဲမြို့တွင် ၃ ဒသမ ၃၉ လက်မ၊ တောင်ကြီးမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ပြင်ဦးလွင်မြို့တွင် ၁ ဒသမ ၅၅ လက်မ၊ ပင်လောင်းမြို့တွင် ၁ ဒသမ ၄၃ လက်မနှင့် ကော့သောင်းမြို့တွင် ၁ ဒသမ ၃၅ လက်မတို့ ဖြစ်ကြသည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်မြို့၊ ဟဲဟိုးမြို့နှင့် တီးတိန်မြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

*စာမျက်နှာ ၂၄ မှ*

### ဂန္ထဝင်စာပေဟူသည်

မျက်မှောက်ခေတ်ကာလ စာပေနယ်ပယ်တွင် ဂန္ထဝင်စာပေဖွံ့ဖြိုးရေးကို အလိုရှိကြသည်ချည်း ဖြစ်၏။ ဆယ်စုနှစ် နှစ်ခုကျော်က စာတမ်းရှင်များ အနက် တစ်ဦးသာ သက်ရှိထင်ရှားဖြစ်နေသေးသည်။ ဂန္ထဝင် စာပေများ ဖွံ့ဖြိုးရေး၊ ဖန်တီးပြုစုရေးတာဝန်များ လက်ဆင့်ကမ်းရန်လည်း ဖြစ်ပါ၏။ သို့ဖြစ်၍ ထိုစဉ်က အမြင်အတွေးများကို ခံစားသိမှတ်ပါက သင့်မြတ်မည်ဟု ယူဆပါသည်။ သို့ဖြစ်၍ **ဆရာ မောင်ဆုရှင်**၏ ဂန္ထဝင်စာပေဟူသည် စာတမ်း၏ အနှစ်ချုပ်ကို အနားသတ်လှစ်ဟ ပြလိုပေသည်။

မြန်မာစာပေ၌ ဂန္ထဝင်မြောက်သည်ဟူသော အသုံးအနှုန်းရှိပါသည်။ သို့သော် ဂန္ထဝင်မြောက်ခြင်းကို တိုင်းတာဆွေးနွေးကြသော အကိုးအထောက် **'ပေတံ'** သဘောမရှိတတ်သေးဟု ထင်မြင်ပါသည်။ တွင်တွင်ကျယ်ကျယ် ရှိလာသောအခါ၌လည်း ဂန္ထဝင်မြောက်ခြင်း၊ မမြောက်ခြင်းတို့ကို ပညာသဘောအရ ကျွမ်းကျင်သူတို့ ဝေဖန်ဆွေးနွေးမှု ပြုသင့်ပါသည်။ သို့မှသာ စာပေတိုးတက်ဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်စရာရှိပါသည်။

### ဂန္ထဝင်ဖြစ်အပ်သော သဘော

ဂန္ထဝင်ဖြစ်အပ်သော သဘောတို့မှာ ဤစာတမ်းတွင် ဆိုခဲ့သည့်အတိုင်း ကျယ်ဝန်းများပြားပါသည်။ တစ်ခါတစ်ရံ ဂန္ထဝင်မြောက်ခြင်းကိစ္စမှာ စာပေအဖွဲ့အနွဲ့ကောင်းခြင်းနှင့် တိုက်ရိုက် စပ်ဆိုင်ချင်မှ စပ်ဆိုင်သည်လည်း ရှိနိုင်ပါသည်။ စာပေလက်ရာတစ်ခုသည် အချိန်၏ အဆုံးအဖြတ်ဟူသော မှတ်ကျောက်ကိုလည်း ခံရပါသည်။

လောကတွင် အကောင်းဆုံး၊ အတော်ဆုံး၊ အပြောင်မြောက်ဆုံး၊ အထင်ရှားဆုံး၊ အပြည့်စုံဆုံး ဟူသော အသုံးအနှုန်းများကို သုံးနှုန်းလေ့ရှိကြပါသည်။ ဂန္ထဝင်စာပေဟူ၍ ကြံဆသတ်မှတ်ရာတွင် ထိုအသုံးအနှုန်း၊ ထိုခံယူချက်မျိုး ပါရှိနိုင်ပါသည်။ ထိုသို့သုံးနှုန်းရာတွင် နှစ်သက်မှုဖြင့် ပြောဆိုသည်။ ကြည်ညိုမှုဖြင့် အလေးထားသည်။ ခံစားမှုဖြင့် ပြောဆိုသည်တို့ ရှိနိုင်ပါသည်။ နေရာဌာန၊ ကာလဒေသကိုလိုက်၍လည်း ဖြစ်နိုင်ပါသည်။ ပုဂ္ဂိုလ်ကိုလိုက်၍လည်း ဆိုတတ်ကြသည်။ ထိုအဆိုတို့လည်း ဓမ္မဓိဋ္ဌာန်ကျသည်ဟု ဆိုနိုင်သောအခါရှိသလို ပုဂ္ဂလဓိဋ္ဌာန်သဘောပါသည်ဟု ဆိုနိုင်သော အခါလည်းရှိပါသည်။ အချိန်ကာလကြာသောအခါ ထိုသဘောတို့၏ အစုအပေါင်းတွင် များရာစုက ပေါ်လွင်လာတတ်ပါသည်။ ယင်းသို့ ပေါ်လွင်လာခြင်းမှာ များရာစု၏ အဆုံးအဖြတ်ပင်ဖြစ်ပါသည်။ ဂန္ထဝင်စာပေမြောက်ခြင်း၊ မမြောက်ခြင်းကိုလည်း ထိုနည်းအတိုင်းပင် လက်ခံကြရပါသည်။

### ဂန္ထဝင်အရိပ်အဆင့်

ဤစာတမ်း၌ ဂန္ထဝင်စာပေဟူသော နက်ရှိုင်းထွေပြားသည့် အကြောင်းရပ်ကို ကြိုးစား၍ အဓိပ္ပာယ်ဖွင့်နိုင်ရန် လက်လှမ်းမီသမျှ၊ အခါအခွင့်ရသမျှ ကြိုးစားကြည့်ထားပါသည်။ သိသာထင်ရှားသော သာဓကအချို့ကို ထုတ်နုတ်၍ ပြနိုင်ရန် အားထုတ်ကြည့်ခဲ့ပါသည်။ ပြည့်စုံလိမ့်မည်ကား မဟုတ်ပါ။ ကွဲလွဲသော၊ ချွတ်ယွင်းသော အကောက်အယူ၊ အရိပ်အဆင်များလည်း ပါနိုင်ပါသည်။ ထိုသို့ ပါဝင်ခဲ့သော် မေတ္တာရှေ့ထား၍ တည့်မတ်ပေးကြပါရန် အနူးအညွတ် မေတ္တာရပ်ခံရပါသည်။

ဂန္ထဝင်စာပေအကြောင်းရပ်သည် စာပေအနုပညာနှင့် စပ်ဆိုင်သောအကြောင်းရပ်ဖြစ်၍ အနုပညာလုပ်ငန်းတို့၏ သဘောအရဖွင့်ဆိုမှု၊ ခံစားမှု လက်သင့်ခံမှုတို့၌ ကွဲပြားစရာအကြောင်းများရှိနိုင်ပါသည်။ ထိုသို့ရှိခြင်းကပင်လျှင် အနုပညာ၏ စရိုက်သဘောကို ဖော်ပြနေပါတော့သည်။ ဘက်စုံဂန္ထဝင် အခင်းအကျင်းကား ပေါ်ပင်နောက်သို့ ချည်းမလိုက်ဘဲ ရှင်သန်ရန် မြန်မာ့လူမှုအဖွဲ့အစည်းအတွက် ထင်ရှားစွာ ပြဆိုလျက်ရှိပေသည်။ ။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၆

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများက ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–က နှင့် ပုဒ်မ ၅၀၅ – က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်မြို့ မြသီတာရပ်ကွက်နေ တင်မမစိုးသည် ၎င်းအသုံးပြုသည့် "Tin Ma Ma Soe" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အမှတ်(၄)ရပ်ကွက်နေ သိန်းထိုက်စိုးသည် ၎င်းအသုံးပြုသည့် "Thein Htike Soe" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၅)နေ ရဲသူရ(ခ) ရဲကြီး(ခ) ရဲသူသည် ၎င်းအသုံးပြုသည့် "Ye Thura" Facebook အကောင့်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၁)ရပ်ကွက်နေ နန်းဒန်း(ခ) ပြုံးရီသည် ၎င်းအသုံးပြုသည့် "Nann Dann" Facebook အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ တိရစ္ဆာန်အစာ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၆**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ စစ်ဆေးရေးအဖွဲ့က မြဝတီ – ဘားအံ – ရန်ကုန် ကားလမ်း ပဲခူးစက်မှုဇုန်ရှေ့၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော တိရစ္ဆာန်အစာ ၄၀၀၀ ကီလိုဂရမ်နှင့် သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော အဝတ်လျှော်ဆပ်ပြာမှုန့် ၁၀၃၇၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၇၀၈၀၀)ကိုလည်းကောင်း၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ် တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၀၇၀၈၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ နိုဝင်ဘာ ၅ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကျိုင်းတုံမြို့နယ် နောင်နွန်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Snow Towel ၁၀၀၀ ကီလိုဂရမ်နှင့် Imperial Leather တံဆိပ်ဆပ်ပြာခဲ ဂျပ်ဖာ ၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၅၀၀၀၀)ကို လည်းကောင်း၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၇၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အကောက်ခွန်ဦးစီးဌာနမှ မြဝတီ–ဘားအံ–ရန်ကုန် ကားလမ်း ပဲခူး စက်မှုဇုန်ရှေ့၌ ဖမ်းဆီးရမိမှု။

ထို့အတူ နိုဝင်ဘာ ၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင် ရဲနွယ်ကြိုးဝိုင်းအတွင်း၌ တရားမဝင် ကျွန်းသစ်ခွဲသားနှင့် ပျဉ်းကတိုး သစ်ခွဲသား ၂ ဒသမ ၁၈၉၀ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၃၅၇၄၈)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၂ ရက်၊ ၅ ရက်နှင့် ၆ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၁၅၆၅၄၈) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ၂၀၂၂ မြန်မာပြည်တွင်း ပတ်လည်ဂေါက်ရိုက်ပြိုင်ပွဲ (ပြင်ဦးလွင်) ပွဲစဉ် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၆**

မြန်မာနိုင်ငံ၌ ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေ တို့ကစီစဉ်၍ မြဝတီဘဏ်လီမိတက်နှင့် အင်းဝဘဏ်လီမိတက်တို့က အဓိကကူညီပံ့ပိုးသည့် ၂၀၂၂ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်ရိုက်ပြိုင်ပွဲ (ပြင်ဦးလွင်) ပွဲစဉ်ကို နိုဝင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ ပြင်ဦးလွင်မြို့ရှိ ချယ်ရီလွင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့်(အမျိုးသား)(H'cap 0–12)၊ ဝါသနာရှင်အဆင့် (အမျိုးသမီး) (H'cap 0–18) ယှဉ်ပြိုင်ကစားခွင့်ပြုမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပညာရှင်အဆင့်ကစားသမားများ၊ လက်ရည်စစ်ပွဲ ယှဉ်ပြိုင်ရန်မလိုသော ဝါသနာရှင်အဆင့် (အမျိုးသား) နှင့်ဝါသနာရှင်အဆင့်(အမျိုးသမီး) ဂေါက်သီး အားကစားသမားများသည် နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ပညာရှင်အဆင့်ပြိုင်ပွဲဝင်မည့် ကစားသမားတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀၊ ဝါသနာရှင်အဆင့် ပြိုင်ပွဲဝင်မည့် ကစားသမားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ဖြင့် ဖုန်း ၀၉–၄၂၁၀၀၂၂၅၉ ထံ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ စာရင်းပေးသွင်းထားပြီး ပြိုင်ပွဲဝင်ကြေးပေးသွင်းထားသူများသည် နိုဝင်ဘာ ၁၂ ရက်တွင် (Official Practice Round) ကစားနိုင်မည်ဖြစ်ပြီး အမည်စာရင်းပေးသွင်းထားပြီး ပြိုင်ပွဲမဝင်နိုင်ပါက ပြိုင်ပွဲမတိုင်မီ ကြိုတင်အကြောင်းကြားရန်လိုအပ်ကာ အကြောင်းကြားခြင်းမရှိပါက နောက်ပွဲစဉ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ကြောင်းနှင့် ပြိုင်ပွဲဝင်ကြေးပေးသွင်းရန် နောက်ကျသော ကစားသမားများကို ပြိုင်ပွဲအတွဲဇယားများတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က သတင်းထုတ်ပြန်ထားသည်။ **ကိုညီလေး**

# KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားပူးပေါင်းအဖွဲ့က ဗန်းမော်မြို့အတွင်း ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် နိုဝင်ဘာ ၆**

ကချင်ပြည်နယ် ဗန်းမော်မြို့အတွင်းသို့ နိုဝင်ဘာ ၅ ရက် ညနေပိုင်းတွင် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမား ပူးပေါင်းအဖွဲ့က ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် ရမ်းသန်းပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၅ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်တွင် KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမား ပူးပေါင်းအဖွဲ့က ဗန်းမော်မြို့၏ မြောက်ဘက် မီတာ ၂၃၀၀ အကွာမှ ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် ရမ်းသန်း ပစ်ခတ် တိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့ ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် အမှတ် (၂၃၇) အခြေခံပညာ မူလတန်းကျောင်းအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး စာသင်ကျောင်း ခေါင်မိုးနှင့် ပြတင်းတံခါးများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထိုသို့ ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် ရမ်းသန်းပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်အဖွဲ့များ၏ နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များကလိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



မူလတန်းကျောင်းအတွင်းရှိ စာသင်ကျောင်းခေါင်မိုးနှင့် ပြတင်းတံခါးများ ပျက်စီးမှု။

## သန်လျင်မြို့နယ်ရှိ ကျေးရွာများ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေးဆောင်ရွက်

**သန်လျင် နိုဝင်ဘာ ၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်သည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့မှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများနှင့်အတူ သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာအုပ်စု ကျောင်းကံကျေးရွာတွင် Brighten Earth ကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသော အမြင့်တင်ရေစင်နှင့် ရေစက်ရုံတည်ဆောက်ခြင်း၊ လေးလက်မခွဲ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် (၂၄၀၀) ရေတိုင်ကီ (၇၀၀၀)ဆောင်ရွက်ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေးပြီး ကျေးရွာတာဝန်ရှိသူများအား ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများအား ရှင်းလင်းဆွေးနွေးမှာကြားသည်။

သန်လျင်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ အချိန်ကုန်သက်သာပြီး အသုံးစရိတ်လျော့နည်းစေရန် ရည်ရွယ်ပြီး ကျေးရွာ ငါးရွာတွင် အိမ်တိုင်ရာရောက်ရေသွယ်စနစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယခုဘဏ္ဍာရေးနှစ်အထိ သန်လျင်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၅ ရွာတွင် အိမ်တိုင်ရာရောက် ရေသွယ်စနစ်ဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိရန် ဆောင်ရွက်ပေးကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**






### မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ရောက်ရှိမည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲပျော် ဂီတပွဲတော် Season-2" တေးသီချင်း သီဆိုမှုပြိုင်ပွဲနှင့် ဖျော်ဖြေပွဲကို ပြည်သူများ လွတ်လပ်ရေး၏ အနှစ်သာရကို တန်ဖိုးထားလေးစားစိတ်၊ မိမိတို့၏ အချုပ်အခြာအာဏာကို ကိုယ်တိုင်ထိန်းသိမ်းရမည်ဆိုသော ထက်သန်သည့်စိတ်တို့ ဖြစ်ပေါ်လာစေရန်၊ မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရန်၊ ပြည်သူများ၏ စိတ်အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက (၂-၉-၂၀၂၂)ရက်နေ့မှစ၍ အပတ်စဉ် သောကြာနေ့ညတိုင်း တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသလျက်ရှိရာ ယင်းဖျော်ဖြေပွဲများကို(၃၀-၁၂-၂၀၂၂) ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ယခုအခါ အုပ်စုပွဲစဉ်(၁၀)ပွဲ၏ သီဆိုယှဉ်ပြိုင်မှုမှ ထွက်ပေါ်လာသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်(၁၀)ဦးဖြင့် ပြုလုပ်မည့် ဒုတိယအဆင့် Level-2 ပွဲစဉ်(၁၁)တွင် သီဆိုယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်(၁၀)ဦး အတွက် ရွေးချယ်ထားသည့် အောက်ပါပြဋ္ဌာန်း တေးသီချင်း(၁၀)ပုဒ်ကို အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေး အကြောင်းကြားပါသည်-

| စဉ် | သီချင်းအမည် | တိုင်း/ပြည်နယ် | ပွဲစဉ် |
|---|---|---|---|
| ၁ | ဇန္နဝါရီအလှဆုံး | ကချင်ပြည်နယ် | (၁၁-၁၁-၂၀၂၂)ရက်နေ့ Level-2 ပွဲစဉ်(၁၁) |
| ၂ | မြန်မာ့ကြွေးကြော်သံ | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၃ | ငြိမ်းချမ်းရေးပန်းခင်း | ကရင်ပြည်နယ် | |
| ၄ | ဥမကွဲသိုက်မပျက် | ကချင်ပြည်နယ် | |
| ၅ | သားချင်းများဆုံတွေ့သောအခါ | ရန်ကုန်တိုင်းဒေသကြီး | |
| ၆ | မြန်မာတို့မြေ မြန်မာပြည် | ချင်းပြည်နယ် | |
| ၇ | လွတ်လပ်တဲ့မြန်မာပြည် | ပဲခူးတိုင်းဒေသကြီး | |
| ၈ | မိုးသားကင်းစင်ရောင်ခြည်မြင် | ဧရာဝတီတိုင်းဒေသကြီး | |
| ၉ | တို့မွေးမြေ | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၁၀ | သည်တစ်ခေတ်တွင် | နေပြည်တော် | |

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်-၈၉၂/ခ၊ ဧရိယာပေ (၂၀x ၆၀) ရှိ မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးထော်နီအာမိန် ၁၂/သကတ(နိုင်)၂၂၁၂၉၆ ထံမှ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ပေးကတိစာချုပ် ပြုလုပ်ချုပ်ဆိုပြီး ဖြစ်ပါသည်။ ဤမြေကွက်နှင့်ပတ်သက်၍ နစ်နာခြင်းရှိသူမည်သူမဆို ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရဲမျိုးထွန်း(LL.B)( WIPO)
အထက်တန်းရှေ့နေ(စဉ်-၃၉၈၆၇)
အမှတ်(၁၅)၊ ရွာလယ်လမ်း၊ စမ်းကြီးဝရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၀၀၀၂၂၃

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City Condo၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့် တိုက်အမှတ်(အေ-၂)(၆)လွှာ၊ အခန်းအမှတ်(၆၂၀)၊ ဧရိယာ (၆၂၂)စတုရန်းပေ၊ Type(C)အမျိုးအစား၊ အိပ်ခန်း(၁)ခန်းပါ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူဖြစ်သော ဦးအောင်ဝင်းသန်း ၁၂/ဗဟန(နိုင်)၀၇၄၂၆၆ ထံမှအပြီးအပြတ်ဝယ်ယူရန် ကျွန်မ ဒေါ်ခင်စပယ် ၁၂/ရကန(နိုင်)၀၁၉၃၄၄ မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်စပယ်
ဖုန်း-၀၉-၅၀၅၄၉၁၇

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂ သမိုင်း၊ မြေကွက်အမှတ် (၃/ည)၊ ဧရိယာ ၀ဒသမ ၁၈ ဧကရှိ B-မြေပိုင်မြေ(အိမ်ရာမြေသတ်မှတ်) နှင့် ၎င်းမြေကွက်ပေါ်ရှိ အမှတ် (၃/ည)၊ ကန်သာယာအိမ်ရာ၊ မင်းကျောင်းလမ်း၊(၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

ဖော်ပြပါ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက် ဒေါ်ဝင်းဝင်းငွေး ၆/မအရ(နိုင်)၀၀၉၅၀၂ ၏ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး ၁၃-၁၀-၂၀၂၂ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၈၉၇၂ ရရှိသူ ဒေါ်မြင့်မြင့်သန်း ၁၄/ဟသတ(နိုင်)၀၅၃၈၄၉နှင့် လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးဇော်မြင့် ၁၂/ပဘတ(ဧည့်)၀၀၀၆၂ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်ဇော်လွင်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၁၇၀၀)
ဖုန်း-၀၉-၄၂၆၇၇၉၉၉၃
YI LINK REAL ESTATE & BUSINESS SERVICES COMPANY
E-5၊ Sagawar Street/FMI City.Hlaingtharyar.

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၁၁၄

| | | |
|---|---|---|
| ဦးလှမြင့် | နှင့် | ဦးနေဝင်း |
| **တရားလို** | | **တရားပြိုင်** |

ဦးနေဝင်း၊ အမှတ် (ဂ/၆၄)၊ ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့(ယခုနေရပ်လိပ်စာမသိ)သူသိစေရမည်။

သင့်အပေါ်၌ ဦးလှမြင့်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ်၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၈ရက် (၁၃၈၄ ခုနှစ် တန်ဆောင်းမုန်းလပြည့်ကျော် ၁၁ရက်)မွန်းမတည့်မီ ၉:၃၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ရုံးတော်မှ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မိမိသန်း)
ခရိုင်တရားသူကြီး
ပြင်ဦးလွင်ခရိုင်တရားရုံး

### အများပြည်သူသို့ အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ **"မော်တော်ဆိုင်ကယ်ကို စီးနင်းမောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်"** အသိပေးအပ်ပါသည်။

နေပြည်တော်ယာဉ်
စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

## ကသာတွင် ငါးဘတ်ဈေးကောင်းရလာသော်လည်း ငါးကြီးငါးကောင်းရရှိမှု နည်းပါးလာ

**ကသာ နိုဝင်ဘာ ၆**

ကသာမြို့တွင် ငါးဘတ်ဈေးကောင်း ရလာသော်လည်း ငါးကြီးငါးကောင်းများ အင်းများအတွင်း ဖမ်းဆီးရမိမှု နည်းပါးလာသဖြင့် ပြည်တွင်းဖြန့်ချိရောင်းဝယ်ရေးလုပ်ငန်း ကျဆင်းလာလျက်ရှိကြောင်း ငါးပွဲရုံဒိုင်များမှ သိရသည်။

ယခင်က ငါးဘတ်ငါးအကောင်ကြီးများကို ဝယ်ယူရာ မြို့နယ်အသီးသီးကို ရေခဲရိုက်ပြီး တင်ပို့ရောင်းချပေးရကြောင်း၊ ယခုအခါ ငါးသေးများသာဝင်ရောက်သည့်အတွက် ငါးရံ့၊ ငါးဘတ်၊ ငါးရွှေ၊ ငါးမောင်းမ စသည့် ငါးကြီးငါးကောင်းများ အရနည်းလာပြီး တစ်နေ့လုံးက ဖြန့်ချိရေးလုပ်ငန်းဆောင်ရွက်ရကြောင်း ငါးအဝယ်ဒိုင်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

ကသာမြို့နယ်အနီး ဧရာဝတီမြစ် ရေလမ်းပြောင်းလဲလာခြင်းကြောင့် အင်းကျိုး အင်းပြတ် အင်းပေါက်များ ဖြစ်ပေါ်လာခြင်း၊ စားဝတ်နေရေးအခြေပြု၍ နေ့/ည ငါးဖမ်းသူဦးရေတိုးလာခြင်း၊ ငါးနေငါးထိုင် ဂေဟစနစ်များ ပျက်စီးလာခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးရည်များ သုံးလာခြင်းများကြောင့် ငါးထွက်နှုန်းနှင့် ကြီးထွားနှုန်း ကျဆင်းစေကြောင်း သိရသည်။

ကသာမြို့၌ ကုန်းပိုင်းအင်းနှင့် မြေနိမ့်ပိုင်းအင်းများမှ ငါးများထွက်ရှိသော်လည်း ဈေးကွက်သို့ဖြန့်ချိရာတွင် သယ်ယူစရိတ် ကြီးမြင့်မှုကြောင့် အမြတ်အစွန်းနည်းသည့်အတွက် ငါးဘတ်ငါးများကို ဗိုက်ခွဲနေခြောက်လှန်းကာ တစ်နေလှန်း ငါးဘတ် တစ်ပိဿာ ၃၀၀၀၀ ကျပ်၊ သုံးနေလှန်း တစ်ပိဿာ ၃၅၀၀၀ ကျပ်၊ ငါးရံ့တစ်နေလှန်း တစ်ပိဿာ ၅၀၀၀၀ ကျပ် နှင့် သုံးနေလှန်း ငါးရံ့ခြောက်တစ်ပိဿာ ၆၀၀၀၀ ကျပ် ဈေးနှုန်းဖြင့် အကြီးအသေးပေါ်မူတည်ပြီး ရောင်းချကြောင်း ငါးပွဲရုံဒိုင်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောပြခဲ့သည်။

**ငွေအိုးကသာ**

### မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ ယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊
(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊
(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာနတွင် လစ်လပ်လျက်ရှိသော (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) အငယ်တန်းစာရေး ရာထူး(၁၀)နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) လျှောက်လွှာပိတ်သည့်(၁၆-၁၂-၂၀၂၂)ရက်နေ့၌ အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ (ဝန်ထမ်းဖြစ်ပါက (၃၅)နှစ်ထက် မကျော်လွန်သူ) ဖြစ်ရမည်။
- (ဂ) ရွေးချယ်ခံရပါက ဌာနတွင် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
- (ဃ) နေပြည်တော်တွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (င) တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။
- (စ) ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်သူ ဦးစားပေးခန့်ထားပါမည်။
- (ဆ) ကျန်းမာသန်စွမ်းသူဖြစ်ရမည်။

၂။ ကိုယ်ရေးလျှောက်လွှာတွင် မိဘအမည်၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်များကို ပြည့်စုံစွာဖော်ပြပေးရန်နှင့် အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

- (က) တစ်လအတွင်း ရိုက်ကူးထားသော (၁"x၁.၂၅")အရွယ် ကာလာဓာတ်ပုံ(၃)ပုံ၊ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)။
- (ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ။
- (ဂ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် ဘွဲ့လက်မှတ်မိတ္တူ။
- (ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် လျှောက်လွှာမတင်မီ ရက်သတ္တနှစ်ပတ်အတွင်း ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့ထောက်ခံချက်မူရင်းနှင့် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဌာနအကြီးအကဲ၏ ထောက်ခံချက်မူရင်း။

၃။ စာရွက်စာတမ်းမပြည့်စုံသော လျှောက်လွှာများနှင့် သတ်မှတ်ရက်ကျော်လွန်သော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ လျှောက်လွှာတင်ပြခြင်းနှင့် ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူခြင်းများကို (၂၁-၁၂-၂၀၂၂) ရက်နေ့ ၀၉:၃၀နာရီမှ ၁၆:၀၀နာရီအတွင်း မြန်မာ့မီးရထား(ရုံးချုပ်) နေပြည်တော်၊ မြို့ပြအင်ဂျင်နီယာဌာနတွင် ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေး ကတ်ပြား(မူရင်း)၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်း)၊ ပညာအရည်အချင်းနှင့် ဘာသာရပ်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ် အထောက်အထား(မူရင်းများ)နှင့်အတူ လာရောက်၍ ဆက်သွယ်ကြရန် ဖြစ်ပါသည်။

၅။ ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းတို့အား မြန်မာ့မီးရထား(ရုံးချုပ်) တည်ရှိရာ နေပြည်တော်ဘူတာကြီး၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်-

- (က) (၂၂-၁၂-၂၀၂၂)ရက်နေ့ နံနက် ၁၀:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ ရေးဖြေစာမေးပွဲ(မြန်မာစာ၊အင်္ဂလိပ်စာ၊သင်္ချာ)မေးခွန်းလွှာအား ဖြေဆိုခြင်း။
- (ခ) (၂၃-၁၂-၂၀၂၂)ရက်နေ့ (နေ့လည်ပိုင်း)တွင် အထွေထွေဗဟုသုတနှင့် ကွန်ပျူတာစာစီစာရိုက် စစ်ဆေးခြင်း။

၆။ ရေးဖြေ/လူတွေ့စစ်ဆေးမှုများ ပြုလုပ်ပြီးပါက ရွေးချယ်ခံရသူများအား ဌာနက တိုက်ရိုက်ဆက်သွယ် အကြောင်းကြားသွားမည်ဖြစ်ပါကြောင်းနှင့် ရွေးချယ်ခံရသူများသည် ဌာန၏သတ်မှတ်ချက်အတိုင်း ရာထူးတိုးမြှင့်ခံစား ခွင့်ရှိမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက မြန်မာ့မီးရထား(ရုံးချုပ်)၊ နေပြည်တော်တယ်လီဖုန်းနံပါတ် ၀၆၇-၈၀၇၇၃၀၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ကချင်ပြည်နယ်သမဝါယမအသင်းစုချုပ်လီမိတက်
## လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်သမဝါယမအသင်းစုချုပ်လီမိတက်၊ အသင်းစုချုပ်ပိုင်မြေ အလျား ၆၀ပေ၊ အနံ ၁၇၀ ပေအား လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

**လေလံလျှောက်လွှာရောင်းချမည့်ရက်** - ၃-၁၁-၂၀၂၂ ရက်မှ ၂၉-၁၁-၂၀၂၂ ရက်အထိ
**လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက်** - ၂၉-၁၁-၂၀၂၂ ရက်၊ ၁၆:၀၀ နာရီ
**လေလံလျှောက်လွှာရောင်းချမည့်နေရာ** - မြို့နယ်သမဝါယမအသင်းစုလီမိတက်၊ မိုးညှင်းမြို့။

၂။ အာမခံစပေါ်ငွေပေးသွင်းထားသည့် အထောက်အထားမူရင်းအား သက်ဆိုင်ရာ လေလံတင် ထုခွဲရောင်းချရေးအဖွဲ့/ အသင်းအမှုဆောင်အဖွဲ့ထံ သီးခြားအပ်နှံရမည်ဖြစ်ပြီး လေလံဈေးနှုန်း တင်သွင်းလွှာလျှောက်လွှာများကို အာမခံစပေါ်ငွေပေးသွင်းထားသည့် အထောက်အထားမိတ္တူနှင့်အတူ လေလံပိတ်သိမ်းမည့် ၂၉-၁၁-၂၀၂၂ ရက်၊ ၁၆:၀၀ နာရီ နောက်ဆုံးထား၍ ကချင်ပြည်နယ် သမဝါယမအသင်းစုချုပ်လီမိတက်ရုံးသို့ နောက်ဆုံးထား ပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ရက်၊ သတ်မှတ်အချိန်ထက် နောက်ကျတင်သွင်းလာသော ဈေးနှုန်းတင်သွင်းလွှာလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ လေလံလျှောက်လွှာပိတ်သိမ်းပြီးသည့် နောက်နေ့ ၃၀-၁၁-၂၀၂၂ ရက်၊ ၁၀:၀၀ နာရီတွင် လေလံဖွင့်လှစ်ရောင်းချခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း - ၀၉ -၂၆၄၅၉၄၂၂၉၊ ၀၉-၇၉၅၅၂၁၆၅၇

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေဘုံသာလမ်း၊ အမှတ် ၃၇၃ ဒါဝူဒီဘောဟရာဂျမအတ်အန်ဂျူမန်စိုင်ဖီအဖွဲ့၏အုပ်ချုပ်မှု ဂေါပကအဖွဲ့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ၃၁ လမ်း၊ အမှတ်(၁၁)ရပ်ကွက်၊ အမှတ် ၁၇၃(ပထမထပ်/ဝဲ)၊ အခန်းအမှတ်(၇) ဟုခေါ်တွင်သော တိုက်ခန်းကို အလှူရှင် ဒေါ်ဟူစိန်နာမှ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့စွဲပါ ပေးကမ်းခြင်းကတိစာချုပ်ဖြင့် မြေရှင်၏ရှေ့မှောက်တွင် လွှဲပြောင်းပေးအပ်ခဲ့သည့် အတွက် ဒါဝူဒီဘောဟရာဂျမအတ်အန်ဂျူမန်စိုင်ဖီအဖွဲ့၏အုပ်ချုပ်မှုဂေါပကအဖွဲ့မှ မြေရှင် အား ငွေကျပ် ၁၀ သိန်းပေးချေပြီး အဖွဲ့ပိုင်အဖြစ် လွှဲပြောင်းရယူခဲ့ပြီးဖြစ်ကြောင်းနှင့် အထက်ဖော်ပြပါ တိုက်ခန်းမှာ ဒါဝူဒီဘောဟရာဂျမအတ်အန်ဂျူမန်စိုင်ဖီအုပ်ချုပ်မှု ဂေါပကအဖွဲ့မှ လက်ဝယ်ထားစီမံခန့်ခွဲလျက်ရှိကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကြည်ဝင်း(သန်လျင်)ဥပဒေတွဲ့**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်-၂၇၆၅)**
**အမှတ် ၂၄၀၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၁-၈၂၄၅၅၇၉၊ ၀၉-၄၉၂၂၉၁၂၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဏုမြူစွမ်းအင်ဦးစီးဌာန
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဏုမြူစွမ်းအင်ဦးစီးဌာနတွင် သုတေသနလက်ထောက်(၂) (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)၊ စက်မှုကျွမ်းကျင်(၂) (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)၊ စာရင်းကိုင်(၂)(လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးများ လစ်လပ်လျက်ရှိပါသဖြင့် ဖော်ပြပါရာထူးနေရာများ၌ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး/ လစာနှုန်း(ကျပ်) | ပညာအရည်အချင်း | ခန့်ထားမည့် ဦးရေ |
|---|---|---|---|
| (က) | သုတေသနလက်ထောက်(၂) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | မဟာဘွဲ့ တက်ရောက်ရန် အရည်အချင်း ပြည့်မီသူ (Nuclear Physics/ Physics/ Chemistry/Biochemistry/ Microbiology) (သို့မဟုတ်) အင်ဂျင်နီယာဘွဲ့(B.E)(Nuclear Technology/ Chemical) | ၁၅ |
| (ခ) | စက်မှုကျွမ်းကျင်(၂) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | သိပ္ပံဘွဲ့တစ်ခုခု (Nuclear Physics/ Physics/ Chemistry/ Biochemistry/ Microbiology) (သို့မဟုတ်)အင်ဂျင်နီယာဒီပလိုမာ (A.G.T.I) | ၅ |
| (ဂ) | စာရင်းကိုင်(၂) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | စီးပွားရေးဆိုင်ရာဘွဲ့တစ်ခုခု | ၂ |

၂။ လျှောက်ထားသူများသည်-

- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) (၁-၁-၂၀၂၃) ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၂)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။ (နိုင်ငံ့ဝန်ထမ်းများဖြစ်ပါက အသက်(၃၅)နှစ် ထက်မကျော်လွန်သူ ဖြစ်ရမည်။)
- (ဂ) နိုင်ငံ့ဝန်ထမ်းများသည် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်။
- (ဃ) ခန့်ထားမည့်ရာထူးအားလုံးအတွက် အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်သူ ဦးစားပေး ရွေးချယ်မည်။
- (င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (စ) အကျင့်စာရိတ္တကောင်းမွန်ပြီး မည်သည့်နေရာဒေသမဆို သွားရောက်တာဝန် ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
- (ဆ) လျှောက်ထားသူတစ်ဦးလျှင် ရာထူးအလွှာတစ်မျိုးကိုသာလျှောက်ထားရမည်။
- (ဇ) ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါက အနည်းဆုံး(၃)နှစ် တစ်ဆက်တည်း တာဝန် ထမ်းဆောင်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြပြီး လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးရမည်-

- (က) လျှောက်ထားသည့်ရာထူးအမည်၊
- (ခ) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
- (ဂ) မွေးသက္ကရာဇ်နှင့်အသက်၊
- (ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊
- (င) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊ အောင်မြင်ခဲ့သည့်ကျောင်း၊ တက္ကသိုလ်၊
- (စ) မိဘအမည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်၊
- (ဆ) အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်၊
- (ဇ) ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်၊
- (ဈ) ဆက်သွယ်ရန်နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊
- (ည) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ၊

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

- (က) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ (၁ လက်မ x ၁ လက်မ) (၃)ပုံ
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူမှန်)
- (ဂ) ဘွဲ့လက်မှတ် (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
- (ဃ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မိတ္တူမှန်) သို့မဟုတ် နောက်ဆုံးပညာသင်ကြားခဲ့သည့် ကျောင်းထောက်ခံစာ
- (င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်းနှင့် သက်ဆိုင်ရာနယ်မြေရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံ ချက်(မူရင်း) (တစ်လအတွင်းရရှိသည့်)
- (စ) အိမ်ထောင်စုစာရင်းမိတ္တူမှန်
- (ဆ) ဝန်ထမ်းဖြစ်ပါက ကိုယ်တိုင်ဝန်ခံချက်နှင့် ဝန်ထမ်းကဒ်မိတ္တူမှန်
- (ဇ) ဝန်ထမ်းမဟုတ်ပါက (၆)လအတွင်းပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင် ကတ်ပြားမိတ္တူ မှန်

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်သို့ သို့မဟုတ် အဏုမြူစွမ်းအင်ဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ အမှတ်(၁၂၃) နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း (၁၆-၁၂-၂၀၂၂) ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၆။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ ခွင့်ပြုလက်မှတ်ပါရှိသည့် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် ဝန်ကြီးဌာနမှတစ်ဆင့် ဝန်ကြီးရုံး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁) အဏုမြူစွမ်းအင်ဦးစီးဌာနသို့လိပ်မူ၍ (၁၆-၁၂-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၇။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက်၊ စာရွက်စာတမ်းမပြည့်စုံသည့် လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့်မကိုက်ညီသည့် လျှောက်လွှာများကို (လုံးဝ)ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၈။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် ရာထူးများအားလုံးအတွက် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းကို (၂၀-၁၂-၂၀၂၂) ရက်နေ့ နှင့် (၂၁-၁၂-၂၀၂၂)ရက်နေ့ တို့တွင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းကို အဏုမြူစွမ်းအင်ဦးစီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်၊ ကြော်ငြာသင်ပုန်းတွင်လည်းကောင်း၊ Website-www.daemyanmar.com တွင်လည်းကောင်း ကြေညာမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများကို (၁၉-၁၂-၂၀၂၂) ရက်နေ့တွင် အဏုမြူစွမ်းအင်ဦးစီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်နှင့် အဏုမြူစွမ်းအင်ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ အမှတ်(၁၂၃) နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တို့တွင် ရုံးချိန်အတွင်းထုတ်ပေးမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ ကာယကံရှင်ကိုယ်တိုင် လာရောက်ထုတ်ယူရမည် ဖြစ်ပါသည်။

၁၀။ ရာထူးအားလုံးအတွက် ရေးဖြေစာမေးပွဲစစ်ဆေးခြင်းနှင့် လူတွေ့နှင့်ကျွမ်းကျင်မှုစစ်ဆေးခြင်းကို ဖြေဆိုရမည့်နေရာနှင့် အချိန်စာရင်းကို ဖြေဆိုခွင့်ကဒ်ပြားထုတ်ယူသည့်နေ့တွင် အသိပေး အကြောင်းကြားမည်ဖြစ်ပါသည်။

၁၁။ အသေးစိတ်အချက်အလက်များကို ရုံးအမှတ်(၂၁)၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာန(နေပြည်တော်) တယ်လီဖုန်းနံပါတ်- ၀၆၇-၃၄၀၄၀၁၆ နှင့် အဏုမြူစွမ်းအင်ဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ အမှတ်(၁၂၃) နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ တယ်လီဖုန်း နံပါတ်- ၀၁-၉၅၄၆၂၆၁ တို့တွင် လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနှင့်ဖြစ်စေ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**အဏုမြူစွမ်းအင်ဦးစီးဌာန**

## ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ မြို့နယ်သမဝါယမအသင်းစုလီမိတက်၊
## လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ရွှေကူမြို့နယ်၊ မြို့နယ်သမဝါယမအသင်းစုပိုင် နှစ်ထပ်ရုံးအဆောက်အအုံ ကိုးပေလေးခန်း ပတ်လည်နှင့် မြေကွက်အကျယ်(ဒသမ ၁၇၀၈ဧက)အား လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

**လေလံလျှောက်လွှာရောင်းချမည့်ရက်** - ၃-၁၁-၂၀၂၂ ရက်မှ ၂၉-၁၁-၂၀၂၂ ရက်အထိ
**လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက်** - ၂၉-၁၁-၂၀၂၂ ရက်၊ ၁၆:၀၀ နာရီ
**လေလံလျှောက်လွှာရောင်းချမည့်နေရာ** - မြို့နယ်သမဝါယမအသင်းစုလီမိတက်၊ မိုးညှင်းမြို့။

၂။ အာမခံစပေါ်ငွေပေးသွင်းထားသည့် အထောက်အထားမူရင်းအား သက်ဆိုင်ရာ လေလံတင် ထုခွဲရောင်းချရေးအဖွဲ့/အသင်းအမှုဆောင်အဖွဲ့ထံ သီးခြားအပ်နှံရမည်ဖြစ်ပြီး လေလံဈေးနှုန်း တင်သွင်းလွှာလျှောက်လွှာများကို အာမခံစပေါ်ငွေပေးသွင်းထားသည့် အထောက်အထားမိတ္တူနှင့်အတူ လေလံပိတ်သိမ်းမည့် ၂၉-၁၁-၂၀၂၂ ရက်၊ ၁၆:၀၀ နာရီနောက်ဆုံးထား၍ ရွှေကူမြို့နယ် သမဝါယမအသင်းစုလီမိတက်ရုံးသို့ နောက်ဆုံးထား ပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ရက်၊ သတ်မှတ်အချိန်ထက် နောက်ကျတင်သွင်းလာသော ဈေးနှုန်းတင်သွင်းလွှာလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ လေလံလျှောက်လွှာပိတ်သိမ်းပြီးသည့် နောက်နေ့ ၃၀-၁၁-၂၀၂၂ ရက်၊ ၁၀:၀၀ နာရီတွင် လေလံဖွင့်လှစ်ရောင်းချခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း - ၀၉ - ၄၀၀၀၂၈၃၉၁၊ ၀၉ -၄၂၀၄၁၁၉၆၇၊ ၀၉ - ၄၀၀၄၂၀၂၉၅

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**

## ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မြို့နယ်သမဝါယမအသင်းစုလီမိတက်၊
## လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ မိုးညှင်းမြို့နယ်၊ မြို့နယ်သမဝါယမအသင်းစုပိုင်၊ မိုးညှင်းမြို့၊ ကားကြီးဝင်းဆိုင်ခန်းအမှတ် A – 19 ၊ A – 20 (၁၆ ပေ x ၄၀ ပေ) RC နှစ်ထပ်အား လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

**လေလံလျှောက်လွှာရောင်းချမည့်ရက်** - ၃-၁၁-၂၀၂၂ ရက်မှ ၂၉-၁၁-၂၀၂၂ ရက်အထိ
**လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက်** - ၂၉-၁၁-၂၀၂၂ ရက်၊ ၁၆:၀၀ နာရီ
**လေလံလျှောက်လွှာရောင်းချမည့်နေရာ** - မြို့နယ်သမဝါယမအသင်းစုလီမိတက်၊ မိုးညှင်းမြို့။

၂။ အာမခံစပေါ်ငွေပေးသွင်းထားသည့် အထောက်အထားမူရင်းအား သက်ဆိုင်ရာ လေလံတင် ထုခွဲရောင်းချရေးအဖွဲ့/ အသင်းအမှုဆောင်အဖွဲ့ထံ သီးခြားအပ်နှံရမည်ဖြစ်ပြီး လေလံဈေးနှုန်း တင်သွင်းလွှာလျှောက်လွှာများကို အာမခံစပေါ်ငွေပေးသွင်းထားသည့် အထောက်အထားမိတ္တူနှင့်အတူ လေလံပိတ်သိမ်းမည့် ၂၉-၁၁-၂၀၂၂ ရက်၊ ၁၆:၀၀ နာရီ နောက်ဆုံးထား၍ မိုးညှင်းမြို့နယ် သမဝါယမအသင်းစုလီမိတက်ရုံးသို့ နောက်ဆုံးထား ပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ရက်၊ သတ်မှတ်အချိန်ထက် နောက်ကျတင်သွင်းလာသော ဈေးနှုန်းတင်သွင်းလွှာလျှောက်လွှာများကို ထည့်သွင်း စဉ်းစားမည် မဟုတ်ပါ။

၃။ လေလံလျှောက်လွှာပိတ်သိမ်းပြီးသည့် နောက်နေ့ ၃၀-၁၁-၂၀၂၂ ရက်၊ ၁၀:၀၀ နာရီတွင် လေလံဖွင့်လှစ်ရောင်းချခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၀၇၄-၂၅၆၀၁၁၁၊ ၀၉-၂၅၆၄၉၅၄၇၇

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**

## ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ မြို့နယ်သမဝါယမအသင်းစုလီမိတက်၊
## လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ မိုးကောင်းမြို့နယ်၊ မြို့နယ်သမဝါယမအသင်းစုပိုင်မြေ ၀ ဒသမ ၀၈၁ ဧက/ (36'x 98 1/2')၊ အဆောက်အအုံ (36'-93 1/2') အခန်းအား လေလံစနစ်ဖြင့် ရောင်းချမည် ဖြစ်ပါသည်။

**လေလံလျှောက်လွှာရောင်းချမည့်ရက်** - ၃-၁၁-၂၀၂၂ ရက်မှ ၂၉-၁၁-၂၀၂၂ ရက်အထိ
**လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက်** - ၂၉-၁၁-၂၀၂၂ ရက်၊ ၁၆:၀၀ နာရီ
**လေလံလျှောက်လွှာရောင်းချမည့်နေရာ** - မြို့နယ်သမဝါယမအသင်းစုလီမိတက်၊ မိုးညှင်းမြို့။

၂။ အာမခံစပေါ်ငွေပေးသွင်းထားသည့် အထောက်အထားမူရင်းအား သက်ဆိုင်ရာ လေလံတင်ထုခွဲရောင်းချရေးအဖွဲ့/ အသင်းအမှုဆောင်အဖွဲ့ထံ သီးခြားအပ်နှံရမည်ဖြစ်ပြီး လေလံဈေးနှုန်း တင်သွင်းလွှာလျှောက်လွှာများကို အာမခံစပေါ်ငွေပေးသွင်းထားသည့် အထောက်အထားမိတ္တူနှင့်အတူ လေလံပိတ်သိမ်းမည့် ၂၉-၁၁-၂၀၂၂ ရက်၊ ၁၆:၀၀ နာရီနောက်ဆုံးထား၍ မိုးကောင်းမြို့နယ် သမဝါယမအသင်းစုလီမိတက်ရုံးသို့ နောက်ဆုံးထားပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ရက်၊ သတ်မှတ်အချိန်ထက် နောက်ကျတင်သွင်းလာသော ဈေးနှုန်းတင်သွင်းလွှာလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ လေလံလျှောက်လွှာပိတ်သိမ်းပြီးသည့် နောက်နေ့ ၃၀-၁၁-၂၀၂၂ ရက်၊ ၁၀:၀၀ နာရီတွင် လေလံဖွင့်လှစ်ရောင်းချခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း - ၀၉-၆၈၈၁၈၄၄၀၀၊ ၀၉ - ၂၅၆၂၅၀၅၄၅

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**

## ဦးခင်မောင်ဦး(ခ)ဦးအန္တဝါ ၁၂/ဗဟန(နိုင်)၀၉၀၁၂၇ နှင့် အများသိစေရန်

ကျွန်ုပ်မိတ်ဆွေ ဦးဆော်ယောတ်အိစ္စလာမ် ၁၂/ပဇတ(နိုင်)၀၃၈၁၁၈ ၏ လွှဲအပ်ညွှန်ကြားချက်အရအောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေဦးဆော်ယောတ်အိစ္စလာမ်၊ ဦးခင်မောင်ဦး(ခ)ဦးအန္တဝါနှင့် ဦးတင်စိုး ၁၂/ဗတထ(နိုင်)၀၄၅၉၆၂တို့သည် ခင်မင်ရင်းနှီးသော မိတ်ဆွေများဖြစ်၍ ဦးခင်မောင်ဦး(ခ) ဦးအန္တဝါ လုပ်ငန်းအသုံးပြုရန်ငွေကြေးလိုအပ်သည့်အခါ ဦးတင်စိုးနှင့် ကျွန်ုပ်မိတ်ဆွေတို့မှ ဦးခင်မောင်ဦး(ခ)ဦးအန္တဝါအား ကူညီလေ့ရှိကြပါသည်။

လွန်ခဲ့သော ၂၄-၆-၂၀၁၉ရက်က ဦးခင်မောင်ဦး(ခ)ဦးအန္တဝါမှဦးတင်စိုးထံမှငွေကျပ် ၆၀၇၆၀၀၀၀/-(ကျပ်ခြောက်ရာခုနှစ်သိန်းခြောက်သောင်း) အား တစ်လလျှင် အတိုး ၂၃၀၀၀၀/-(ကျပ်နှစ်ဆယ့်သုံးသိန်း)နှုန်းဖြင့် ချေးယူခဲ့ပြီး ပြန်လည်ပေးဆပ်ခြင်းမရှိသည့်အပေါ်တွင် ဦးတင်စိုးမှ ၂၁-၁၀-၂၀၂၂ရက်စွဲပါ အကြောင်းကြားစာအား ကျွန်ုပ်မိတ်ဆွေနှင့်ဦးခင်မောင်ဦး(ခ)ဦးအန္တဝါ နှစ်ဦးထံသို့ လိပ်မူပေးပို့ခဲ့ပါသည်။

အဆိုပါ ဦးတင်စိုး အကြောင်းကြားစာပေးပို့တောင်းခံသော ငွေကြေးသည် ဦးခင်မောင်ဦး(ခ)ဦးအန္တဝါတစ်ဦးတည်းသာ ရယူသုံးစွဲခဲ့ခြင်းဖြစ်၍ အဆိုပါငွေကြေးနှင့် လုံးဝသက်ဆိုင် ပတ်သက်ခြင်းမရှိသူ ကျွန်ုပ်မိတ်ဆွေအနေဖြင့် များစွာဂုဏ်သိက္ခာကျဆင်းနေပါသည်။

ထို့အပြင် ဦးခင်မောင်ဦး(ခ)ဦးအန္တဝါအနေဖြင့် ကျွန်ုပ်မိတ်ဆွေဦးဆော်ယောတ်အိစ္စလာမ်နှင့်အပေါင်းအသင်းများထံမှ ရယူသွားသော ငွေကြေးများနှင့်စပ်လျဉ်း၍ ကျွန်ုပ်မိတ်ဆွေထံတွင် အထောက်အထား၊ စာရင်းအင်းများပြည့်စုံစွာရှိနေပြီး အဆိုပါငွေကြေးများနှင့် စပ်လျဉ်း၍လည်း ဦးခင်မောင်ဦး(ခ)ဦးအန္တဝါမှ လာရောက် ဖြေရှင်းရှင်းလင်းပေးရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ယနေ့ကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကျွန်ုပ်မိတ်ဆွေနှင့် လုံးဝသက်ဆိုင်ခြင်း မရှိသည့် ဦးတင်စိုး၏ငွေကြေးကိစ္စများကိုသော်လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေနှင့် ၎င်းအပေါင်းအသင်းများထံမှ ကျွန်ုပ်မိတ်ဆွေအမည်အား အသုံးပြု၍ ရယူသွားသော ငွေကြေးကိစ္စများကိုသော်လည်းကောင်း၊ ဦးခင်မောင်ဦး(ခ)ဦးအန္တဝါသော်လည်းကောင်း၊ ၎င်းနှင့် သက်ဆိုင်သော ပတ်သက်ဆက်နွှယ်သူများသော်လည်းကောင်း လာရောက်ဖြေရှင်း ရှင်းလင်းပေးရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေလင်းအောင် (အထက်တန်းရှေ့နေ )**
**စဉ်-၂၆၆၇၃/၀၇**
**အခန်း E-14 ၊ အမှတ် (၅၀)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၀၀၇၄၆၇၉**

## အမည်မှန်

ဦးမယံလမ်ယောဟန်၏သား မြစ်ကြီးနားမြို့၊ လေ့ကျင့်ရေး အလယ်တန်းကျောင်း၊ Grade-3(B)မှ မောင်မယန်လမ်လတ်လွန်းဆားရ်၏ အမည်မှန်မှာ မောင်မယံလမ်လတ်လွန်းဆားရ် ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အလက လယ်ကုန်း(၄)၊ အဋ္ဌမတန်းမှ မအယ်လီစဗက်၏ ဖခင်အမည်မှန်မှာ ဦးဂဲတီဂူ ၁/မကန(နိုင်)၀၉၀၈၆၇ ဖြစ်ပါသည်။

## အမည်ပြောင်း

လှိုင်သာယာမြို့နယ်၊ အမှတ်(၄) ရပ်ကွက်၊ FMI City၊ ရွှေစံပယ်လမ်း၊ အမှတ် 1-C နေ ဦးဝင်းဇော်ထွန်း၏သမီး BRIGHT TUN ကိုယ်ပိုင်အထက်တန်းကျောင်း G-5မှ မဆုပြည့်သဒ္ဒါအား မမေသွန်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

**မမေသွန်းထက်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်66W/27607 New Zhineng Smash M/C အား စစ်တွေမြို့၊ အောင်တိုင်ကျေးရွာနေ ဦးထွန်းနိုင်မင်းက (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7D/3691 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ပျောက်ဆုံးကြောင်း

ကျွန်မ မစုစုမွန် ၅/မကန(နိုင်)၀၆၇၉၃၈ ၏ နိုင်ငံကူးလက်မှတ်အမှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၂၆၈၄၇၈၈**

## ဖခင်အမည်မှန်

တောင်သာမြို့၊ ကောင်းပြည့်ကျော်-ကပက Grade-11 စနစ်သစ်မှ မနေနွယ်တိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်း ၉/တသန(နိုင်)၁၂၇၃၆၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်သာမြို့၊ ထခွဲ သာစည်(၇) Grade-9 မှ မောင်နိုင်မင်းလတ်၏ ဖခင်အမည်မှန်မှာ ဦးရဲမြင့် ၉/တသန(နိုင်)၁၆၇၈၉၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်သာမြို့၊ အလက-သာယာမြိုင် Grade-7မှ မအေးပုလဲခင်နှင့် Grade-3မှ မလှအိဖြူတို့၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ကျော် ၉/တသန(နိုင်)၀၁၀၂၀၃ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 78W/31447 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7D/4067 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်**

**ကျွန်တော်နဲ့တွေ့ဆုံဆွေးနွေးခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ဒုတိယအကျော့ ထပ်မံဆွေးနွေးပါမယ်။ တစ်ချိန်တည်းမှာပဲ မဆွေးနွေးရသေးတဲ့ EAO များကိုလည်း ကျွန်တော် ထပ်မံဖိတ်ခေါ်ပါတယ်။ မိမိဒေသ၊ မိမိလူမျိုးကို တကယ်ကောင်းကျိုးဆောင်ဖို့ လိုလားတယ်ဆိုရင် ဆွေးနွေးပါ။ တောင်းဆိုပါ။ တရားဝင်နိုင်ငံရေး စင်မြင့်ကို တက်လှမ်းကြဖို့ ကျွန်တော်ပြောလိုပါတယ်။ ဒါတွေဆောင်ရွက်ဖို့ ကျွန်တော်တို့ တံခါးကျယ်ကျယ် ဖွင့်ထားပါတယ်။ ရဲရဲသာ လျှောက်လှမ်းခဲ့ကြပါလို့ ကျွန်တော် ပြောလိုပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ (၁၈ လ) ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၁-၈-၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## တန်ဆောင်မုန်းလဆန်း အဖိတ်နေ့တွင် ရဋ္ဌနန္ဒက ဆင်ဖြူတော်လေး အပါအဝင် အခြားဆင်ဖြူတော်များနှင့် အဖော်ဆင်များအား အစာလာရောက်ကျွေးမွေးကြသူများဖြင့် စည်ကားများပြား

နေပြည်တော် နိုဝင်ဘာ ၆

မြန်မာ့ယဉ်ကျေးမှု ဓလေ့နှင့် မြန်မာတို့၏ စိတ်ရင်းကို ဖော်ညွှန်းပြသနေသည့် မြန်မာ့ဆယ်နှစ်လရာသီ ပွဲတော်များအနက် တန်ဆောင်းတိုင်ပွဲတော်တွင် မြန်မာတို့၏ အလှူသဒ္ဓါ တရားထက်သန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှုတို့ကို အထင်အရှားမြင်တွေ့ရသည့် ပွဲတော်တစ်ခုဖြစ်သည်။

ထိုသို့ အနှစ်သာရပြည့်ဝစွာ ဆင်ယင်ကျင်းပသော ရာသီပွဲတော်ဖြစ်သည့် တန်ဆောင်မုန်းလဆန်း အဖိတ်နေ့ ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီပုထိုးများ၌ ကုသိုလ်ပြုကြသူများ၊ အလှူဒါနပြု ကြသူများဖြင့် စည်ကား သိုက်မြိုက်လျက်ရှိသည့်



အပြင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ ဆင်ဖြူတော်ဆောင်တွင် အောက်တိုဘာ ၃၀ ရက်က ဘွဲ့နာမံတော် အမည်ပေး ကင်ပွန်းတပ်နှင့် အဆောင်တော်တက် မင်္ဂလာပြုလုပ်ထားသည့် ရဋ္ဌနန္ဒက (ရဋ္ဌ= တိုင်းပြည်၊ နိုင်ငံ။ နန္ဒက = ချစ်ခင်မြတ်နိုးခြင်း၊

စာမျက်နှာ ၉ ကော်လံ ၅ ❑



နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ ဆင်ဖြူတော်ဆောင်တွင် ရဋ္ဌနန္ဒက ဆင်ဖြူတော်လေးနှင့် အခြားဆင်ဖြူတော်များနှင့် အဖော်ဆင်များအား အစာလာရောက် ကျွေးမွေးကြသူများကို တွေ့ရစဉ်။

## တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလ အခါတော်နေ့)တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အနီးရှိ တပေါင်းကွင်းနှင့် ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင်တို့၌ မီးရှူးမီးပန်းများ ပစ်ဖောက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာချက်

နေပြည်တော် နိုဝင်ဘာ ၆

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလ အခါတော်နေ့)၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အနီးရှိ တပေါင်းကွင်းနှင့် ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင်တို့၌ ည ၇ နာရီမှစ၍ မီးရှူးမီးပန်းများအား ပစ်ဖောက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ မီးရှူးမီးပန်းပစ်ဖောက်မှုများကို အများပြည်သူများအနေဖြင့် လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်


ယနေ့ သတင်းအညွှန်း

တောင်ကိုရီးယား မိုင်းတွင်းလုပ်သားနှစ်ဦးကို ကိုးရက်ကြာပိတ်မိပြီးနောက် ကယ်တင်နိုင်ခဲ့ စာ ၁၂

ကမ္ဘာလုံးဆိုင်ရာ ငွေကြေးဖောင်းပွမှု အလားအလာ စာ ၁၄


## တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများ၌ တန်ဆောင်မုန်းလဆန်းအဖိတ်နေ့စည်ကားများပြား

နေပြည်တော် နိုဝင်ဘာ ၆

မြန်မာ့ရိုးရာ ၁၂ လရာသီပွဲတော်များအနက် တန်ဆောင်မုန်းလသည် တစ်မူထူးခြားသည့် လတစ်လဖြစ်ပြီး တန်ဆောင်မုန်းလတွင် တန်ဆောင်တိုင် မီးထွန်းပွဲတော်၊ ကထိန်သင်္ကန်းအလှူပွဲတော်၊ မသိုးသင်္ကန်းရက်လုပ် ပူဇော်ပွဲ၊ ကျီးမနိုးပွဲတော်၊ သာမညဖလ အခါတော်နေ့ပွဲတော်တို့ကို ကျင်းပလေ့ရှိသည်။

ထိုသို့ အနှစ်သာရပြည့်ဝစွာ ဆင်ယင်ကျင်းပသော ရာသီပွဲတော်ဖြစ်သည့်အတွက် တန်ဆောင်မုန်းလဆန်းအဖိတ်နေ့အဖြစ် ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီပုထိုးများ၌ စည်ကားများပြားလျက်ရှိရာ နေပြည်တော်ရှိ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရားများတွင် ကုသိုလ်ပြုကြသူများဖြင့် စည်ကားလျက်ရှိကြသလိုတိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်များရှိ ဘုရားကျောင်းကန်အသီးသီးနှင့် ဘုန်းတော်ကြီးကျောင်းများတွင်လည်း

စာမျက်နှာ ၁၁ ကော်လံ ၁ ❖



ချောင်းသာကမ်းခြေ၌ လာရောက်အပန်းဖြေသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။